www.burmeseclassic.com

# ကိုပိုက်

## မီးလောင်ကုန်းရှာသူ

BURMESE CLASSIC .com




www.burmeseclassic.com

www.burmeseclassic.com

## ပန်အောင်စာအုပ်တိုက်မှထုတ်ဝေပြီးစာအုပ်များ

| | |
|---|---|
| ၂၅။ မောင်ပေါ်ထွန်း | မျိုးဆက်သွေး (ဒုတိယအကြိမ်)<br>စာမူခွင့်ပြု-၂၅၄/၂၀၀၂ (၃) |
| ၂၆။ မောင်ပေါ်ထွန်း | ရန်ကုန်သား ကျားဘမ်းသူဌေးကြီး၏<br>စွန့်စားခန်းများ<br>စာမူခွင့်ပြု-၆၂၄/၂၀၀၂ (၇) |
| ၂၇။ မောင်ဝံသ | ရွှေနေကြီးပယ်ရီမေဆင်နှင့် ခွေးအူသံအမှု<br>(ဒုတိယအကြိမ်)<br>စာမူခွင့်ပြု-၁၀၁၉/၂၀၀၂ (၁၀) |
| ၂၈။ ကာတွန်းငိုဇမ် | တီထွင်ဖန်တီးကာတွန်းရေးဆွဲနည်း<br>စာမူခွင့်ပြု-၁၃၀၂/၂၀၀၂ (၁၂) |
| ၂၉။ ကြပ်ကလေး | မမှားတဲ့ဖိတ်စာ (ဒုတိယအကြိမ်)<br>စာမူခွင့်ပြု- ၅၅၅/၂၀၀၃ (၅) |
| ၃၀။ ကိုပိုက် | ဦညာဉ်ကလဲ့စား<br>စာမူခွင့်ပြု-၇၈၂/၂၀၀၂ (၆) |
| ၃၁။ မောင်ချစ်(မန်းတက္ကသိုလ်) | နည်းနည်းပြောမယ်<br>စာမူခွင့်ပြု-၈၅၀/၂၀၀၃ (၆) |
| ၃၂။ မင်းလူ | အများနှင့်မသက်ဆိုင်သောသူ<br>စာမူခွင့်ပြု-၁၂၅၈/၂၀၀၃ (၉) |
| ၃၃။ မောင်ကိုယု | တကယ့်ရွှေနေ<br>စာမူခွင့်ပြု-၁၁၇၄/၂၀၀၃ (၁၁) |

## ယခု

| | |
|---|---|
| ၃၄။ ကိုပိုက် | မီးလောင်တုန်းရှာသူ<br>စာမူခွင့်ပြု-၁၄၇၅/၂၀၀၃ (၁၀) |

## ဆက်လက်ထုတ်ဝေမည့်စာအုပ်များ

| | |
|---|---|
| ၃၅။ မောင်ဝံသ | ရွှေနေကြီးပယ်ရီမေဆင်နှင့်<br>အစားထိုးမျက်နှာအမှု<br>စာမူခွင့်ပြု-၁၄၇၆/၂၀၀၃ (၁၀) |
| ၃၆။ ဝင်းပ | ပီကာဆို- စာမူခွင့်ပြု-၇၂၃/၂၀၀၃ (၈) |

www.burmeseclassic.com

www.burmeseclassic.com

# ကိုပိုက်

မီးလောင်ကုန်းရွာသူ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

မွေးမေ
မွေးဖေ
သင်ဆရာ၊မြင်ဆရာ၊ကြားဆရာ ဖြစ်သည့်
ဆရာသော်တာဆွေအား
ဤစာစုဖြင့်
ဂါရဝပြုပါသည်။

ကိုပိုက်
(၂၀၀၃)



www.burmeseclassic.com

www.burmeseclassic.com

# "မီးလောင်ကုန်းရွာသူ"

ပဲခူးရိုးမ တောင်ခြေရှိ "မီးလောင်ကုန်း" ကျေးရွာကလေး၏ အစပ်တွင်ရှိ တောင်ယာခင်းလေးတစ်ခုတွင် မိသားစုတစ်စု အေးချမ်းစွာ တောင်ယာ လုပ်ကိုင်စားနေကြ၏။

မိသားစုဆိုပြီး အမေရယ်၊ အဖေရယ်၊ သားနှစ်ယောက် သမီး တစ်ယောက်သာ ရှိချေ၏။

မီးလောင်ကုန်းရွာ စတည်ကတည်းက သူတို့မိသားစု ရှိနေကြခြင်း ဖြစ်၏။

ထိုစဉ်အချိန်က ထိုရွာကို အုပ်ချုပ်သူမှာ သူကြီး ဦးစိန်ထွား ဖြစ်သည်။ ရေခံမြေခံ ကောင်းသော ရွာကလေး ဖြစ်သည်။ အနားပတ်ဝန်းကျင်ရှိ ရွာသိမ်ရွာငယ်များသည် "မီးလောင်ကုန်း" လောက် ရေခံမြေခံ မကောင်းချေ။ သို့ဖြစ်၍ "မီးလောင်ကုန်း" ရွာကို သဘောကျကြ၏။ ထွန်ယက်စိုက်ပျိုးလို့ ကောင်း၏။ မီးလောင်ကုန်းရွာ တပိုင် တောတောင်



www.burmeseclassic.com

www.burmeseclassic.com



အတွင်း သဘာဝချောင်း၊ မြောင်၊ အိုင်တို့၌ ငါးတို့ဖမ်းမကုန် စားမကုန် ရှိကြ၏။ လူဦးရေနှင့် ရွာတပိုင်မြေသည် လိုက်ဖက်ညီခြင်းတော့ မရှိပါချေ။

မြေကျယ်ကာ လူဦးရေ နည်းလွန်းလှ၏။ သို့ပေမင့် နောင်လာမယ့် အနာဂတ်အတွက် နှစ် ၁၀၀ တိုင် စားမကုန် သောက်မကုန် ရိက္ခာ လုံလောက်နိုင်၏။ လက်ရှိထက် လူဦးရေ တိုးပွားလာဦးတော့ မူစရာ မလိုချေ။

ရွာသူကြီးသည် ဉာဏ်အမြော်အမြင် ကြီးသူဖြစ်၏။ သူ့ ရွာသူ ရွာသားတွေအပေါ် ကျောသားရင်သား မခွဲခြားပေ။

တသီးတသန့် သူ့ရွာကလေးနှင့် သူ့လူတွေ အေးချမ်းစွာ နေထိုင်စားသောက်နေနိုင်၏။

ရွာလူတို့သည်လည်း အုပ်ချုပ်သူ သူကြီး၏ စည်းစနစ်ကြောင့် သိတတ် နားလည်ကြ၏။ ဆိုပါစို့-

တောင်ယာ လုပ်ကြသည်တွင် ကိုယ့်တနိုင်သာ လုပ်ကြ၏။ ကိုယ့်တနိုင်မြေကိုသာ ယူ၍ လုပ်ကိုင်ကြ၏။

ငါးဖမ်းစားသူတို့ ဆိုပါကလည်း ကိုယ်စားလောက်ရုံ ဖမ်းယူစားသောက်ကြ၏။ သည်တော့ အလေအလွင့်မရှိ။ ငါးမျိုး မသုန်းပါချေ။ ရှေးလူတို့သည် ရှေ့ရေးကို တွေးတတ်ကြ၏။ ပူပင်တတ်ကြ၏။ သည်ဘဝအတွက်ပင် မဟုတ် မသေချာ မရေရာသော ရှေ့ဘဝအတွက်ပင် မျှော်ကိုးတွက်ဆတတ်ကြတော့၏။

ထိုရွာသားတို့ ထိုအသိရှိခြင်းသည် အုပ်ချုပ်သူ ရွာသူကြီး ဆုံးမ စိန့်ထွားကြောင့် ဖြစ်ချေ၏။ သို့ဆိုရပေပြား-

ရွာအစပ် တောင်ယာခင်းလေးတွင် အေးအေးဆေးမှ လုပ်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



စားသောက်နေထိုင်ကြသည့် မိသားစုလေးတွင် မမျှော်လင့်ဘဲ ကံကြမ္မာဆိုး တစ်ခု ကျရောက်ခဲ့သည့်နေ့မှစ၍ ထိုရွာကလေးသည် အပြောင်းလဲကြီး ပြောင်းလဲခဲ့ရတော့၏။

မိခင်ကဖြစ်သူက သမီးငယ်ကို ခေါ်၍ ရွာထဲသွား၊ ဖခင်ဖြစ်သူ သည် တောင်ယာထဲတွင် လုပ်ငန်းခွင်ဝင်။

နေအိမ်တဲလေးတွင် အသက်အားဖြင့် (၁၂)နှစ် နှင့် ခြောက်နှစ် အရွယ်ရှိ သားယောကျ်ားလေး နှစ်ယောက် ကျန်ရစ်ခဲ့၏။

အကြီးကောင် ဖြစ်သည့် (၁၂)နှစ်သားသည် အမေ မှာထားခဲ့ သည့်အတိုင်း ထမင်းအိုး တည်နေ၏။ ၆နှစ်သားအရွယ် အငယ်ကောင် သည် အိပ်နေဆဲ ဖြစ်၏။

ထိုစဉ် ဝါးကြမ်းခင်း လှုပ်သွားသည်ကြောင့် အငယ်ကောင်သည် လန့်နိုးလာတော့၏။

"အား"

အငယ်ကောင်သည် မျက်လုံးဖွင့်လိုက်သည်နှင့် အင်မတန်မှ ထွားကျိုင်းသော ဝံကောင်ကြီးကို မြင်လိုက်သည်နှင့် လန့်ဖျပ်သွားတော့ ၏။

ဘယ်က ဘယ်လို ရောက်လာပါလိမ့်။ မြန်လိုက်သည်ဖြစ်ခြင်း။ သူ့ထံသို့ ကုန်းကုန်းကွကွဖြင့် တိုးကပ်လာကာ ကြက်ကလေး ငှက်ကလေး လို သူ့အား ပုတ်ခတ် တိုက်ခိုက် ကုတ်ဖဲ့လေတော့၏။

"ဂါး... ဂရား... ဂါး"

"အား... အား..."

ဝံကောင်သည် အရိုင်းအစိုင်းကောင် ဖြစ်သည်ကြောင့် ရဲရွာ ရမှန်း၊ သနားရမှန်း မသိပါချေ။ ကလေးငယ်သာ ဖြစ်သည်ကြောင့်သာခဏ



www.burmeseclassic.com

www.burmeseclassic.com



ချင်းမှာပင် လက်တခြား ပေါင်တခြား တစ်စစီ ဖြစ်သွားတော့၏။ တဲ ကြမ်းပြင်တွင် သွေးတို့ အိုင်ထွန်းသွားတော့၏။

တဲပေါ်မှ လှုပ်လှုပ်ခတ်ခတ် ဂုန်းဂုန်း ဒိုင်းဒိုင်း အသံကြောင့် ထမင်းအိုး တည်နေသော အကြီးကောင်သည် တဲသို့ လှမ်းကြည့်လိုက် သည်တွင် မမျှော်လင့်သော မြင်ကွင်းကြောင့် ထိတ်လန့်သွားတော့၏။

ခြေလက်တခြား၊ ခေါင်းတခြား၊ ကိုယ်တခြား ဖြစ်သွားရရှာ သော ညီလေး၏ အဖြစ်ကို မြင်သွားရသည်နှင့် ဒေါသထွက်သွားရတော့ ၏။ လူပင် ငယ်သော်ငြား သတ္တိတော့ဖြင့် မသေးပါချေ။ ထင်းမီးဖိုမှ ထင်းချောင်းစကို ယူ၍ တဲဘက် ပြေးလွှားသွားကာ ထိုဝံကောင်ကြီးကို ထင်းမီးစဖြင့် ပစ်ခတ်လိုက်လေတော့၏။

"ဂါး... ဂရား... ဝူး... ဂရူး"

ဝံကောင်ကြီးသည် အလစ်အငိုက် ထင်းမီးစဖြင့် ပစ်ပေါက်ခံ လိုက်ရသည်ကြောင့် ရုတ်တရက်မို့ လန့်ဖျပ်သွားကာ ထအော်လိုက်ရင်း သူ့ရန်သူကို ကြည့်လိုက်၏။

ပြီးနောက် သူ့ရန်သူအား ဒေါသတကြီး ဝင်ရောက်တိုက်ခိုက် လေတော့၏။

အကြီးကောင်သည် အငယ်ကောင်ထက် အသိ ပိုရှိသည်ကြောင့် အင်အားချင်း မမျှသော ဝံကောင်ကြီးကို ခုခံတိုက်ခိုက်ခြင်း မပြုလေဘဲ ဖနောင့်နှင့်တင်ပါး တသားတည်းကျအောင် တောင်ယာခင်းရှိရာဘက်သို့ ပြေးလွှားသွားလေတော့၏။ တောင်ယာခင်းတွင် သူ့အဖေရှိသည် မဟုတ် ပါကလား။ ဝံကောင်သည် အလွတ်မပေး၊ သူ့နောက်မှ ကဆင်ပေါက် ပြေးလွှားလိုက်သွားတော့၏။

"အပါး... အပါး... အပါး"



www.burmeseclassic.com

www.burmeseclassic.com



ငယ်သံပါအောင် ကြောက်လန့်တကြား အော်ဟစ်ပြေးလွှားလာသည့် သားဖြစ်သူကို မြင်လိုက်သည်နှင့် ဖခင်ဖြစ်သူသည် ရင်ထိတ်သွားတော့၏။

သူ့သားကြီးနောက်မှ ကပ်လိုက်ပါလာသည့် အန္တရာယ်ကောင်ကို ပြေးလွှားဟန့်တားဖို့ရာ အရိုးရှည်ပေါက်တူးကို ကိုင်၍ပြေးလွှားသွားလိုက်၏။ သူ အမျှားကြီး နောက်ကျသွားချေပြီ ဖြစ်၏။

"ဟာ!"

အားသွန်ခွန်စိုက် ပြေးလွှားလာသော သားကြီးသည် မှောက်ချက် လဲကျသွား၏။ တပြိုင်နက်ဆိုသလို ဝံကောင်ကြီးသည် မှောက်ချက် လဲကျသွားသော သားကြီးကို လျှပ်တစ်ပြက် တိုက်ခိုက် ကုတ်ခြစ်ဆွဲဖဲ့လေတော့၏။

"အား... အပါး... အပါး"

"အပါး... အား..."

သို့ အော်ဟစ်ရင်း ငြိမ်ကျသွားတော့၏။

"ဟာ..."

ပြေးလွှားသွားနေရင်းကြားမှ ရင်နာစရာ မြင်ကွင်းကြောင့် ဖခင်ဖြစ်သူသည် ကြိတ်ခဲမရ ဖြစ်သွားကာ အပြေးနှုန်းကို ပိုမြှင့်လိုက်၏။ သားကြီးဖြစ်သူကို သဲကြီးမဲကြီး တစ်ဖက်သတ် တိုက်ခိုက်နေသည့် ဝံကောင်၏ ဦးခေါင်းကို လက်တွင်းရှိ ပေါက်တူးဖြင့် အနားရောက်သည်နှင့် လွှဲခုတ်လိုက်လေ၏။

"ဂါး.. ဂရူး"

"ဂါး... ဂရူး"

ပြေးလာရသော အရှိန်ကြောင့် အားအင် ယုတ်လျော့နေသည်



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သူ၏ ရိုက်ချက်သည် ထင်သလောက် မပြင်းထန်ချေ။

ဝံကောင်ကြီးသည် ဒေါသအမျက် ပိုထွက်လာကာ သူ့အား
ပြု တိုက်ခိုက်လာပြန်၏။

သူတပြန် ကိုယ်တပြန် တိုက်ခိုက်ကြ၏။

သူသည် မနိုင်မှန်းသိလျက် ခဲ ကာကွယ် တိုက်ခိုက်နေရတော့
၏။ တကယ်ဆိုလျှင် သူ ထွက်ပြေးလျှင် လွတ်ကောင်း လွတ်နိုင်၏
သို့ပေမင့် သားကြီး၏အဖြစ်ဆိုးကြောင့် သူ တစ်ကိုယ်ကောင်းဆန်
ထွက်မပြေးပါချေ။

ခွန်အားရှိသလောက် သားအတွက် ကလဲ့စား ချေလိုစိတ်သ
သူ့တွင် ရှိလေတော့၏။

သို့ပေမင့် သူ ဝံကောင်ကြီးကို အရှုံးပေးလိုက်ရတော့၏။
ရှုံးနိမ့်သွားသည်ဆိုတော့ သူ့အသက်ပင် ပေးဆပ်လိုက်ရပြီပေါ့...။

တစ်ချိန်တည်း တစ်ပြိုင်တည်းဆိုသလို သားအဖ သုံးယော
သည် အရိုင်းအစိုင်း ဝံကောင်ကြီး လက်ချက်ကြောင့် တစ်ချိန်တည်း တ
ပြိုင်တည်း သေဆုံးကြရရှာတော့၏။

ဤအဖြစ်မျိုး ဖြစ်လာကြလိမ့်မည်ဟု ထိုမိသားစုတွင် တစ်
တစ်ယောက်မျှ ကြိုတင်သိထားကြလိမ့်မည် မဟုတ်ချေ။

ဝံကောင်ကြီး သည် သူ့တစ်ကိုယ်လုံး သွေးများ ပေကျံလျ
ရှိနေရာမှ တောအုပ်အတွင်း ပြေးဝင်သွားလေတော့သည်။

တော်ပါသေးရဲ့... ထိုဖဆိုးကောင် ထွက်သွားပြီးလေမှ ခွာ
သွားနေသော သားအမိနှစ်ယောက် ပြန်ရောက်လာတော့၏။

"အမလေး"

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



သို့အဖြစ်မျိုး ဖြစ်လာနိုင်သည်ဟု လုံးဝ ထင်မထား။ ယခုလို သားငယ်၏ အသေဆိုး သေနေရပုံကို မြင်လိုက်ရသည့် မိခင်ဖြစ်သူအဖို့ အသည်းအူ ပြတ်ထွက်မတတ် ခံစားလိုက်ရတော့၏။ ရင်ဆို့သွားရ၏။ ထိတ်လန့်သွားတော့၏။

သုံးနှစ်အရွယ် ကလေးမလေးကို ခါးထစ်ခွင် ချီပိုးထားရာမှ မြေပေါ်သို့ အသာအယာ ချလိုက်ပြီး ကိုယ်လက်တခြားစီ ဖြစ်နေသော သားငယ်၏ ခန္ဓာကိုယ် အစိတ်အပိုင်းတို့ကို တစ်စစီ ကောက်ယူ စုစည်းလိုက်ပြီး အားပါးတရ ငိုကြွေးလိုက်ပြီး ပတ်ဝန်းကျင်ကို ကြည့်လိုက်၏။

သားကြီးကို သတိရသွားလေ၍ ဖြစ်တော့၏။

"ဟင်! သားကြီး... သားကြီး..."

မတွေ့ပါကလား၊ သို့ကြောင့် သူမသည် ရုတ်ခြည်း ထလိုက်ကာ တောင်ယာခင်းဘက်သို့ ပြေးထွက်ခဲ့တော့၏။

"ဝါး... ဝါး... ဝါး... ဝါး... အား"

မိခင်က သူမအား ထား ထွက်သွားလေသည်ကြောင့် ကလေးမသည် တစ်ယောက်တည်း ကျန်ရစ်ခဲ့လေသည်ကြောင့် အားပါးတရ ဟစ်ကြွေး ငိုရင်း မိခင် ပြေးလွှားထွက်ရာနောက်သို့ လိုက်သွားလေတော့သည်။

အေးဆေးစွာ နေလိုကြသည့် မိသားစုကမ္ဘာလေး ပျက်သုဉ်းသွားခြင်းပင်။ သူမအားကိုး ပြေးလာသည်မှာ လင်သားဖြစ်သူထံ ဖြစ်ငြား၊ လင်သားဖြစ်သူသည် သူမအား ကူညီနိုင်ဖို့ ဝေးစွ သူသည်ပင် ဇာမလွန်ဂဝမှ နေ၍ သူမကို ကြည့်ရင်း ဝမ်းနည်းပက်လက် ရှိနေပေလိမ့်မည်။

"ဟာ..."

"ဟာ..."

သားဖြစ်သူ အလောင်းနှင့် လင်သားဖြစ်သူ အလေးကို တစ်



www.burmeseclassic.com

www.burmeseclassic.com



လှည့်စီကြည့်ကာ ဝမ်းနည်းပက်လက် ဖြစ်သွားရပြန်၏။

"ဝါး... ဝါး... ဝါး.. အမေ... အမေ... ဝါး... အား"

သမီးငယ်လေး၏ ငိုကြွေးသံကြောင့်

"ဟင်... သမီးလေး" ဆိုကာ သူမကို ပွေ့ချီ၍ ရှိုက်ငင်ငိုကြွေးလိုက်ပြီး လှစ်ခနဲ ထိုနေရာလေးမှာ ရွာဘက်ဆီသို့ ပြေးလွှားသွားလေတော့၏။

သူအားကိုးတကြီး ပြေးလွှားသွားနေခြင်းသည် ရွာသူကြီးဦးစိန်ထွားအိမ်ဘက်သို့ ဖြစ်ပေတော့သည်။

"ဘာ... ဘာပြောတယ်"

သူကြီးတစ်သက် မကြားဘူးသော စကား၊ မကြုံဖူးသော အမှုဖြစ်သည်ကြောင့် လုံးဝအံ့ဩသွားသည်နှင့်အတူ ထိတ်လန့်တကြားလည်း ဖြစ်သွားမိတော့၏။ တခဏချင်းပင် ထိုသတင်းရွာထဲ ပြန့်သွားတော့၏။

ကံဆိုးမ သားအမိကို စုတ်တသတ်သတ် ဝိုင်းကြည့်ကြတော့၏။ သနားကရုဏာသက်နေကြတော့၏။

အယ့်သူလက်ချက်လည်း၊ ဘာကြောင့်လည်း မဖြစ်နိုင်တဲ့ကိစ္စကြီးဟုတွက်ကာ သူကြီးသည် ရွာထဲမှ အားကောင်းမောင်းသန် ယောကျ်ားလေးငါးယောက်ကိုခေါ်၍ သူမ၏ တောင်ယာခင်း ရှိရာသို့ ထွက်ခဲ့တော့၏။

"လုပ်ရက်လိုက်တာ... ရက်စက်လိုက်တာ" ဟုသာလျှင် သူကြီးပြောနိုင်၏။

"ဒါ... ဝံကောင် လက်ချက်ပေပဲ" ရယ်လို့ သူကြီးနှင့် ပါလာသော မုဆိုးကြီး "နားသန်" ကပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စ မင်းပဲ တာဝန်ယူစေချင်တယ်" ဟု သူကြီးက ပြောလိုက်၏။

"အေး... ငါတာဝန်ယူတယ်... နို့ပေမင့် ငါ့ကို ရိုင်ဖယ်ကျည်ဆန် သုံးတောင့်တော့ ရှာပေးရလိမ့်မယ်"

"စိတ်ချ "နားသန်" ရိုင်ဖယ် ကျည်သုံးတောင် မဟုတ်ဘူး။ ငါးတောင့် ပေးမယ်။ လူသက်တရားခံ ဝံကောင်ကြီးကို အသေဖမ်းမိလျှင်ဖြင့် ဆုငွေအဖြစ် ငွေသား ၇၀လည်း ပေးမကွာ"

မုဆိုးကြီးနားသန်သည် သူကြီးစကားကြောင့် အားတက်သရောဖြစ်သွားရတော့၏။

ထိုခေတ်အခါက ပုလိပ်တစ်ယောက်၏ လစာသည် တစ်ရာကျော်သာ ဖြစ်၏။ သူတို့၏ ကိုင်တွယ်ရသော သေနတ်သည် ရိုင်ဖယ်ဖြစ်၏။ မုဆိုးများသည် သူတို့ထံမှ သေနတ်ငှား၍ သို့မဟုတ် ပြည်သူ့စစ်ထံမှ ငှား၍ အမဲလိုက်တတ်ကြ၏။ ရိုင်ဖယ် ကျည်တစ်တောင့်ကို ငွေငါးကျပ်ဖြင့် ဝယ်ရ၏။ အောင်ဘာလေ သိန်းထီ၏ အနိမ့်ဆုံးဆုသည် ၇၀ဝိ/- ဖြစ်၏။ မည်သည့်အသားမဆို တစ်ပိသာ ၁၅ /- နှုန်း ရှိ၏။ သည်တော့ "နားသန်" တစ်ယောက် မက်လေသည်ပေါ့...။

"ဟဲ... ဟဲ... ရုပ်ကြွင်းတွေ စုပိုး ထုတ်ခဲ့ကြ... ရွာသုသာန်မှာ သင်္ဂြိုဟ်လိုက်..."

သည်သို့ဖြင့် သွေးစွန်းသေွှာ ရက်ကြီးသည် မီးလောင်ကုန်း ရွာကြီးတွင် အမှတ်တရ ဖြစ်ခဲ့တော့၏။ ရွာနီးချုပ်စပ်ဝင်မက ဥက္ကံမြို့ကြီးသို့ပင် ပြန့်သွားရတော့၏။

ထိုမှတဆင့် ရန်ကုန်မြို့ကြီးသို့ပင် ပြန့်လာလေတော့၏။

သို့ဆိုလေတော့ မြန်မာပြည် တန်တလျှား ပြန့်လေပြီပေါ့...



www.burmeseclassic.com

www.burmeseclassic.com



သတင်းလည်း ကားလေပြီပေါ့..."

"နွားကားကား" နှင့် ကလေးမွေးလာသည်ကို "နဂါး"လေး မွေးသည်၊ ဖားပြုပ်ကိုက်သည်ကို "တရုတ်" ရိုက်သည် ဆိုသကဲ့သို့ ဖြစ်ချေတော့၏။ သို့သော်-

မုဆိုးနွားသန်သည် ထိုဝံကောင်ကြီးကို တောနင်းရှာ မတွေ့သေးပါချေ။ သည်တော့ သူမတို့ သားအမိကိုပင် တည်ကြက် သဘော ထား၍ ထောင်ဖမ်းရန် သူကြီးက စီစဉ်လိုက်၏။

"ဘယ်လိုလဲ ဖိုးမူ နင်လုပ်ဝံ့သလား"

သူကြီးက သူ၏ အစီအစဉ်ကို ပြော၍ သူမကို မေးလိုက်၏။

"သိပ်လုပ်ဝံ့တာပေါ့ ဖထီရယ်... ငါ့ရဲ့ အိမ်ဦးနတ်နဲ့ သားနှစ်ယောက်ကို ရက်ရက်စက်စက် သတ်သွားတဲ့ လူသတ်ကောင်ကို ဖမ်းမိဖို့အတွက် ငါလုပ်မယ်၊ ငါသေလျှင် သေပါစေ၊ ငါ မကြောက်ဘူး၊ ဖြစ်နိုင်လျှင်ဖြင့် ငါ့လက်နဲ့ ပြန်သတ်ချင်တယ်"

သူကြီး လွန်မင်းစွာ သဘောကျသွားတော့၏။

သည်သို့ဖြင့်...

"ကူး"

"ကူး"

"ကူး"

သူမသည် အိပ်ရာမှ လူးလဲ ထလိုက်၏။

သူမနံဘေးတွင် ခွေခွေကလေး အိပ်နေသည့် သမီးလေးကိုကြည့်ပြီး စိတ်မကောင်း ဖြစ်သွားရ၏။

သူတို့သားအမိ "ငါး"စာဘဝ ရောက်နေရသည်ကို မသိရှာပါကလား။ အန္တရာယ်သည် အချိန်မရွေး ကျရောက်လာနိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့တဲလေးမှာ ပြန်နေရလေတော့ သတိရလိုက်တာ။

ဖိုးခွားကြီး ကိုလည်း သတိရ၏။

အမေကို ရှူ၍ လုပ်အားပေးခဲ့သူ ဖြစ်၏။ ဖိုးခွားလေးသည်လည်း တောင်ယာထဲရှိ သူ့အပါးထဲ ရေပို့... ထမင်းပို့ လာခဲ့လေသည်ပဲ၊ ပဒတ်ပေါ်ချိန် ဆိုပါလျှင် ဖိုးခွားလေး သူ့အပါး၏ အခင်းထဲ လိုက်သွားရမှာ အရမ်းပျော်၏။ သူ့အပါး ထောင်ဖမ်းခဲ့သော ပဒတ်ကောင်လေးများတို အမြီးဖျားမှ တန်းလန်းဆွဲ ပြန်လာပုံကို သူမ မြင်ယောင်နေမိ၏။

"အပါး ဖမ်းပေးလိုက်တာ"

သို့ဆိုကာ ခြေကျိုးလက်ကျိုး ပဒတ်ကောင်လေးများကို မြှောက်ပြ ပီတိအပြုံးဖြင့် သူမအား "အမိုး ငရုတ်သီး စပ်စပ်ကြွပ်ကြွပ်ကြော်ကွာ" ဟု ပြောတတ်၏။

"အေးပါဟယ်... နောက်တစ်ခါ နင့်အပါးကိုပြော... အရှင်မပေးလိုက်နဲ့လို့"

"ဟာ... အမိုးကလည်း အဲဒါဆို ငါ အပုပ်ကြီး စားရမှာပေါ့"

"အမလေးဟယ် ငါသိပါတယ်၊ နင်ယူလာခါနီးကျမှ သတ်ခိုင်းတာ"

("ပဒတ်" ကောင်လေးများသည် အရှင်ဖမ်းရခြင်း ဖြစ်၏။ သေလျှင် အပုပ်မြန်၏။ သို့ကြောင့် ထွက်ပြေးမသွားအောင် ခြေနစ်ဖက် လက်နှစ်ဖက်ကို အရှင်လတ်လတ် ချိုးထားကြရ၏။)

သူမသည် သို့ စဉ်းစားလိုက်မိသည်နှင့် ကြက်သီးမွေးညှင်း ထသွားရတော့၏။ သို့ကြောင့်လည်း ဖိုးခွားလေးတစ်ယောက် ခြေလက်နှစ်ဖက် တစ်စစီ ဖဲ့ခံလိုက်ရလေခြင်းများလား၊ ဝဋ်လည်ခြင်းလေးများလားဟု ထင်လိုက်မိ၍ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘုရား" "ဘုရား" သို့ ရေရွတ်ပြီး အပြစ်ကင်းစွာ အိပ်မော ကျနေသည့် သမီးငယ်ကို တစ်ချက် ငုံ့စောင်းကြည့်ပြီး တဲအောက်သို့ ဆင်း လိုက်၏။

"ဖိုးမူ နပ်နဲ့ငါ သူတို့အတွက် ကောင်းကောင်း ကလဲ့စားချေ ပေးရလိမ့်မယ်" ဟု စိတ်တွင်းမှ ပြောလိုက်တော့၏။

ကနေ့ဆိုပါလျှင် ဒီနေရာလေးသို့ ပြန်ရောက်နေသည်မှာ သုံး ရက် ရှိချေပြီ။

ဝံကောင်ကြီး လာပါ့မလား၊

လာလည်း လာစေချင်၏၊ မလာလည်း မလာစေချင်။

လာစေချင်ခြင်းသည် ကလဲ့စားချေလို၍ ဖြစ်၏။

မလာစေချင်ခြင်းသည် ဖိုးမူလေးအတွက် ဖြစ်ချေ၏။

"ဟဲ့... နင် ဘာမှ မစိုးရိမ်နဲ့ နင့်သမီးနဲ့ နင် အတော်ဝေးဝေး မှာ နေ၊ ဒါမှ ဝံကောင်ကြီး လာမှာ၊ နင့်သမီးအတွက် စိတ်ချစမ်းပါ... ငါ တစ်ယောက်လုံး ရှိပါတယ်၊ ငါ့လက် ငါယုံပါတယ်"

သို့ မုဆိုးကြီး နားသန်က အာမခံရဲရဲ ပြောလေငြား သူမသည် မိခင် ဖြစ်သည်ကြောင့် စိုးရိမ်နေသည်တော့အမှန် ဖြစ်သည်။

သူမသည် တဲနှင့် အတော်လှမ်းလှမ်းတွင် ထင်းမီးဖိုဖြင့် ထမင်း တည်နေလေတော့၏။

မုဆိုးကြီး ဦးနားသန် မှာကြားသည့်အတိုင်း တဲကိုကျောပေး၍ သမီးကို ဥပေက္ခာ ပြုနေရခြင်း ဖြစ်ငြား သမီးငယ်အတွက် ရင်တထိတ် ထိတ် ဖြစ်နေရရှာ၏။ သေဆုံးသွားကြပြီဖြစ်သော ယောကျ်ားသားနှင့် သားနှစ်ယောက်၏ ရုပ်ဆင်းပျက် တစ်ပိုင်းတစ်စစီ ဖြစ်နေသည့် ရုပ် သဏ္ဍာန်သည် သူမ မျက်စိတွင်း ထင်ဟပ်လာသည်နှင့် ကျောချမ်းသွား



www.burmeseclassic.com

www.burmeseclassic.com



တော့၏။

သို့ဖြစ်၍ ကမန်းကတန်း တဲဘက်သို့ လှည့်ကြည့်လိုက်၏။

"ဟင် ဘုရားရေ"

တဲနောက်ဘက်မှ မဲမဲကောင်ကြီးသည် တရွေ့ရွေ့ တဲနား ချဉ်းကပ်လာနေပါကလား၊ မုဆိုးကြီး များလေလား ကြည့်နေဆဲ-

"ဟာ... ဝံကောင်ကြီး ပါကလား"

သူမ ဇောချွေးတွေ ပြန်လာ တော့၏။ ဒုက္ခပါပဲ မုဆိုးကြီး ဘယ်ရောက်နေပါလိမ့်... သမီးလေးကို လှမ်းကြည့်လိုက်၏။

သူကလေး ဘာမှ မသိရှာ၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေပုံရ၏။

သည်တွင် သူမသည် မိခင်စိတ် ပေါ်လာသည်ဖြစ်၍ နံဘေးရှိ ဓားမတိုကို ကောက်ကိုင်၍ ဝံကောင်ကြီးကို ပြေးခုတ်မည် အလုပ်တွင်-

"ဒိန်း"

"ဂါး... ဂါး... ဂရား"

"ဒိန်း"

"ဘုန်း"

သေနတ်သံကြောင့် သူမ လန့်သွား၏။ သို့ဆိုသလို...

"ဝါး" "ဝါး" "ဝါး"

သမီးလေးသည်လည်း လန့်နိုးလာကာ အော်ဟစ်ငိုကြွေးနေလေတော့၏။ ဝံကောင်ကြီးကား တဲအောက်ခြေတွင် ခွေခွေလေး လဲကျနေလေတော့၏။

သူမသည် သမီးလေးကို စိုးရိမ်စိတ်ဖြင့် ပြေးလွှားကောက်ယူပွေ့လိုက်၏။

"ဖိုးမှူ..." "ဖိုးမှူ..."



www.burmeseclassic.com

www.burmeseclassic.com



"ဝါး... ဝါး... ဝါး ဝါး"

"တိတ်ပါ ဖိုးမူလေးရယ်... တိတ်.. တိဟ်.. အမိုးရှိတယ် ဟုတ်လား"

"ဒိန်း"

သို့ သမီးလေးကို ချော့မော့နေဆဲ သေနတ်သံတစ်ချက် ကြားသည်ကြောင့် ဝံကောင်သေကြီးကို ဘာကြောင့် ကျည်ဖြုန်းပစ်ရပါလိမ့်ဟု မှတ်လိုက်ကာ မုဆိုးကြီးကို လှမ်းရှာကြည့်လိုက်၏။

"အလိုလေး..."

သေနတ်ကိုင်လျက် ပြုံးလျက်ရှိသည့် မုဆိုးကြီး မျက်နှာမူရာကို လှမ်းကြည့်လိုက်၏။

တောအုပ်အတွင်း ကြောက်လန့်တကြား ပြေးလွှားဝင်သွားသည့် ဝံကောင်ငယ်လေးကို တွေ့လိုက်သည်နှင့်–

"ဖထီ... ဖထီ... အဲဒီကောင်လေးပါ အလွတ်မပေးနဲ့" ရယ်လို့ လှမ်းအော်ပြောလိုက်၏။

သည့်တွင် မုဆိုးကြီးသည် သူမကို ကြည့်ပြီး ခေါင်းခါပြလျက် ရောက်လာလေတော့၏။ သည့်တွင်–

"ဝံကောင်လေးကို ဘာလို့ ထိအောင် မပစ်ဘဲ ခြောက်လှန့်ထုတ်လိုက်ရတာတုန်း" ဟု မေးလိုက်၏။

"သူလည်း ကလေးငယ်လေးဘဲ... မသတ်ရက်ပါဘူး"

"အို မဟုတ်တာ သူ့အမေမကြီးတုန်းက ငါ့သားလေးတွေကို ရက်ရက်စက်စက် သတ်ခဲ့တာပဲ"

သို့ မကျေမနပ်ဖြင့် သူမက မုဆိုးကြီးကို ပြောလေ၏။

"ဒါကတော့... သူက တိရစ္ဆာန်ကိုး၊ ဘာသိမှာလဲ၊ ငါက လူ



www.burmeseclassic.com

www.burmeseclassic.com



သေ...”

သို့နှယ် ပြောလေသည်ကိုမှ သူမ ကျေနပ်ပုံမပေါ်။

“နင့်လင်သားနဲ့ သားနှပယောက်ကို သတ်တဲ့ အကောင်ကို ငါ သတ်လိုက်ပြီပဲ၊ ကျေနပ်ပါတော့ဟာ... ခု နင့်လိုပဲ သူ့ကလေးနဲ့သူ သေကွဲကွဲသွားရပြီပဲ... သူ့ကလေးလည်း အမိမဲ့ ဖြစ်သွားပြီပဲ.. ကဲ.. လာ ရွာ ထဲ ပြန်ကြစို့”

ပြောပြောဆိုဆို မုဆိုးကြီးသည် ဝံကောင်ကြီးကို မနိုင့်တနိုင် ထမ်းပိုး၍ ထိုနေရာလေးမှ ထွက်ခဲ့တော့၏။

“ငါတော့ လုံးဝ မကျေနပ်နိုင်သေးဘူး”

သို့နှယ် ပြောလိုက်ပြီး သမီးငယ်ကို ခါးထစ်ခွင် ချီပိုးကာ မုဆိုးကြီးနောက်မှ လိုက်ခဲ့လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

သည်သို့ဖြင့် မီးလောင်ကုန်း ကျေးရွာတွင် ဖြစ်ခဲ့သည့် အ
ဆိုးကြီးသည် လူသတ်တရားခံ ဝံကောင်ကြီးကို ပစ်ခတ် ဖမ်းဆီးပြီးသ
နောက်ပိုင်း အခြေအနေ ပုံမှန် ပြန်ဖြစ်သွားတော့၏။

တောင်ယာခင်းတွေလည်း ပြန်ရှင်သန်လာကြတော့၏။ သ
ခုတ်၊ ဝါးခုတ်၊ ပျားဖွပ်သမားတို့သည်လည်း တောတောင်ယံ လုပ်ငန်း
ပြန်ဝင်ခဲ့ကြတော့၏။

မီးလောင်ကုန်း ရွာသား ဦးနားသန့်တစ်ယောက် ဝံကော
အသားဖျက် ရောင်းရငွေ၊ သူကြီးပေးသည့် ဆုကြေးငွေဖြင့် ဟန်ကျလို
ချေတော့၏။

သို့သော် မီးလောင်ကုန်း ရွာသားတို့ သတိမထားမိသေး အ
တစ်ခုတော့ ရှိချေ၏။

သူမတို့သားအမိ ထိုရွာမှ အပြီးအပိုင် ထွက်သွားကြခြင်း


www.burmeseclassic.com

www.burmeseclassic.com



သည်။ ဘယ်အရပ် ဘယ်ဒေသသို့ ထွက်သွားသည်ကိုလည်း မည်သူမျှ မသိကြပါချေ။

သည်သို့ဖြင့် တစ်စတစ်စ အချိန်တွေ ကုန်လွန်ခဲ့တော့၏။ ရာသီတွေလည်း အလီလီ ပြောင်းခဲ့ချေပြီ။ သို့ ပြောင်းလဲခဲ့သလို မီးလောင်ကုန်း သူကြီးသည်လည်း ပြောင်းလဲခဲ့ချေတော့၏။

သူကြီး ဦးစိန်ထွားသည် ဖျားနာ ရောဂါဖြင့် ကွယ်လွန်ခဲ့သည်တွင် သူ့နေရာတွင် အစားထိုး သူကြီးသည် ဦးဇာမဏီ ဖြစ်ခဲ့ပေသည်။

မီးလောင်ကုန်း ရွာသည်လည်း ယခင်ကထက် လူဦးရေ တိုးပွားလာ၏။ အချိန်ကာလအားဖြင့် ဦးဇာမဏီ၏ သူကြီးသက်တမ်းသည် ဆယ်နှစ်ပင် စွန်းချေပြီ။

ဦးဇာမဏီ၏ သူကြီး သက်တမ်းတစ်လျှောက် မကြုံဖူးသော ထူးခြားသော အံ့ဖွယ်တစ်ခု ကြုံခဲ့ရတော့၏။

မှောင်မိုက်သော ညတစ်ညတွင် ဖြစ်သည်။

သူကြီး ဦးဇာမဏီတစ်ယောက် မဖြစ်စဖူး ဘာကြောင့် မသိ၊ ညဉ့်သန်းခေါင်ယံ အချိန်တွင် အိပ်ရာမှ နိုးလာခဲ့ရတော့၏။

လသာည ဖြစ်နေခြင်းကြောင့် အိမ်ပြတင်းတံခါးကို ဖွင့်၍ အဝေးသို့ လှမ်းကြည့်မိ၏။

"ဟင်!"

ဟုတ်မှ ဟုတ်ပါလေစ၊ သူ အိပ်မက်နေတာလား၊ အမြင်မှားနေလေတာလား၊ မဖြစ်နိုင်။ လုံးဝ မဖြစ်နိုင်။ ရွာသုသာန်တွင်း လူရိပ်တစ်ခု တွေ့လိုက်သည်ကြောင့် စေ့စေ့စပ်စပ် ကြည့်လိုက်သည်တွင် မိန်းမပျို တစ်ယောက် ဖြစ်နေခြင်းကြောင့်ပင်။

သူကြီး ဦးဇာမဏီအိမ်သည် ရွာထိပ်တွင် ရှိခြင်းကြောင့် သုသာန်



www.burmeseclassic.com

www.burmeseclassic.com



ကို လှမ်းမြင်ခြင်း ဖြစ်၏။

ညဥ့်နက်သန်းခေါင် ဘာလာလုပ် ပါလိမ့်။ ဘယ်သူ ပါလိမ့်
ကြည့်နေရင်းမှ သူမသည် သုသာန်တွင်းမှ သွက်လက်သော ခြေလှမ်းများ
ဖြင့် ထွက်လာကာ ရွာပြင်သို့ ထွက်သွားလေတော့၏။

သို့ကြောင့် သူသည် ပို၍ အံ့ဩမိခြင်း ဖြစ်မိတော့၏။

ရွာတွင်း ပြန်လာလျှင် တစ်မျိုးပေါ့။ ခုတော့ ရွာပြင် ထွက်သွား
သည်ဆိုတော့ လူစင်စစ်မှ ဟုတ်ပါလေစ၊ နာနာဘာဝလေများလား။

ရွာအပြင် တောင်ယာတဲများတွင် လူနေကြသည်မှ မဟုတ်လေ
ဘဲ။

သို့ကြောင့် ဦးဇာမဏီသည် သူ၏ နှစ်လုံးပြူးသေနတ်ကြီးကြ
ကို ဆွဲယူ၍ ရွာသုသာန်ဘက်ဆီသို့ ဆင်းသွားလေတော့၏။

"ဟင်!"

ရွာလမ်းမပေါ် ရောက်သည်နှင့် ရွာပြင်သို့ လှမ်းကြည့်လိုက်
သည်တွင် တရွေ့ရွေ့ သွားနေသော သူမနောက်မှ ထူးဆန်းစွာ ခွေးတစ်အု
ခြံရံလျက် လိုက်ပါသွားသည်ကို တွေ့မြင်လိုက်ရတော့၏။

သူ့ရွာတွင် ဤမျှလောက် ခွေးကောင်ရေ မရှိသည်ကို သူ အသိ
ဆုံး ဖြစ်၏။ ပြီးတော့ အိမ်ခွေးများ မဟုတ်၊ "တောခွေး" များ ဖြစ်နေ

သူကြီးတစ်ယောက် တအံ့တဩ ဖြစ်နေဆဲမှာပင် တောခွေး ထ
အုပ်နှင့် မိန်းမပျိုသည် အမှောင်ထုတွင်း ဝင်ရောက် ပျောက်ကွယ်သွားလေ
၏။

ထိုကိစ္စနှင့် ပတ်သက်၍ သူကြီးသည် မည်သူ့အားမျှ ဖွင့်မပြော
ခဲ့ချေ။ နို့မဟုတ်ပါမူ ရွာသူရွာသားတို့ ထိတ်လန့်ကြပေလိမ့်မည်။

နောက်နေ့များတွင် သူ မအိပ်မနေ ချောင်းမြောင်းနေပြား လုံး



www.burmeseclassic.com

www.burmeseclassic.com



မြင်ကွင်း ဖြစ်ပေါ်မလာတော့ချေ။

သို့ကြောင့် ထိုကိစ္စကို မေ့မေ့ပျောက်ပျောက် ထားလိုက်လေ တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

"ခုတ်" "ခုတ်"

"ခုတ်"

"ဖောက်"

"ခုတ်"

သစ်ခုတ်သမား "ခွေး" သည် သူ့အလုပ်ကိုသာ သူ စူးစိုက်လုပ်နေခြင်းကြောင့် သူ့နားသို့ လူတစ်ယောက် ချဉ်းကပ်လာသည်ကို သတိမပြုမိချေ။ လူတစ်ယောက် ဆိုသည်ထက် မိန်းမပျိုတစ်ဦး ဖြစ်သည်ကို သိလိုက်ပါမူ လုံးဝ အံ့ဩသွားပေလိမ့်မည်။

"ဖောက်"

"ခုတ်"... "ခုတ်"

သည်သစ်တစ်ပင်သည် ယနေ့အဖို့ သူ့တွက် နောက်ဆုံး ခုတ်လှဲရမည့် အပင်ဖြစ်၏။ သို့ကြောင့် အတော်နှင့် မလှဲနိုင် ဖြစ်နေ၏။





သူ့အရင် လေးငါးပင် ခုတ်ခဲ့ပြီး ဖြစ်၍ ခြေကုန် လက်ပန်းကျနေ
း မဟုတ်ပါကလား။

သည်မြောင်ထဲတွင် သူတစ်ယောက်တည်းသာ သစ်ခုတ်နေသူ
၏။ သူ့အဖော်များသည် တစ်ဖက်မြောင်နှင့် တောင်ကြောတို့တွင်သာ
ကြ၏။ သူ့အလုပ် ကိုယ့်အလုပ် ပြီးလျှင် တစ်စုတည်း စခန်းသို့ ပြန်
ကြမည် ဖြစ်၏။

"ဒီမယ်...."

ရုတ်တရက်မို့ "ခွေး" လန့်သွားသည်။

သူ ကြားလိုက်ရသည်မှာ မိန်းမ တစ်ယောက်၏အသံ။

ဟုတ်မှ ဟုတ်ပါလေစ၊ သို့ကြောင့် အားဖြင့် လွှဲခုတ်နေသည့်
ဆိန်ကို သစ်ပင်ခြေရင်းတွင် ထောင်ချလိုက်ပြီး အသံလာရာသို့ လှည့်
ကြည့်လိုက်၏။

"ဟင်!"

သူ လွန်မင်းစွာ အံ့ဩသွားတော့၏။

လုံးကြီးပေါက်လှ အမျိုးသမီးတစ်ယောက်။ မထင်မှတ်သော
နေရာတွင် မထင်မှတ်သော မြင်ကွင်းကြောင့် ကြက်သီး ဖြန်းခနဲ ထသွား
တော့၏။ တောတောင်ထဲတွင် မိန်းမပျိုတစ်ဦး ဘယ်ကနေ ဘယ်သို့
ရောက်လာပါလိမ့်။ လူသားစင်စစ် ဟုတ်ပါလေစ။ စူးစမ်းကြည့် လိုက်၏။

ထဘီကို တိုတိုဝတ်ထား၏။

စစ်အင်္ကျီ လက်ရှည်နှင့် ဖြစ်၏။

သူ့ပုန်မလေးများလား၊ မဖြစ်နိုင်၊ သူ့မှာတွင် မည်သည့်လက်နက်
မှ ပါမလာ၊ ပုလိုင်းကိုသာ လွယ်ပိုးထား၏။

ခရီးသွား များလေလား။



www.burmeseclassic.com

www.burmeseclassic.com



သူ့အရင် လေးငါးပင် ခုတ်ခဲ့ပြီး ဖြစ်၍ ခြေကုန် လက်ပန်းကျနေ
း မဟုတ်ပါကလား။

သည်မြောင်ထဲတွင် သူတစ်ယောက်တည်းသာ သစ်ခုတ်နေသူ
၏။ သူ့အဖော်များသည် တစ်ဖက်မြောင်နှင့် တောင်ကြောတို့တွင်သာ
ကြ၏။ သူ့အလုပ် ကိုယ့်အလုပ် ပြီးလျှင် တစ်စုတည်း စခန်းသို့ ပြန်
ကြမည် ဖြစ်၏။

"ဒီမယ်...."

ရုတ်တရက်မို့ "ငခွေး" လန့်သွားသည်။

သူ ကြားလိုက်ရသည်မှာ မိန်းမ တစ်ယောက်၏အသံ။

ဟုတ်မှ ဟုတ်ပါလေစ၊ သို့ကြောင့် အားဖြင့် လွှဲခုတ်နေသည့်
ဆိန်ကို သစ်ပင်ခြေရင်းတွင် ထောင်ချလိုက်ပြီး အသံလာရာသို့ လှည့်
ကြည့်လိုက်၏။

"ဟင်!"

သူ လွန်မင်းစွာ အံ့သြသွားတော့၏။

လုံးကြီးပေါက်လှ အမျိုးသမီးတစ်ယောက်။ မထင်မှတ်သော
နေရာတွင် မထင်မှတ်သော မြင်ကွင်းကြောင့် ကြက်သီး ဖြန်းခနဲ ထသွား
သော့၏။ တောတောင်ထဲတွင် မိန်းမပျိုတစ်ဦး ဘယ်ကနေ ဘယ်လို
ရောက်လာပါလိမ့်။ လူသားစင်စစ် ဟုတ်ပါလေစ။ စူးစမ်းကြည့် လိုက်၏။

ထဘီကို တိုတိုဝတ်ထား၏။

စစ်အင်္ကျီ လက်ရှည်နှင့် ဖြစ်၏။

သူ့ပုန်မလေးများလား၊ မဖြစ်နိုင်၊ သူမတွင် မည်သည့်လက်နက်
မှ ပါမလာ၊ ပုလိုင်းကိုသာ လွယ်ပိုးထား၏။

ခရီးသွား များလေလား။



www.burmeseclassic.com

www.burmeseclassic.com



လွန်စွာမှ ရှည်လျားသော ဆံပင်က သူမ၏ အလှကို ပို၍ ပေါ်လွင်စေ၏။

"ဒီမယ်... ရှင် မီးလောင်ကုန်း ရွာကလား"

သူမ သို့မေးလာလေမှ "ငခွေး" အသိဝင်လာ၏။

"ဗျာ"

"ရှင် မီးလောင်ကုန်း ရွာကလားလို့ မေးနေတာ"

သူမ၏မေးလိုက်သံက မာထန်ထန်။

"ဟုတ်တယ်"

"နို့ဖြင့်... ရှင်တို့ မီးလောင်ကုန်းရွာမယ် "မှုဆိုးကြီး နားသန်" ဆိုတာ ရှိသေးလား"

"အင်း ရှိတယ်... အမဲ မလိုက်တော့ဘူး... အသက်လည်း ကြီးပြီ"

"ငါ... ဒါတွေ မသိချင်ဘူး၊ ရှိ,မရှိဘဲ သိချင်တယ်၊ ရှိတယ်ဆိုလျှင်ဖြင့်လည်း သူ ဘယ်နေရာမှာနေလဲ၊ တိတိကျကျပြော"

"ဘာလုပ်မလို့လဲ"

ငခွေးက လူသားစင်စစ်မှန်း သိသွားသဖြင့် အလေးဂရု မပြုပါတော့ချေ။ သို့သော ပြန်မေးလိုက်၏။

"ဘာလုပ်လုပ်... ဒါ ငါ့ကိစ္စ၊ နင့်ကိစ္စ မဟုတ်ဘူး"

အလာကြီးပါကလား ရယ်လို့ ငခွေးက တွက်လိုက်ပြီး ပြုံးစိစိဖြင့်-

"ဟုတ်ပါပြီ... ဖထီနားသန်က ရွာလယ်ပိုင်းမှာနေတယ်၊ သူ့အိမ်ရှေ့မယ် ပိတောက်ပင်ခြောက်ကြီး ကစ်ခုရှိတယ်။ သူ တစ်ယောက်တည်းနေတာ" ဟု ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"သေချာတယ်နော်"

သူမက ဘုကြည့်ကြည့်ကာ မေးပြန်၏။

"သေချာပါတယ်..."

"ဟုတ်ပြီ..." ဆိုကာ သူမသည် ငွေးရှေ့မှ လှည့်ထွက်လာတော့၏။

သူမ၏ အချိုးအစား ကျနသော ခန္ဓာကိုယ်ကို ကြည့်၍ ငွေး တစ်ယောက် ရင်ခုန်သွားမိ၏။

ငွေးတွင် ကြောက်ရွံ့ထိတ်လန့်စိတ်တို့ မရှိလေတော့။

လူသူ ပြတ်လှသော တောတောင်ထဲတွင် ဤမျှ အချိုးအစား ကျနသော မိန်းမပျိုတစ်ယောက်ကို မထင်မှတ်ဘဲ တွေ့လိုက် စကားပြော လိုက်ရသဖြင့် သူ့အံ့ဩရုံမက စိတ်ဝင်စားသွားမိ၏။

ဘယ်ကမှန်း၊ ဘယ်သူမှန်း သူမသိ။ ဥစ္စာစောင့်မ လူယောင် ဖန်တီး လာတာများလား။

ဒါလည်း မဖြစ်နိုင်၊ သူနဲ့ စကားတွေ ပြောခဲ့လေသည်ပဲ။

လူသားမ စင်စစ် ဖြစ်သည်ကိုတော့ သူ တွက်လိုက်ပြီး ဖြစ်၏။

မှတ်ဆိတ် လာစွဲသည့်ပျားကို သူ ဘယ်လို အသုံးချရမည်ကို သတိရလိုက်တော့၏။ သို့ကြောင့်-

"ဟိတ်... ဟိတ်"

သို့နှယ်အော်လျက် သူမနောက် ပြေးလိုက်သွားတော့၏။

သူမသည် သူ့အား လုံးဝ ဂရုမစိုက်ပါချေ။ လှုပ်လီလှုပ်လဲ့ဖြင့် သာ ရှေ့သို့ ခြေလှမ်းမှန်မှန် သွားနေ၏။

"ဟိတ်"

ငွေးသည် သူမအနား ရောက်လေသည်နှင့် မပြေးဘဲဆို ရုတ်



www.burmeseclassic.com

www.burmeseclassic.com



ခြည်းဆိုသလို သူမကို နောက်မှ သိုင်းဖက်လိုက်၏။

"ဟင်!"

သူမကော "ငခွေး" ပါ မြေပြင်သို့ လဲပြိုကျသွားသည်။

"ငခွေး" တစ်ယောက် သူမ၏ အသားစိုင်တို့ကို ပွေ့ဖက် ချုပ်နှောင်လိုက်သည်။ မြေပေါ်တွင် လုံးကာ ထွေးကာဖြင့် အစမ္ပြရန် ကြိုးစားလေတော့၏။

သူမသည် ရုန်း၏၊ ကန်၏၊ ရိုက်ပုတ်၏။

သို့ ရုန်းရင်း ကန်ရင်းကြားမှ သူမသည် "ရှီး" ရယ်လို့ လက်ခေါက် မှုတ်လိုက်လေတော့၏။

"ရှူး"

"ဝူ... ဝူ... ရှူး..."

ရုတ်ခြည်းဆိုသလို တောခွေးတစ်အုပ် ပြေးလွှား ရောက်လာကြ၏။

"အား..."

"ငခွေး" အား တောခွေးတို့ ဝိုင်းဝန်းကိုက်ခဲကြတော့၏။ ငခွေး တစ်ယောက် တစ်စစီ ဖြစ်သွားတော့၏။

"ရှီး"

"ငခွေး" ကို ဝိုင်းဝန်း ကိုက်ခဲနေကြသည့် တောခွေး တစ်အုပ်သည် လက်ခေါက်မှုတ်သံကြောင့် "ငခွေး" အား ကိုက်ခဲနေခြင်းကို ရပ်တန့်လိုက်ကြပြီး... အဝေးသို့ ရောက်နှင့်သွားပြီ ဖြစ်သော မိန်းမပျိုနောက်သို့ ကဆုန်ပေါက် ပြေးလွှား လိုက်သွားကြတော့သည်။

"ငခွေး" တစ်ယောက် ခန္ဓာကိုယ် တစ်စစီဖြင့် သေပွဲ ဝင်သွားရရှာပြီ။ လျှပ်တစ်ပြက် အဖြစ်အပျက်ကလေး တစ်ခုဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မကြာမီ သူ့အဖော်များ ရောက်လာကြသည်တွင် "ငခွေး"၏ ရင်နာစရာ အဖြစ်ဆိုးကြောင့် ထိတ်လန့်တုန်လှုပ်သွားကြတော့၏။

သူတို့ သစ်ခုတ်သက်တမ်းတွင် ယခုလို "ခွေးအ" ဝိုင်းဆွဲ၍ သေရသည့် အဖြစ်မျိုး တစ်ကြိမ်တစ်ခါမျှ မဖြစ်ဖူးခဲ့ခြင်းကြောင့် ဘာ ဆက်လုပ်ရမည် မသိ ဖြစ်သွားကြ၏။

သို့ဖြစ်၍ သစ်ခုတ်သမားတစ်စုမှ အသက်ကြီးကြီး သစ်ခုတ်သမားကြီးက–

"တို့ ငခွေးအလောင်းကို ရွာပြန်သယ်သွားကြတာပေါ့... သူကြီးကို အကျိုးအကြောင်း ပြောပြကြတာပေါ့" ဟု ပြောလိုက်လေ၏။

အားလုံးက လုပ်လက်စ အလုပ်များ ထားခဲ့ကာ "ငခွေး" အလောင်းကို သယ်ပိုးကာ မီးလောင်ကုန်း ကျေးရွာသို့ ပြန်ခဲ့ကြတော့၏။

သူတို့၏ သတင်းပို့ တိုင်တန်းချက်ကြောင့် မီးလောင်ကုန်း ရွာသူကြီး ဦးဓာမဏီသည် မျက်လုံး မျက်ဆံပြူးသွားရတော့၏။

"တောခွေးတစ်အုပ်" ဝိုင်းကိုက်၍ သေဆုံးသွားသည် ဆိုပါကလား။ နို့ဆိုလျှင်ဖြင့် သန်းခေါင်ယံတစ်ည ရွာသုသာန်တွင် မြင်လိုက်ရသည့် ခွေးတစ်အုပ်နှင့် မိန်းမပျိုတစ်ဦးကို သတိရသွားတော့၏။

"အို... ဘာမှ မဆိုင်ပါဘူး" ဆိုကာ ရွာ ကာလသားများနှင့် တိုင်ပင်ကာ ငခွေး အသုဘကို စီမံခန့်ခွဲပေးလိုက်တော့၏။

ဘယ်လို ဖြစ်တာပါလိမ့်၊ သူ့တစ်သက်တွင်လည်း ခွေးအ ကိုက်၍ သေရသည့်လူရယ်လို့ မကြုံဖူး၊ မကြားဖူး၊ ယခု ကြုံရ၊ ကြားရ၊ သိရချေပြီ။ ငခွေးကိစ္စနှင့် ပတ်သက်၍ သူကြီးက အမှုမဲ့ အမှတ်မဲ့ ပြုထားလိုက်ရတော့၏။

သို့ပြား... သို့ပေမင့်–

www.burmeseclassic.com

www.burmeseclassic.com

"ဝုတ်..." "ဝုတ်" "ဝုတ်"

"ဝူ..." "ဝူ" "ဝူး"

ခွေးသံတို့ကြောင့် မုဆိုးကြီး "နားသန်"သည် အိပ်ရာမှ နိုးလာရ၏။

မုဆိုး အတွေ့အကြုံအရ သာမန်ခွေးများ မဖြစ်နိုင်ဟု တွက်မိလိုက်သည်နှင့် မုဆိုးကြီး နားသန်သည် သူ့အိမ်ပြတင်းတံခါးကို လှစ်ဟ၍ ရွာလမ်းပေါ်သို့ လှမ်းကြည့်လိုက်၏။

"ဟင်!"

သူ မယုံကြည်နိုင်...၊ သူ့မျက်လုံးကို လက်ဖမိုးနှင့် အသေအချာ ပွတ်သပ်ကြည့်လိုက်၏။

ဝံ ၁ ခွေးတွေပါကလား၊ သူ့အိမ်ကို စုစည်းစွာ ဝိုင်းကြည့်နေကြပါကလား။ ဘယ်ကရောက်လာသည့် တောခွေးတွေလဲ။



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်။

"ဒေါက်"

"ဒေါက်"

"ဒေါက်"

ရုတ်ခြည်း ပေါ်လာသော တံခါးခေါက်သံကြောင့် သူ ရင်ထိတ်သွားမိ၏။ ညကြီး အချိန်မတော် ဘယ်သူ တံခါး လာခေါက်တာလဲ၊ သို့ကြောင့် မုဆိုးကြီး နားသန်သည် သူ့အိမ်မကြီး တံခါးကို ချက်ဖြုတ်ဖွင့်လိုက်၏။

"ဟာ"

မိန်းမပျိုတစ်ဦးပါကလား။ သူ မမြင်ဖူး၊ မတွေ့ဖူးသော မိန်းမပျိုလေးတစ်ဦး ဖြစ်သည်။ ဒီရွာသူလည်း မဟုတ်။

အချိန်မတော် ဘယ်က ရောက်လာသည့် မိန်းကလေးပါလိမ့်။

သူမသည် သူ့အား စူးစိုက်ကြည့်နေရာမှ–

"ဖထိက မုဆိုးကြီးလား" မေးလာ၏။

"အေး"

"နို့ဖြင့် ဦးနားသန်ပေါ့"

"အေး..."

သူမက ပါးစပ်ကလေး ရွဲ့ကာ ပြုံးပြလိုက်၏။

"ဘာကိစ္စလဲကွဲ့... ညကြီး အချိန်မတော် ဒီရွာကတော့ ဟုတ်ဟန်မတူဘူး" ဆိုကာ ဦးနားသန်သည် တံခါးချပ်ကို လူတစ်ကိုယ်စာ ဖွင့်ပေးလိုက်၏။

"ဟာ..."

"ဟင်!" "အာ... အား"



www.burmeseclassic.com

www.burmeseclassic.com



သူမကို အိမ်တွင်း ဝင်လို၍ တံခါးချပ် ဖွင့်ပေးလိုက်ပြား သူမ နောက်ကွယ်မှနေ၍ တောခွေးတို့သည် တိုးဝှေ့ ဝင်လာကြပြီး သူ့အား ဝိုင်းဝန်းကိုက်ခဲ ကြလေတော့၏။

မုဆိုးကြီး ဦးနားသန့်တစ်ယောက် လျှပ်တစ်ပြက် ခွေးတို့ တိုက် ခိုက်လာခြင်းကို ခံလိုက်ရတော့၏။

"ခွီးလ်" "ခွီးလ်"

"ဝု… ဝု… ဝုတ်"

"ဝုတ်" "ဂွီးလ်" "ခွီးလ်"

"အား… အား… အား…"

မုဆိုးကြီး နားသန့်တစ်ယောက် အိမ်ကြမ်းပြင်ပေါ်တွင် လူးကာ လိမ့်ကာဖြင့် တောခွေးတို့၏ ဝိုင်းဝန်းကိုက်ခဲ အမဲဖျက်ခြင်း ခံလိုက်ရ တော့၏။

"ရှီး"

သူမသည် သူ၏ ခွေးတစ်အုပ်ကို လက်ခေါက်မှုတ်သံ တစ်ချက် ပေးပြီး ဦးနားသန့်အိမ်ပေါက်ဝမှ လှည့်ထွက်သွားတော့၏။

ညဥ့်နက်သန်းခေါင်ယံ အချိန်ဖြစ်သည်ကြောင့် မီးလောင်ကုန်း တစ်ရွာလုံး အိပ်မောကျနေကြဆဲ ဖြစ်၏။

"အီး…"

"အီး…" "အား…" "အား အီး"

အိမ်ကြမ်းပြင်တွင် သွေးအလိမ်းလိမ်းဖြင့် ဦးနားသန့် တစ် ယောက် လူးကာ လိမ့်ကာဖြင့် ဝေဒနာ ခံစားနေရရှာတော့၏။

ဘယ်လို ဖြစ်တာပါလိမ့်။

မိန်းမပျိုနှင့် တောခွေးများ မည်သို့ ပတ်သက်နေပါသနည်း။



www.burmeseclassic.com

www.burmeseclassic.com



နာကျင်နေသည့်ကြားမှ တွေးလိုက်မိ၏။

ဘယ်က ရောက်လာသည့် တောခွေးတွေလဲ။

ဘာကြောင့် သူ့အိမ်ပေါ်ထိ ရောက်လာပြီး အငြိုးတကြီး ကိုက်ခဲကြပါလိမ့်။ သူ ကြာကြာ မတွေးနိုင်။ မိုက်ခနဲ တစ်ချက် ဖြစ်ကာ တစ်လောကလုံး အမှောင်ဖုံးလွှမ်း သွားတော့၏။ သည့်နောက် သူ မည်သည့် ဝေဒနာမျှ မခံစားရလေတော့။

နောက်တစ်နေ့ နံနက်တွင် မီးလောင်ကုန်း တစ်ရွာလုံး အုံးအုံးကြွက်ကြွက် ဖြစ်သွားတော့၏။ သူကြီး ဦးဓာမဏိ ဆိုပါလျှင် ပို၍ ထိတ်လန့် တုန်လှုပ်သွားမိတော့၏။ ဘယ်လို ဖြစ်ရတာပါလိမ့်။

မုဆိုး နားသန့် အိမ်ခြံဝင်းတွင် တွေ့ရသည့် ခွေးတစ်အုပ်ခြေရာတို့ကြားမှ မိန်းမတစ်ယောက်၏ ခြေရာကြောင့် သူကြီးသည် ရွှန်မင်းစွာ ထိတ်လန့်သွားရ၏။

သန်းခေါင်ယံတစ်ည သူမြင်လိုက်ရသည့် တောခွေးတစ်အုပ်၊ မိန်းမပျိုတစ်ယောက်နှင့် လုံးဝ ဝတ်သက်နေလောက်ချေပြီကို တွက်မိလိုက်တော့၏။

သည်ကိစ္စ သူ ဆက်လျှို့ဝှက်ထားရနိုး၊ ရွာသူ ရွာသားတွေကို ဖွင့်ပြောရနိုး ချီတုံချတုံ ဖြစ်နေမိ၏။

တောခွေးတစ်အုပ်နှင့် မိန်းမပျိုသည် ဘာတွေလဲ၊

မီးလောင်ကုန်း ရွာကြီး ကပ်ဆိုက်နေပြီလား။

သည့်နောက်ပိုင်း မီးလောင်ကုန်း ရွာသား၊ ရွာသူတို့ မှောင်ကျပြီး သည်နှင့် မီးခိုးတိတ် ဖြစ် ကြရချေပြီ။

မီးလောင်ကုန်းရွာကြီး ခြောက်သွေ့သွားတော့၏။

တောတက် လုပ်ငန်းဝင်သူများလည်း မရှိကြလေတော့။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချို့ဆိုပါလျှင် အခြားရွာသို့ ပြောင်းရွှေ့သွားကြချေပြီ ဖြစ်၏။

ခွေးမြင်လျှင်ပင် ထိတ်လန့်နေကြတော့၏။

ကျီးလန့်စာစား တထိတ်ထိတ် ဖြစ်နေကြသည်ကြားမှ အရဲစွန့်တောတက်သွားသူတစ်ယောက် တောခွေးတို့ ဝိုင်းကိုက်ခံရ၍ သေဆုံးသွားပြန်လေတော့ ပိုဆိုးသွားသည်ပေါ့။

မီးလောင်ကုန်း ရွာသူကြီးသည် နောက်ဆုံး သူဘာလုပ်ရမည်ကို သိသွားတော့၏။ သို့ကြောင့်–

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် မီးလောင်ကုန်းရွာသို့ ရောက်ခဲ့ကြရပြန်တော့သည်။

တောခွေးတစ်အုပ်နှင့် မိန်းမပျိုတစ်ယောက် ကိစ္စကို သူကြီးပြောပြသဖြင့် သိတန်သ၍ သိခဲ့ရသည်။

လွှန်မင်းစွာလည်း စိတ်ဝင်စားမိ၏။ သို့ကြောင့်–

"ကျွန်တော်တို့ အစွမ်းကုန် ကူညီပါ့မယ်" ရယ်လို့ ထိုနေ့မှပင် သူကြီးကို ကတိပေးလိုက်သည်။

"နက်ဖြန် ခရီးထွက်ကြမယ်"

ကျွန်တော်က သူကြီးကို ပြောလိုက်၏။

"နေပါဦး တစ်ရက်လောက်တော့ဖြင့် နားနေကြပါဦး သန်ဘက်ခါ သွားကြတာပေါ့"

သည်သို့ဖြင့် ကျွန်တော်တို့သည် မီးလောင်ကုန်း ရွာတွင် နားနားနေလိုက်ကြတော့သည်။

မီးလောင်ကုန်းရွာသည် အမှန်တကယ်ပင် ညနေစောင်းလျှင်



www.burmeseclassic.com

www.burmeseclassic.com



...ာက်သွေ့နေတော့၏။

ကျွန်တော်တို့သည် မီးလောင်ကုန်းရွာတွင် (၂)ရက်လောက် နား...ပြီး သုံးရက်မြောက်တွင် မီးလောင်ကုန်းရွာမှ ထွက်ခဲ့ကြတော့၏။

သူကြီး ဦးဇာမဏီနှင့် ကျွန်တော်တို့နှစ်ယောက်သာ ဖြစ်၏။ ...ဆိပ်တွင် တောခွေးတို့၏ ခြေရာဗရပွကို ထူးထူးခြားခြား တွေ့ရ၏။

"အန္တရာယ် အလာကို မစောင့်ဘဲ ကျွန်တော်တို့က သွားရာတာ ...ကောင်းဆုံးပဲဗျ..."

လင်းမြင့်လှိုင်က ပြောလေ၏။

"ကျွန်တော်တို့ ခု ဘယ်သွားကြမလဲ"

"ဟုတ်ပါ့... လမ်းစ ရှာရခက်နေပြီ"

"အို ဘာဖြစ်လဲဗျာ... အမဲပစ်ရင်း... စုံစမ်းကြတာပေါ့"

"ဟုတ်ပြီ"

သို့ဖြင့် ကျွန်တော်တို့ သုံးယောက်သည် ဥက္ကံ၊ သစ်တောကြီးဝိုင်း...်းသို့ ရောက်လာကြသည်။

"ဦးနားသန်ကြီး သနားပါတယ်ဗျာ၊ တောထဲတောင်ထဲ သွား...နေတုန်းက ဘာအန္တရာယ်မှ မကြုံခဲ့ရလေဘဲ မုဆိုးအလုပ်က နား...လေတော့မှ တောခွေးတွေက အိမ်ပေါ်တက် ကိုက်သတ်သွားရတယ် ...ဗျာ"

ကျွန်တော်က သွားရင်းလာရင်း ဦးနားသန်အတွက် စိတ် ...ကောင်းစွာ ညည်းညူ ပြောလိုက်သည်။

"တောခွေးတွေက အရိုင်းကောင်တွေ မဖြစ်နိုင်ဘူး။ လေ့ကျင့် ...ထားတဲ့ အကောင်တွေ ဖြစ်မယ်၊ ဘာလို့လဲဆိုတော့ မိန်းမပျို ...ာက်က တောခွေးအုပ်နဲ့ ပါလာနေကျဆိုတော့ သူမက တောခွေးတွေရဲ့



www.burmeseclassic.com

www.burmeseclassic.com



အရှင်သခင်မပဲ ဖြစ်နိုင်တယ်” ဟု ဆက်ပြောလိုက်ပြန်၏။

“ကျွန်တော်တော့ အင်မတန် စိတ်ဝင်စားတယ်ဗျာ”

လင်းမြင့်လှိုင်က သို့နှယ်ပြောပြီး ရှေ့မှ လျှောက်သွားလေ၏

လင်းမြင့်လှိုင် ပြောသလိုပင် ကျွန်တော်သည်လည်း လွန်မင်း

စိတ်ဝင်စားနေမိတော့၏။

သို့ဖြင့် ကျွန်တော်တို့သည် ကျတ်မြောင် ရောက်သည်တွင် ခေ

နားလိုက်ကြ၏။

“ကိုပိုက်”

ထုံးစံအတိုင်း လင်းမြင့်လှိုင်သည် ဝီစကီပုလင်းပြားလေး

လှမ်းပေးလာ၏။

လင်းမြင့်လှိုင် လှမ်းပေးသည့် ပုလင်းပြားလေးကို လှမ်းယူ အ

ဖွင့်၍ တစ်ငုံ မော့သောက်လိုက်ချိန်မှာပင်...

“ဒုတ်...” “ဒုတ်...” “ဒုတ်...”

“ဂျွတ်” “ဖြောင်း...” “ဝုန်း”

သစ်ပင် ခုတ်လှဲလေသံ ကြားသဖြင့်–

“ဖထီ... ဒီတောထဲမှာ လူရှိတာပဲဗျ”

သို့ပြောလိုက်၏။

“ဟုတ်လိမ့်မယ်... ကျုပ် မီးလောင်ကုန်း ရွာသားတွေတော

မဖြစ်နိုင်ဘူး...”

“ရော့... ကိုလင်း” ဆိုကာ ကျွန်တော်သည် လင်းမြင့်လှိုင်

ပုလင်းပြားလေး ပြန်ပေးလိုက်ပြီး သေနတ် ဆွဲယူ၍ သစ်ခုတ်လှဲသံ ကြ

သည့် တောင်ကြောလေးဘက်သို့ သွားလိုက်သည်။

“ကျွန်တော်တို့ ဒီမှာပဲ ရှိနေမယ်”



www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင်က အော်ပြောလာ၏။

ကျွန်တော်သည် မြောင်းလေးကို ဖြတ်၍ တစ်ဖက် တောင်ကြော…းပေါ် တက်လိုက်သည်။

တောင်ကြောလေးပေါ် ရောက်သွားသည်နှင့် သစ်ခုတ်သမားတို…်းတွေ့လိုက်သည်။

သူသည် ရုတ်တရက် ရောက်လာသော ကျွန်တော့်ကိုကြည့်ရင်း–

"နောင်ကြီးက အမဲလိုက် မုဆိုးလား"

ဟု မေးလေ၏။

"ဟုတ်တယ်… ခင်ဗျား ဘယ်ရွာသားလဲ"

ကျွန်တော်က ပြန်မေးလိုက်၏။

"မီးလောင်ကုန်း ရွာသား"

"ဟင်!"

သူကြီး ဦးဇာမဏီ ပြောတော့ သူ့ရွာသားတွေ ဘယ်သူမှ တော…က်လာခြင်း မရှိဟု ပြောသည်။ ယခု သစ်ခုတ်သမားသည် မီးလောင…်း ရွာသားလို့ ပြောနေပါကလား။ သို့ကြောင့်–

"မီးလောင်ကုန်း ရွာသား ဆိုလျှင်ဖြင့် ခင်ဗျားတို့ သူကြီး ဘယ်…ဲ" ဟု မေးလိုက်သည်။

"ဦးဇာမဏီ"

သို့ဆိုလျှင်ဖြင့် ထို သစ်ခုတ်သမားသည် မီးလောင်ကုန်း ရွာသား…စ် ဖြစ်နိုင်ပေ၏။ သို့ဆိုပါလျှင် သူကား ဘယ့်တွက် တောတောင်ထဲ…ယောက်တည်း သစ်လာခုတ် ရပါသနည်း။

ဘယ့်တွက် သူတို့ရွာကို ဒုက္ခလာပေးနေသည့် တောခွေးအုပ်နှင့်…အပျိုကို ကြောက်လန့်ခြင်း မရှိရပါသနည်း။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ မီးလောင်ကုန်းရွာမယ် ဘာတွေ ဖြစ်နေလဲ မသိ ဘူးလား"

သွေးတိုးစမ်း မေးလိုက်၏။

"မီးလောင်ကုန်းရွာ ဘာဖြစ်ရမှာတုန်း၊ တစ်လောက မုဆိုးကြီး နားသန် သူ့အိမ်ပေါ်မှာပဲ တောခွေးတွေ တက်ကိုက်လို့ သေသွားတယ် လေ..."

"အေးလေ... ဒီကိစ္စ တစ်ရွာလုံး တုန်လှုပ်နေကြတယ်။ တော တက်ဖို့ နေနေသာသာ ရွာထဲမှာတောင် ညနေစောင်းဆို ဘယ်သူမှ ရွာလမ်း ပေါ် မနေရဲကြတော့ဘူး"

"ဟား... ဟား... ဟား... ဟား... ဟီး.. ဟီ... ဟား... ဟား"

ကျွန်တော့်စကားကို ဘာ သဘောကျသွားသည် မသိ၊ ထို သစ် ခုတ်သမားသည် ဟက်ဟက်ပက်ပက် ရယ်မောလေ၏။

ပြီးလေမှ–

"ဦးနားသန်က တောတောင်ထဲမှာ တစ်စုံတစ်ရာ အမှားအယွင်း လုပ်ခဲ့လို့ တောစောင့် သခင်မက ရွာထဲထိ လိုက်လာပြီး ဒဏ်ခတ်တာ နေမှာပါ၊ ခု ကြည့် ကျွန်တော် တစ်ယောက်တည်း တောထဲ လာ သစ်ခုတ် တယ်၊ ဘာဖြစ်လဲ၊ ဘာမှ မဖြစ်ဘူး... တောစည်း၊ တောင်စည်း ကျွန်တော် လိုက်နာပြီး လုပ်နေတာလေ၊ ဟဲ... ဟဲ.. သစ်ပင် လုံခုတ်မယ့်သူ မရှိတော့ ကျွန်တော့်အတွက် ပိုဟန်သွားတာပေါ့ဗျာ..."

ကျွန်တော် ထိုသူ့ကို အသေအချာ ကြည့်မိ၏။

သတ္တိကတော့ မခေ။ သူ့ဘက်က အနေမှန်လျှင် ဘာမှ ဘယ် သူ့မှ ဂရုစိုက်စရာ မလိုဟု တွက်ထားပုံရ၏။

ကျွန်တော် သူ့ကို ကြည့်နေဆဲမှာပင်–



www.burmeseclassic.com

www.burmeseclassic.com



"ဟာ..."

လက်တွင်းမှ သေနတ်ကို ကမန်းကတန်း ထိုသူ ကျောပေးထားရာ တောင်ကြောလေးတစ်ခုပေါ်သို့ လှမ်းထိုးချိန်လိုက်၏။

ကျွန်တော်၏ ရှုပ်ရှားမှုကြောင့် ထိုသူသည် နောက်သို့လှည့်ကြည့်လိုက်ပြီး–

"အော်... မုဆိုး ဆိုတော့လည်း မျက်စိ အလျင်သား၊ ဒီနား တစ်ဝိုက် တောခွေး တစ်ကောင်စ နှစ်ကောင်စ ရှိပါတယ်။ ကျုပ်ဆိုလျှင် ခြင်နှင့် သူတို့ကိုသတ်ဖို့ နေနေသာသာ ခြောက်လှန့်တောင် မထုတ်ပါဘူးဗျာ၊ ဒါကြောင့်လည်း ကျုပ် ဘာအန္တရာယ်မှ မကြုံတာ ဖြစ်မယ်"

ထိုသူ့စကားကြောင့် ကျွန်တော်သည် တောခွေးကို မပစ်လေတော့ဘဲ လွှတ်ပေးလိုက်တော့၏။

"ခင်ဗျား တောတောင်ထဲမယ် တောခွေးတွေနဲ့ မကြာခဏ တွေ့ပြီး သူတို့ရဲ့ အရှင်သခင်မ ဆိုတာကိုကော မတွေ့မိဘူးလား"

"ဟား... ဟာ... ဟား... ဟား..."

ကျွန်တော့် အမေးကြောင့် သူသည် ရယ်မောလိုက်ပြီး–

"ထင်ကြေးနဲ့ ပြောနေကြတာကို ခင်ဗျား ယုံသလား၊ လူသားမ တစ်ယောက်က ဘယ်လိုလုပ် တောခွေးတွေနဲ့ တူတူ နေပါ့မလဲဗျာ... စိတ်ကူးယဉ် ပြောကြတာတွေ၊ ဒဏ္ဍာရီတွေပါဗျာ... အေး ခင်ဗျား ပြောသလို တောခွေးတွေရဲ့ အရှင်သခင်မ တကယ် ရှိလျှင်ဖြင့် ကျွန်တော် တွေ့တဲ့နေ့ ချစ်ရေးဆိုပစ်လိုက်မယ်... ဟဲ.. ဟဲ.. ဟဲ..."

"နို့ နေပါဦး ခင်ဗျား စခန်းတဲက ဘယ်မလဲ" လှမ်းမေးလိုက်သည်။

"ကျတ်မြောင်ဖျား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ယခု စခန်းချနေသည့် မြောင်အဖျားပါကလာ ထိုသူသည် သူ့အလုပ် သူဆက်လုပ်နေသည်ဖြစ်၍ ကျွန်တော်သည် ထိုနေရာလေးမှ ပြန်လှည့်ထွက်ခဲ့တော့သည်။

"ဒုတ်"

"ဒုတ်" "ဂျွတ်" "ဖျောက်"

သစ်ခုတ်သမားသည် သူ့အလုပ် သူဆက်လုပ်နေဆဲ ဖြစ်၏။

ကျွန်တော်သည်လည်း နောက်သို့ လှည့်မကြည့်လေတော့ဘဲ လင်းမြင့်လှိုင် ရှိရာ ပြန်ခဲ့လေသည်။

"ဖျောက်..." "ချွတ်..." "ချွတ်"

သစ်ခုတ်သမားသည် သူ့နောက်ဘက်မှ သူခုတ်ပြီး သစ်ခက် သစ်လက်တို့ကို နင်းလျှောက်လာသံကြောင့် နောက်သို့ လှည့်ကြည့်လိုက် သည်။

"ဟင်!"

သူ အတော်ကလေး အံ့သြသွား၏။

ထိတ်လန့်သွားတော့၏။

ဘယ်လို ဖြစ်နိုင်မှာလဲ။

စောလေးကတင် သေနတ်ကိုင် မုဆိုးတစ်ယောက် သူ့အား လာ စကားပြောနေ၏။ ထိုမုဆိုး ပြန်သွားသည်နှင့် သူ့အလုပ်သူ ဆက်လုပ် နေ၏။

ထွက်သွားသော မုဆိုး ကစ်ခေါက် ပြန်လှည့်လာသည်ဟု ထင် လိုက်၍ လှည့်ကြည့်လိုက်သည်တွင် လုံးဝ ထင်မထားသော မြင်ကွင်း တစ်ခုက သူ့အား လွန်မင်းစွာ အံ့အားသင့်သွားစေ၏။

ဝါးဖြင့် ယက်ထားသော ဗုလိုင်းကို လွယ်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



ထဘီတိုတို၊ ဆံပင်ဖားလျားချထား၏။

မှုန်တေတေဖြင့် သူ့ကို ကြည့်နေသည်။

သူမ၏ ပုံပန်းသဏ္ဌာန်သည် ချစ်စရာကောင်းသလို၊ သူမ၏ အကြည့်သည် ကြောက်စရာကောင်း၏။

ဟုတ်မှ ဟုတ်ပါလေစ။

သူ အမြင်မှားနေတာလား၊ သို့တည်းမဟုတ် နေ့လယ်ခင်းကြီး တာခြောက်ခံနေရတာ များလေလား။

"စောစောကလူ ဘယ်သူလဲ"

အလို... လူသားစင်စစ်ပါကလား။

"ငါ မေးနေတယ်လေ... စောစောကလူ ဘယ်သူလဲ"

"ဗျာ"

သည်တော့မှ သစ်ခုတ်သမား သတိရလာတော့၏။

"ကျုပ် ဘယ်သိပါ့မလဲ၊ ခင်ဗျား ဘယ်သူလဲ"

သစ်ခုတ်သမားက သူမကို မျက်နှာချင်းဆိုင်၍ စေ့စေ့ကြည့် မေးလိုက်၏။

သူ့အမေးကို သူမက မဖြေ။

"ရှင်က မီးလောင်ကုန်းရွာသား မဟုတ်လား"

"ဟုတ်တယ်လေ"

"နို့ဖြင့် သူကြီး ဦးစိန်ထွားနဲ့ ဘာတော်လဲ"

"အော်... မင်းက ငယ်ငယ်ရွယ်ရွယ်နဲ့ ငါ့အတီးကို သိနေပါကလား"

"နင်ပြောပုံဆိုရင်... မီးလောင်ကုန်းရွာသူကြီးဟောင်း ဦးစိန်ထွားဟာ နင့်ဘကြီး တော်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ... ငါက သစ်ခုတ်နေရပေမင့် သူကြီးမျိုးရိုးဟဲ့"

"ဟား... ဟား... ဟား... ဟား... ဟား... ဟား... ဟား... ဟာ
နင်က သူကြီး ဦးစိန်ထွား မျိုးဆက်ပဲ... ဒီလိုဆိုတော့လဲ... "ရွှီး"..."

ပြောပြောဆိုဆို သူမသည် လက်ခေါက်တစ်ချက်မှုတ် အသံ
ထိုက်သည်နှင့် တောခွေးတစ်အုပ်သည် ရုတ်ခြည်းရောက်လာပြီး သစ်ခု
သမား ကို ဝိုင်းဝန်းကိုက်ခဲ ကြလေတော့၏။

"ဝူ... ဝူ... ဝုတ်... ဝုတ်... ဝူ"

"အု... အူး... အား... အား... အမလေး"

"အား"

ထိုနေရာလေးတွင် တဒင်္ဂ လှုပ်လှုပ်ရှားရှား ဖြစ်သွားတော့၏

"ရွှီး"

လက်ခေါက်မှုတ်သံ ကြားသည်နှင့်-

တောခွေးအုပ်သည် ထိုနေရာလေးမှ ပြေးထွက်သွားကြတော့
သည်။ သူတို့ ပြေးလွှားသွားခြင်းသည် ဆံပင်ရှည်ရှည်၊ ပုလိုင်းလွယ်ထား
သည့် သူတို့သခင်မနောက်သို့ ဖြစ်ချေ၏။

သစ်ခုတ်သမားသည် သွေးသံရဲရဲဖြင့် သူခုတ်ဖြတ်လိုက်သည့်
သစ်လုံးကြီးပေါ်တွင် မှောက်ခုံကြီး လဲကျသေဆုံး ကျန်ရစ်လေတော့၏။

"တောခွေးတို့ရဲ့ အရှင်သခင်မ တကယ်ရှိလျှင်ဖြင့် ကျွန်တော်
တွေ့တဲ့နေ့ ချစ်ရေးဆိုပစ်လိုက်မယ်" ဆိုသည့် သစ်ခုတ်သမား နဖူးတွေ့
ဒူးတွေ့ တွေ့ပြန်တော့လည်း ဘာမှ မပြောနိုင်တော့ပါကလား။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် လင်းမြင့်လှိုင်တို့နား ရောက်သည်တွင် ဦးဇာမဏီအား မီးလောင်ကုန်းရွာသား သစ်ခုတ်သမားနှင့် တွေ့ခဲ့ပုံကို ပြန်ပြောလိုက်၏။

"ဘယ်သူပါလိမ့်" "လာ သွားကြည့်မယ်" ဆိုကာ ဦးဇာမဏီက ခရီးဆက်ရင်း ထိုနေရာလေးသို့ သွားလိုက်သည်တွင် ခွေးအတို့ ရက်ရက်စက်စက် ကိုက်သတ်၍ သေဆုံးနေပြီဖြစ်သော သစ်ခုတ်သမားကို တွေ့လိုက်ရသည်တွင် စိတ်မကောင်းကြီးစွာ ဖြစ်သွားမိတော့၏။

သူ ဘာမှားသွားပါလိမ့်။ သူပြောသလို တောခွေးတို့၏ အရှင်သခင်မနှင့် တွေ့သွားလေသည်ကြောင့်များလား။

"မီးလောင်ကုန်းရွာသား တစ်ယောက် သွားပြန်ပြီဟော့"

သူကြီး ဦးဇာမဏီက သို့သာ ပြောနိုင်ပေတော့၏။

စိတ်မကောင်းကြီးစွာဖြင့် ကျွန်တော်တို့သည် ထိုနေရာလေးမှ



www.burmeseclassic.com

www.burmeseclassic.com



ခွာခဲ့ကြတော့သည်။

သို့ လျှောက်ခဲ့ကြရာမှ ခန်းဆောလေး တစ်ခုတွင် တောဝက်လေးတစ်ကောင်ကို တွေ့လိုက်သည်တွင် ကျွန်တော်သည် နောက်မှ ကပ်လိုက်လာသူတို့ကို လက်ကာပြ တားလိုက်ပြီး လက်တွင်းရှိ သေနတ်ဖြင့် ထိုးချိန်ပစ်လိုက်သည်။

"ဒိန်း"

လျှပ်တစ်ပြက် ပစ်ရသည်ဖြစ်ခြင်းကြောင့် ပစ်မှတ် အနည်းငယ် ယွဲ့ချော်သွား၏။ တောဝက်ကောင်သည် ထိုနေရာလေးမှ ဒဏ်ရာ အနာတရဖြင့် ပြေးထွက်သွားတော့၏။

"တောက်"

ကျွန်တော်သည် မကျေမနပ်ဖြစ်ကာ တောက်တစ်ချက် ခတ်လိုက်ပြီး–

"ဒီကောင် ဒီနားတင် ပြေးနိုင်မှာ... ဒီက ခဏစောင့်ကြဗျာ" ဆိုပြီး ထိုတောဝက် ထွက်ပြေးသွားရာ ခန်းဆောတွင်း ကျွန်တော် လိုက်ဝင်သွားလိုက်၏။

"ကွိစ်..." "ကွိစ်..." "ကွိစ်"

အကောင်အထည်ကို မမြင်ရ။ နာကျင်စွာ အော်ဟစ် ပြေးလွှား သံနောက် လိုက်သွားခဲ့သည်။

တကယ်တော့ တောဝက်ကောင်နှင့် ကျွန်တော်သည် လက်တစ်ကမ်းသာ ကွာပုံရ၏။ ခန်းပင်ကြား တိုးဝှေ့ ပြေးသွားလေခြင်းကြောင့် ပစ်ခတ်ခွင့် မကြုံခြင်း ဖြစ်၏။ တောဝက်သည် ရှေ့မှပြေး၊ ကျွန်တော်သည် နောက်မှ ထပ်ကြပ်မကွာ လိုက်။

သည်သို့ဖြင့် ခရီးအတော်ကလေး ပေါက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟူး"

ခနုံးတောလေး အလွန်တွင် တောဝက်ကောင်သည် ကွင်းစပ်လေးကို ဖြတ်၍ အားသွန်ပြေးသွားတော့၏။

"ဒိန်း"

ပစ်ကွင်းရှင်းသည်ကြောင့် လှမ်းပစ်လိုက်ပြန်၏။

လှစ်ခနဲ တောဝက်ကောင်သည် ကွင်းစပ်တစ်ဖက် ချုံနွယ်တောသို့ တိုးဝင်သွားတော့၏။

နောက်ထပ်တစ်ချက် ပစ်လိုက်သည်တွင် တောဝက်သည် ပြေးလျက်မှ ယိမ်းယိုင်သွားခြင်းကြောင့် ကျည်ထိသွားသည်ကိုတော့ သိလိုက်၏။

သွေးရူးသွေးတမ်းဇောဖြင့် ထွက်ပြေးသွားခြင်းသာ ဖြစ်ချိမ့်မည်။ ကျွန်တော် အလွတ်မပေးလိုတော့ပါ။ သို့ကြောင့် တောဝက် တိုးဝင်သွားသည့် ချုံနွယ်တောသို့ တိုးဝင်ကြည့်လိုက်၏။

"ဟား..." တော်ပါသေးရဲ့။

ခွေခွေလေး ငြိမ်သက် လဲကျနေသည့် တောဝက်ကို တွေ့လိုက်လေတော့မှ ကျွန်တော် ကျေနပ်သွားတော့၏။

တောဝက်ကောင်သည် အကောင်သေးပေမင့် အသက်ပြင်းလွန်းလှ၏။ ကျည်နှစ်ချက် မှန်ထားပေမင့် ကျွန်တော့်ကို ဒုက္ခပေး ပြေးနိုင်သေး၏။

ကျွန်တော်သည် တောဝက်သေကို ကောက်ထမ်းပြီး ထိုချုံနွယ်တောလေးမှ ထွက်ခဲ့၏။ ကွင်းစပ်ကို ဖြတ်၍ ခနုံးတောတွင်း ပြန်ဝင်ခဲ့၏။

"ဟာ..."

အတန်ကြာ ခနုံးတောတွင်း တိုးဖော့ ဖြတ်ထွက်ခဲ့ရာမှ ခနုံးတော



www.burmeseclassic.com

www.burmeseclassic.com



စပ် ရောက်သည်တွင် ကျွန်တော့်ပြန်လမ်း မှားယွင်းနေပြီကို သတိရမိတော့၏။

"ဗုဒ္ဓေါ"

သို့ကြောင့်–

"ပူး"

"ပူး" "ပူး" ရယ်လို့ လင်းမြင့်လှိုင်တို့ကို အသံပြု အချက်ပေးလိုက်၏။

"ပူး"

ကျွန်တော်ကသာ အသံပြုနေသည်။ တစ်ဖက်မှ တုံ့ပြန်သံ မကြားရပါကလား။

"ပူး"

အသံကို မြှင့်လိုက်သည်။

ဘယ်လိုကြောင့် ဒီ ခနဲ့တောလေးမှာပင် မျက်စိလည်သွားရပါလိမ့်။ ခနဲ့တောတွင်း ပြန်ဝင်ခဲ့၏။ အခြားလမ်းကို ပြန်ရှာသွားလိုက်ပြန်၏။ လွဲပြန်ချေပြီ။

လင်းမြင့်လှိုင်တို့ ဘယ်ရောက်နေပြီနည်း။

သူရှာ ကိုယ်ရှာ လွဲနေခြင်းများလေလား။ သို့ကြောင့် ခနဲ့တောစပ်တွင် တွေ့ရသည့် နတ်သတ်ပင်ခြောက်ကြီး တစ်ခုတွင် ထိုင်ချနားနေလိုက်၏။

"ဟူး"

တောဝက်ကောင်ငယ်ဆိုပြား အချိန် ငါးပိဿာခန့် ရှိချိမ့်မည်။ ကျွန်တော်သည် တောဝက်သေကို ကြည့်ပြီး ပတ်ဝန်းကျင်တစ်ဝိုက် လှည့်ပတ်ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင်တို့ အရိပ်အရောင် မပြောလေနှင့်၊ တောကောင်တို့၏ အရိပ်အရောင်ပင် မမြင်ရ။

အတော်လှမ်းလှမ်းတွင် စမ်းရေ စီးဆင်းနေသော မြောင်လေးတစ်ခုကို လှမ်းတွေ့ရ၏။

ကျွန်တော် ဆုံးဖြတ်ချက် ချလိုက်၏။

ဤနေရာလေးတွင် နား... နားနေ.. နေလိုက်မည်။ လင်းမြင့်လှိုင်တို့ ရောက်လာလျှင်လည်းကောင်း၊ သို့မဟုတ် နားနေပြီး စမ်းချောင်းလေးအတိုင်း စုန်ဆင်းသွားကြည့်မည်ဟု ဆုံးဖြတ်လိုက်၏။

ထိုစမ်းချောင်းလေးဆုံးလျှင် မြောင်သို့မဟုတ် ချောင်းတစ်ခုခုကို တွေ့နိုင်လိမ့်မည်ဟု ထင်၏။ ထိုအခါ ထိုမြောင်ကို ကြည့်၍ ကျွန်တော် ဘယ်နေရာ ရောက်နေပြီကို ဆုံးဖြတ်နိုင်လိမ့်မည်ဟု ထင်၏။

ကျွန်တော်သည် "နတ်သတ်"ပင်လဲကြီးကို ဖင်ခုထိုင်လိုက်ပြီး အင်္ကျီအိတ်ကပ်တွင်းရှိ ဒူးယား စီးကရက်ဘူးအတွင်းမှ ဆေးလိပ်တစ်လိပ်ကို ထုတ်ယူမီးညှိ ဖွာလိုက်တော့၏။

လတ်ဆတ်သော ဆေးလိပ် ဖြစ်သည်ကြောင့် သင်းပျံ့သော ရနံ့သည် ထွက်လာ၏။

ကျနေသော စိတ်ဓာတ်သည် လန်းဆန်း တက်ကြွလာတော့၏။

ဆေးလိပ်အရသာကို ခံ၍ ဖွာရှိုက်နားနေလိုက်၏။

စီးကရက်တစ်လိပ် ကုန်သည့်တိုင် နားနေလိုက်ပြီးနောက် သေနတ်ကို ကောက်ယူ တောဝက်သေကို ပုခုံးထက် သိုင်းထမ်းယူပြီး ထိုနေရာလေးမှ စမ်းချောင်းလေးအတိုင်း စုန်ဆင်းခဲ့တော့၏။

သို့ စမ်းချောင်းလေးအတိုင်း စုန်ဆင်းခဲ့ရာမှ အတန်ကြာကြာ အချိန်လောက်တွင် စမ်းချောင်းဝသို့ ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!"

ထင်ထားသလို မြောင်မဟုတ်လေဘဲ ချောင်းဖြစ်နေ၏။

ကျွန်တော်၏ ရည်ရွယ်ချက်အတိုင်း ထိုချောင်းလေးအတိုင်း စုန်ဆင်းလေမည်ဟု တွက်ထားပြီး တကယ်တန်းကျတော့ ချောင်းအထက်သို့ ဆန်တက်ခဲ့တော့၏။ ဘယ့်တွက်မူ ချောင်းအထက်ပိုင်းတွင် မီးခိုးတလူလူ တွေ့လိုက်ခြင်းကြောင့် ဖြစ်၏။ မီးရှိလျှင် လူရှိရမည်။

အသေချာဆုံးသည် ယနေ့အဖို့ သက်ရှိလူသား တစ်ယောက်သို့မဟုတ် စခန်းတစ်ခုခုသို့ ကျွန်တော် တွေ့နိုင်၊ ရောက်နိုင်ပေလိမ့်မည် ဖြစ်၏။

ထို မီးခိုးတလူလူတွင် လင်းမြင့်လှိုင်တို့ ရှိကောင်း ရှိမည်။ သို့မဟုတ် စခန်းချနေသော လူသားတစ်ယောက်ဖြင့် ရှိချိမ့်မည်။ လင်းမြင့်လှိုင်တို့ မဟုတ်လေဦးတော့။ လူရှိသော စခန်းတစ်ခုခုတွင် ကျွန်တော့်တွက် နားခိုစရာ ရပေလိမ့်မည်။ သို့ကြောင့် မရေရာသော ချောင်းအောက်ဘက် စုန်ဆင်းမည့်အစား ချောင်းအထက်ပိုင်း တက်ခဲ့ခြင်းသည် ကျွန်တော့်အတွက် အဆင်ပြေနိုင်လောက်၏ ဟု တွက်လိုက်မိသည်။

ချောင်းသည် အထက်ပိုင်း ဖြစ်နေလို့လားမသိ၊ ခြေမျက်စိ သာသာ ရေတို့သည် ကျောက်စိုင် ကျောက်ခဲတို့ကို တိုးဝှေ့၍ သာသာညှင်းညှင်း စီးဆင်းနေ၏။ ကျွန်တော်သည် ချောင်းအတိုင်း ဆန်တက်ခဲ့ပြီး မီးခိုးငွေ့ကို မျက်ခြည်ပြတ်မခံကြည့်ကာ လျှောက်ခဲ့ခြင်း ဖြစ်၏။

သို့ လျှောက်ခဲ့ရာမှ ချောင်းကမ်းနံဘေး ကမ်းပေါ်မှ ဖြတ်သန်းပြေးလွှားသွားသည့် ဂျီ(ချေ)ကောင်ကို တွေ့ပြီး ပစ်ခတ်ခြင်း မပြုပါလေ့ချေ။ ဘယ့်တွက်မူ တောဝက်ကောင်နှင့်ပင် လတ်တလော ရိက္ခာအတွက် အဆင်ပြေချေပြီ မဟုတ်ပါကလား။



www.burmeseclassic.com

www.burmeseclassic.com



လျှောက်ခဲ့သော ခရီး ရှည်ကြာလာလေ၊ တောဝက်သဲကောင်သည် ပို၍ ပို၍ လေးလာလေဟု ထင်ရ၏။

ရေရှည်ဆိုတော့ကာ မလွယ်ပါကလား။

သို့ လျှောက်ခဲ့ရာမှ မိုးခိုးငွေ့သည် ချောင်းကမ်းပေါ်ရှိ တောင်ကြောတစ်ခုပေါ်မှ ဖြစ်နေခြင်းကြောင့် ကျွန်တော်သည် ချောင်းအတွင်းမှ ကမ်းပေါ် ဖြတ်တက်လိုက်၏။

အောက်ပေါင်း ရှုပ်နေသဖြင့် ဆူးချုံနွယ်တို့ကို တိုးဝှေ၍ ကမ်းပါးယံရှိ တောင်ကြောလေး တစ်ခုပေါ် အမိအရ လှတက်လိုက်၏။

တော်သေးသည်။ တောင်ကြောလေးတွင်မတော့ ဆင်လမ်းယောင်းလေး တစ်ခု ရှိနေခြင်းကြောင့် ထိုဆင်လမ်းအတိုင်း ရှေ့သို့ မျှော်ကြည့်ကာ လျှောက်ခဲ့တော့၏။

မီးရှိရာသို့ တဖြည်းဖြည်း နီးလာချေပြီ။

လူသားတစ်ဦး တစ်ယောက်နှင့် တွေ့ရပေတော့မည်။

ပင်ပန်းနေပြီဖြစ်၍ ကျွန်တော်သည်လည်း နားနေချင်ပြီ ဖြစ်၏။

ကျွန်တော့်အတွက် လင်းမြင့်လှိုင်တို့နှင့် တွေ့ခြင်း မတွေ့ခြင်းသည် အဓိက မဟုတ်ချေတော့။

နားနေရန် စခန်း တစ်ခုခုသို့သာ ရောက်လိုခြင်း ဖြစ်တော့၏။ မိုးခိုးငွေ့သည် ကျွန်တော် လျှောက်လာသော တောင်ကြောလေး၏ ကြောမကြီးပေါ်မှ ဖြစ်နေခြင်းကြောင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိ၏။

တောင်ကြောမကြီးသည် မဝေးချေပြီ။

ဟုတ်ပြီ... စခန်းတစ်ခုသို့ ရောက်တော့မည်။

ကျွန်တော် လျှောက်လှမ်းနေသော တောင်ကြောလေး၏ ဆင်ခြေလျှော အတက်ကလေး ဆုံးလျှင်တောင်ကြောမပေါ် ရောက်ချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် မရပ်မနား အားတင်းတက်လိုက်၏။

"အလိုလေးဗျာ"

ခဲလေသမျှ သဲရေကျချေပြီ။

မီးခိုးတလူလူ ဖြစ်နေသည့် နေရာသို့ ရောက်လာပါရဲ့၊ သို့ပေမင့် ထို မီးခိုး တလူလူသည် စခန်းတဲမီးပုံမှ ထွက်နေခြင်းမဟုတ်။ သစ်ခြောက်ပင် ငုတ်တိုတစ်ခု မီးစွဲနေခြင်းသာ ဖြစ်တော့၏။

ကျွန်တော် လွန်မင်းစွာ စိတ်ဓာတ်ကျသွားတော့၏။

ပုခုံးထက် ထမ်းလာသော တောဝက်သေကောင်ကို မြေပေါ်သို့ ပစ်ချလိုက်တော့သည်။

"ဘုတ်"

ပြီးနောက် ကျွန်တော်သည် ထိုတောဝက်ကောင် ကိုယ်ပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်တော့၏။

"ဟူး"

လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။

ထိုသည်ကား ဖြစ်တတ်သည့် သဘောပင် ဖြစ်သည်။

သစ်ပင်ခြောက်တို့သည် ကိုင်းချင်း ပွတ်သပ်မိကာ မီးပွင့်ထွက် မီးလောင်တတ်၏။

တစ်ပင်လုံး လောင်ကျွမ်းပြီး ယခုကဲ့သို့ သစ်ငုတ်တိုဘဝသို့ ပြောင်းလဲကာ မီးငွေ့ငွေ့ လောင်နေခြင်းသည်လည်း သဘာဝပင် ဖြစ်တော့၏။

ကျွန်တော့်အတွက်လည်း အချိန်မရှိတော့ပြီ။

ခေတ္တခဏ နားနေပြီးနောက် ထိုသစ်ပင်ငုတ်ကိုပင် အနားရှိ သစ်ကိုင်းခြောက်တို့ကို စုစည်း၍ မီးပုံဖြစ်အောင် လုပ်လိုက်၏။ ဤသို့ပင်



www.burmeseclassic.com

www.burmeseclassic.com



စ်ညအိပ် စခန်းချတော့မည် ဆုံးဖြတ်လိုက်၏။

ထိုမီးလောင် သစ်ငုတ် နံဘေးရှိ ကျွန်းပင်ကြီးတစ်ပင် အောက်ခြေတွင် နားနေလဲလျောင်း၍ မှင်း လင်းလိုက်၏။ ပြီးနောက် ထောဝက်သကောင်ကို အရေခွာ၍ ကောင်လုံးလိုက် တံစို့ထိုး၍ မီးပုံတွင် မီးကင်လိုက်၏။

ကိစ္စ ဝိစ္စ အားလုံး လုပ်ပြီးသည်တွင် အမှောင်ထုသည်လည်းရောက်လာချေပြီ ဖြစ်၏။

ဤနေရာသို့ အချိန်ကိုက် ရောက်လာလေခြင်းဟု ပြောရပေမည်။ ကျွန်တော်သည် ကျွန်းပင်ခြေရင်းတွင် ကျောမှီ၍ နားနေလိုက်၏။

သည်တစ်ညတော့ဖြင့် ဤနေရာတွင် တစ်ယောက်တည်း စခန်းရပေတော့မည်။ ကျွန်တော့်အတွက် တော်သေးသည်မှာ စားစရာ ဝက်ကောင်လုံးကင် ရှိနေ၍ ဖြစ်တော့၏။

အတန်ကြာကြာတွင် ဝက်ကောင်လုံးကင်မှ မွှေးပျံ့သော အသားင်ရနံ့ ပေါ်ထွက်လာတော့၏။

လင်းမြင့်လှိုင်ကို သတိရလိုက်၏။

သူ့တွင် အမြဲပါတတ်သည့် ဝီစကီနှင့် ဆိုပါလျှင် မည်မျှ အဆင်ပြေလိမ့်မည်နည်း။

ကျွန်တော်သည် ဝက်ကောင်လုံးကင် စား၍ ရလေပြီ ဖြစ်၍ တ်ဆောင် ဓားမြှောင်ဖြင့် အသားတစ်ဖဲ့ ဖြတ်လှီး စားလိုက်၏။

ကောင်းမှကောင်းပါကလား။

သို့ကြောင့် တစ်ဝကြီး လှီး ဖြတ်စားလိုက်၏။ ပြီးနောက် ခါးတ်ဆောင် ရေဗူးတွင်းမှ ရေကို တစ်ငုံ မော့သောက်လိုက်၏။

"ဝု... ဝုတ်... ဝုတ်... ဖူး"



www.burmeseclassic.com

www.burmeseclassic.com



အောက်ဘက် တောင်ကြောလေးပေါ်မှ ပြေးလွှား အော်ဟစ်သွ သည့် တောခွေးတစ်ကောင်ကို လှမ်းတွေ့လိုက်သည်ကြောင့် လက်တွင် ရှိ သေနတ်ဖြင့် တစ်ချက် ပစ်လိုက်၏။ ခြောက်လှန့် ပစ်လိုက်ခြင်းသ ဖြစ်၏။

ဝက်ကင် ရနံ့ကြောင့် ရောက်လာခြင်း ဖြစ်မည်။

သို့ ခြောက်လှန့်မပစ်ပါက ဒီည ကျွန်တော် ကောင်းကောင်းအိ ရမည် မဟုတ်။ တစ်ကောင်စ နှစ်ကောင်စနှင့် တောခွေးတို့ ရောက်လ ကြမည်။ ကျွန်တော် အိပ်ပျော်နေစဉ် ဝက်ကင်ကို လာရောက်ဆွဲကြလိ မည်။ ကံဆိုးလျှင် ကျွန်တော့်ကိုပင် အန္တရာယ် ပေးသွားကြပေလိမ့်မည်

ယခုလို ခြောက်လှန့် ပစ်လိုက်လေတော့ ထိုတောခွေးကော သည် မြောင်တွင်းသို့ ကမူးရှူးထိုး ပြေးဆင်းသွားတော့၏။

ထိုတောခွေးကောင် ဘယ်တော့မှ ပြန်လာတော့မည် မဟုတ်။

ကျွန်တော်သည် မီးပုံနားမှာပင် ဝက်ကင်ကို အားပါးတရ ဖြတ် စားလိုက်ပြီးနောက် နားနေရန် ကျွန်းပင်ခြေရင်းတွင် ကျောမှီ ထိုင်ချလိုက်တော့၏။

ည အချမ်းဒဏ် ခံနိုင်ရန် အလို့ငှာ ခပ်လှမ်းလှမ်းရှိ ထင်း ထင်းမီးစအချို့ကို ယူ၍ နံဘေးမှာပင် မီးပုံငယ်လေး တစ်ခု ပြုလုပ်လို တော့သည်။

သည်လောက်ဆိုလျှင် ကျွန်တော့်အတွက် တစ်ညတာ အိပ် ခြင်းအတွက် လုံခြုံစိတ်ချ ရချေပြီ။

ကျွန်တော်သည် သစ်ပင်ကို ကျောမှီကာ မှိန်းနေလိုက်ရ လင်းမြင့်လှိုင်နှင့် ဦးဇာမဏီ ဘယ်ရောက်နေပါလိမ့်။ ကျွန်တော့်အတွ စိုးရိမ်ပူပန်နေကြပေရော့မည်။



www.burmeseclassic.com

www.burmeseclassic.com



မနက်ရောက်လျှင် ပြန်တွေ့ကောင်း တွေ့ပေလိမ့်မည်။

သို့မဟုတ်ပါက ကျွန်ုပ်တော်သည် ချောင်းအတိုင်း ပြန်စုန်ဆင်း၍ လောင်ကုန်းရွာသို့ ပြန်ရ၊ ၁ဦးစားလိုက်၏။

သူတို့သည်လည်း ကျွန်တော့်အား တစ်ရက်နှစ်ရက် နေလို့မှ တွေ့လျှင် ရွာပြန်ကြပေလိမ့်မည်။

သစ်ပင်ကို ကျောမှီ၊ မျက်ဝန်းအစုံကို မှိတ်၊ ဟိုဒီ တွေးတောနေ ရာမှ ငိုက်ခနဲ ဖြစ်သွားသည်။

ဆတ်ခနဲ သတိ ပြန်ဝင်လာ၏။

သတိတစ်ချက် ပြန်ဝင်လာလိုက်၊ ငိုက်သွားလိုက်နှင့် နောက်ဆုံး တိလက်လွတ် ဖြစ်သွားတော့သည်။

"ဝု... ဝု... ဝု... ဝုတ်... ဝုတ် ဝု"

"အူ... အူ... အူ... အူ... အူ ဝု... ဝု"

တောခွေးသံတို့ကြောင့် ကျွန်တော် မျက်လုံးအစုံကို ဖွင့်ကြည့် လိုက်၏။

"ဟာ..."

တောခွေးလေးကောင်ခန့် ဝက်ကင်နား ရောက်နေကြပါကလား။ တ်ကောင်လုံးကင်နားတွင် ဟိုဒီလူးလာ လျှောက်နေကြ၏။ ဝက်ကင်ရနံ့ ၍ လာကြသည့်ပဲ။

ကျွန်တော်သည် ကပျာကသီ သေနတ်ကို ဆွဲယူ၍ ထိုတောခွေး ထံ ချောက် သွန့်ပစ်လိုက်၏။

"ဒိန်း"

အလိုလေးဗျာ... ဘယ်လိုပါလိမ့်။ ကြောက်လန့် ထွက်ပြေး နေသာသာ ကျွန်တော့်ဘက်သို့ပင် လေးကောင်စလုံး လှည့်ကြည့်၍-



www.burmeseclassic.com

www.burmeseclassic.com



"ခွီး..." "ခွီးစ်" "ခွီး" "ခွီးစ်"

ရယ်လို့ မာန်ဖီကာ သွားဖြီးပြကြကုန်၏။ ကျွန်တော့်အား ရန်ပြု

လာမည့်ပုံ ဖြစ်၏။

"တောက်"

ကျွန်တော်သည် တောက်ခေါက်လိုက်ပြီး အနီးကပ်ဆုံး ရှိနေသည့်

အကောင်ကို သေနတ်ဖြင့် ချိန်ရွယ်၍ အသေပစ်လိုက်ပြန်သည်။

"ဒိုင်း"

ထို တောခွေးကောင်သည် နောက်သို့ ၁၀ပေခန့် လွင့်ထွက်လဲ

သွားတော့၏။

"ကိန်..." "ကိန်..." "ဂိန်"

လူးကာလိမ့်ကာ ကြားမှ ကုန်းရုန်း ပြန်ထလာ၏။

"ခွီး"

ဦးခေါင်းတစ်ခုလုံး သွေးသံရဲရဲနှင့်ပင် ကျွန်တော့်ကို တစ်ချက်

မာန်ဖီလာပြီး မျက်နှာပေါ်သို့ ခုန်လွှား လာတော့၏။

"ဟာ..."

ကျွန်တော် ဘာလုပ်ရမည် မသိတော့ချေ။

ရဲတင်းလိုက်တာ၊ မြန်လိုက်တာ။

ဒီလောက် သေနတ်ကျည် ထိမှန်၍ လွင့်ထွက်သွားတာတောင်

လဲကျ သေဆုံးခြင်း မရှိပါကလား။ ဟုတ်မှ ဟုတ်ပါလေစ။

ကျွန်တော့်ကိုပင် ရန်ပြုတိုက်ခိုက်လာချေပြီ။

"ဒိုင်း"

ကျွန်တော့်လက်မှ သေနတ်ကျည် တစ်တောင့် ထွက်သွားခြ

ထို တောခွေးကောင်ကို ထိမှန်သွားပုံမရ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် ခန္ဓာကိုယ်ပေါ်သို့ လေးပင်သော တောခွေး၏ ခန္ဓာကိုယ်ကြီး ပိကျလာတော့၏။

"အား..."

တစ်ပြိုင်နက် ဆိုသလို တောခွေးကောင်၏ သွားစွယ်ကြီးများက ကျွန်တော့် မျက်နှာပြင်ကို ကိုက်ခဲ ဆွဲဖွဲ့လာတော့၏။

နာလိုက်သည်ဖြစ်ခြင်း။

သည်တစ်ခါတော့ ကျွန်တော့်ကို ကယ်မည့်သူ မရှိချေပြီ။

"ဒိုး"

ကျွန်တော် နောက်ဆုံး သိလိုက် ကြားလိုက်သည်မှာ လက်ခေါက်မှုတ်သံ စူးစူး တစ်ချက်သာ ဖြစ်တော့၏။

ထို စူးစူးရှရှ လက်ခေါက်မှုတ်သံက ကျွန်တော့်ကို ကယ်လိုက်ခြင်း ဖြစ်သည်။

ကျွန်တော့် ကိုယ်ပေါ်သို့ အုပ်မိုးကျလာသော တောခွေးသည် လှစ်ခနဲ ပြေးလွှား ထွက်သွားတော့၏။

မီးပုံနားရှိ ကျန်တောခွေးတို့သည်လည်း ဘယ်ရောက်သွားကြလေသည် မသိ။ တောခွေးကိုက်ခဲသွားသော ကျွန်တော့်မျက်နှာကို ကျွန်တော် လက်ဖဝါးအစုံဖြင့် ပွတ်သပ်လိုက်၏။

"ဟင်"

နာကြင်ခြင်း အလျဉ်းမရှိသလို မည်သည့်ဒဏ်ရာ ဒဏ်ချက်မျှ ရှိမနေပါကလား။

အလိုလေးဗျာ... ကျွန်တော် အိပ်မက်ဆိုး မက်နေခြင်း ဖြစ်မည်။ မီးလင်းလုံမှ အိပ်မက်ဆိုး မက်ခြင်း ဖြစ်၍ တော်သေးတော့၏။

ကျွန်တော်သည် သစ်ပင်ခြေရင်းမှ ထလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



မီးပုံနား သွားလိုက်သည်။ တောခွေး မပြောလေနှင့်။ ပုရွက်ဆိတ်ကောင်လေးများပင် လာရောက်ခြင်း မရှိကြချေ။

ဆာလောင်နေသည်ဖြစ်၍ ကျွန်တော်သည် ဝက်ကင်သား တစ်တုံးကို ဓားဖြင့် လှီးဖြတ် စားလိုက်၏။

ရေတစ်ငုံ သောက်လိုက်၏။

ချမ်းစိမ့်စိမ့် ဖြစ်နေသည်ကြောင့် ပြာဖုံးနေသော ထင်းမီးတို့ကို နံဘေးရှိ သစ်ခက်ဖြင့် ယပ်လိုက်၏။ မကြာမီ မီးတောက်မီးဆွယ် ပြန်လာတော့၏။

သည့်နောက် ကျွန်တော်သည်လည်း နံနက် ဝေလီဝေလင်းအချိန်မှာပင် ထိုနေရာလေးမှ တောင်ကြောစွယ်လေးအတိုင်း ပြန်ဆင်းခဲ့တော့၏။

လိုရမယ်ရ ဆိုသလို ဝက်မီးကင်သား အနည်းငယ်ကိုတော့ဖြင့် ဖက်ရွက်ဖြင့် ထုပ်ပိုးသယ်ယူလာလိုက်၏။

ကျွန်တော်၏ ရှေ့ခရီး နီးသည် ဝေးသည် မသိလေဘဲကိုး။ ညအိပ်မက်သည် တောခွေးတို့ကို စွဲလန်း၍ ဖြစ်ချိမ့်မည်။

ကျွန်တော်သည် ကိုယ့်အတွေးနှင့်ကိုယ် တောင်ကြောလေးအတိုင်း ဆင်းခဲ့ရာမှ မနေ့က ရောက်ခဲ့သော ချောင်းမကြီးသို့ ရောက်လာတော့၏။ ထိုချောင်းအတိုင်း စိတ်လွတ်ကိုယ်လွတ် စုန်ဆင်းခဲ့တော့၏။

အတန်ကြာကြာ လျှောက်ခဲ့ရာမှ ကွေ့ချိုးလေးနား ရောက်တွင် တောင်ကြောကမ်းပေါ်မှ သတ္တဝါတစ်ကောင် တောတိုးလာသံကြောင့် ကပျာကသီ လှည့်ကြည့်လိုက်၏။

"ဟင်!"

တောခွေးတစ်ကောင် ပါကလား။ ဦးခေါင်းတွင် ဒဏ်ရာ ရထား

www.burmeseclassic.com



ပုံ ဖြစ်သည်။ ခွေး တစ်မျက်နှာလုံး သွေးတို့ ချင်းချင်းနီနေ၏။ ကျွန်တော့်အား ရန်ပြုလာမည်ထင်၍ လက်တွင်းရှိ သေနတ်ဖြင့် ထိုးချိန်လိုက်သည်။

“အီး...” “အီ”

ကျွန်တော့်အား ရန်ပြုတိုက်ခိုက်ဖို့ နေနေသာသာ ရရှိထားသော ဒဏ်ရာကြောင့် သို့နှယ် ညည်းတွားကာ ခွေလဲကျသွားတော့၏။

ထိုကောင်ကို ဘယ် သတ္တဝါကောင် ဒုက္ခပေးလိုက်ပါလိမ့်။

ထိုတောခွေးကောင် တိုးဝှေ့ထွက်လာသည့် ချုံနွယ်ပိတ်ပေါင်း ဘက် လှမ်းကြည့်လိုက်၏။

သတ္တဝါတစ်ကောင် တိုးဝှေ့လာပြန်၏။

သို့ကြောင့် လက်တွင်းရှိ သေနတ်ဖြင့် မိမိကိုယ် ကာကွယ်ရန် အလို့ငှာ အရံသင့် ထိုးချိန်ထားကာ အခြေအနေကို အကဲခတ် စောင့်ကြည့်နေလိုက်သည်။

“ဟင်”

လူတစ်ယောက်ပါကလား။ အရပ်သား တောမုဆိုးတစ်ယောက် ဖြစ်ချိမ့်မည်။ တစ်စုံတစ်ရာနောက် တောတိုးလိုက်လာသောပုံ ဖြစ်၏။ ကျွန်တော့်ကို ရုတ်တရက် တွေ့လိုက်သည်နှင့်–

“တောခွေးတစ်ကောင်များ တွေ့လိုက်သလား” ဟု မေး၏။ သည်တော့မှ ကျွန်တော် သဘောပေါက်သွားတော့၏။ တောခွေးသည် သူ၏ လက်ချက်ဖြင့် ဒဏ်ရာ ရလာခြင်း ဖြစ်၏။ ကျွန်တော်သည် သူ့အား ခပ်လှမ်းလှမ်းရှိ မြေပြင်ပေါ်တွင် ခွေလဲကျ သေဆုံးနေသော တောခွေးကို မျက်ရိပ်ပြလိုက်၏။

“ဇောလေးက ကျွန်တော့်စခန်းမယ် တောကြက်မီးကင်ထားတာကို လာခိုးစားသွားတယ်လေ... ဒါကြောင့် သူ့ကိုပဲ ဒူးလေးနဲ့ ပစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တာ၊ ဒဏ်ရာနဲ့ ထွက်ပြေးလာလို့ နောက်ယောင်ခံလိုက်လာတာ။ ကျေး
တင်ပါတယ် နေခင်ကြီးရယ်... တောခွေးက ကျွန်တော့်ကြက်ကို စားသွ
တယ်ဆိုတော့ သူ့ကိုပဲ ကျွန်တော် စားရတော့မှာပဲ"

သို့နှယ်ဆိုကာ ထိုမုဆိုးသည် တောခွေးသေကို လှန်လှော၊ကြ
ပြီး ပခုံးထက် ထမ်းတင်ကာ လာလမ်းအတိုင်း ပြန်တက်သွားလေတေ
သည်။

ထိုသူ ကျွန်တော့်အမြင်မှ ပျောက်သွားသည်နှင့် ကျွန်တော်သ
လည်း ရှေ့ ခရီးဆက်ခဲ့တော့သည်။

ထိုနေရာလေးမှ ထွက်ခဲ့ရာမှ မြောင်လေးတစ်ဖြတ် အရော
တွင် တောင်ကြောပေါ်မှ လူတစ်ယောက်၏ ထိတ်လန့်တကြား အော်ဟ
သံကြောင့် ကျွန်တော်သည် ခြေလှမ်းကို ရပ်တန့်လိုက်ပြီး ထိုတောင်ကြေ
လေးပေါ် လှမ်းကြည့် နားစွင့်လိုက်၏။

"အား..."

"အား..." "အမလေး" "ကယ်ပါဦး" "အား"

လူသားတစ်ယောက် ဒုက္ခ ရောက်နေပါကလား။

သားရဲကောင် တစ်ကောင်ကောင်၏ ဒုက္ခပေးခြင်း ခံရ၍ ဖြစ်ချိ
မည်။

ကျွန်တော်သည် မနေသာတော့။ သေနတ်ကို မောင်းတင်လိုက်
ပြီး တောင်ကြောလေးပေါ် ပြေးလွှားတက်လိုက်သည်။

ဆူးချုံနွယ်တို့ကို တိုးဖေ့တက်ခဲ့ရခြင်းကြောင့် တစ်ကိုယ်လုံး
ဒဏ်ရာဒဏ်ချက်ဖြင့် ရှိနေပြီ။ ဂရုမစိုက်အားချေ။

လူ့အသက်ကယ်ဖို့ အရေးကြီးသည် မဟုတ်ပါကလား။

"အား..."



www.burmeseclassic.com

www.burmeseclassic.com



"အမလေးဗျ..." "အား"

"ဝု..." "ဝု" "ဝုတ်" "ဝု" "အူး"

"ဟာ..."

တောင်ကြောလေး အလယ်လောက်တွင် မြင်လိုက်ရသည်မှာ လူတစ်ယောက်သည် မြေပြင်တွင် သွေးသံရဲရဲဖြင့် လူးလိမ့်နေ၏။ တောခွေးတစ်အုပ်သည် ဝိုင်းဝန်း ကိုက်ခဲနေကြ၏။

အချို့ခွေးတို့၏ ပါးစပ်တွင် လူ့အသား အစုံးအတစ်များ သွေးသံရဲရဲဖြင့် ရှိနေကြ၏။

"ဒိန်း"

ကျွန်တော်သည် လက်တွင်းရှိ သေနတ်ဖြင့် လူသားတစ်ယောက်ကို ဝိုင်းဆွဲနေသော တောခွေးတစ်အုပ်ကို ခြောက်လှန့်ပစ်လိုက်၏။

"အီ..." "အီ..." "အီ"

"ဝု..." "အီ.." "အီ"

သည်တော့လည်း ကြက်ပျောက်၊ ငှက်ပျောက် ပျောက်သွားကြတော့သည်။

"ဒိန်း"

နောက်တစ်ချက် ခြောက်ပစ်လိုက်ပြန်၏။

"ဟင်!"

တောခွေးတို့သည် တစ်ဖက်တောင်ကြောလေးပေါ်ရှိ ဆံပင် ဖားလျားချ အမျိုးသမီးထံသို့ ပြေးသွားကြခြင်း ဖြစ်၏။

သူမကို ခွေးအ,တို့ ဒုက္ခပေးလေမည်လားဟု စိုးရိမ်စိတ်ဖြင့် လှမ်းကြည့်နေဆဲမှာပင်... တောခွေးအတို့သည် သူမရှေ့မှောက် ရောက်သည်တွင် ယုန်သူငယ်လေးတွေပမာ ဖြစ်သွားကြတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုမြင်ကွင်းသည် ကျွန်တော့်အတွက် အံ့သြစရာပင် ဖြစ်တော့၏။

"အလို"

ထို အမျိုးသမီးသည် ထိုနေရာလေးမှ တစ်ဖက်တောင်ကြော အောက်သို့ ဖြေးဖြေး ဆင်းသွားလေတော့၏။

တောခွေးတို့သည်လည်း သူမနောက်မှ တရွေ့ရွေ့ လိုက်ပါသွားကြတော့သည်။

ဦးဇာမဏိတို့ မီးလောင်ကုန်း ရွာသားများကို လာရောက် ဒုက္ခပေးနေသည့် တောခွေးတစ်အုပ်နှင့် သူတို့၏ အရှင်သခင်မပင် ဖြစ်ချိမ့်မည်။

သူမသည် လူသစ်းစင်စစ် ဟုတ်ပါလေစ။

လူသားမ တစ်ယောက်က ဘယ့်တွက် တောခွေးတွေနှင့် တူတူ ရှိနေရပါသနည်း။

တောတောင်ကြီးထဲ ရှိနေရပါသနည်း။

ဗိုဍ် အံ့ဖွယ်ကောင်းသည်မှာ ဘယ့်တွက် မီးလောင်ကုန်း ရွာတွင်းသို့လည်း ရောက်လာတတ်ပါသနည်း။

သူမ၏ နောက်လိုက် တောခွေးများက ဘယ့်တွက် လူသားတွေကို ဒုက္ခပေး လိုက်သတ်နေကြပါသနည်း။ သူမ ခိုင်း၍လား။

ထိုသည် ကိစ္စများသည် သူမသာလျှင် အသိဆုံး ဖြစ်ပေမည်။ ကျွန်တော်သည် ခွေးတစ်အုပ်နှင့် သူမ ကျွန်တော့်အမြင်မှ ပျောက်ကွယ်သွားသည်နှင့် တောခွေးတစ်အုပ် ဝိုင်းဝန်းကိုက်ခဲခြင်း ခံရသော လူကို လှည့်ကြည့်လိုက်၏။

"အလုံ ့လေးဗျာ"

ထိုသူ အသက်မရှိတော့ပါကလား။



www.burmeseclassic.com

www.burmeseclassic.com



"ဟာင်!"

စောစောက ကျွန်တော်နှင့် ဆုံခဲ့သော မုဆိုးပါကလား။ သူ ထမ်းပိုးသွားသည့် တောခွေးသေသည် သူနှင့် မလှမ်းမကမ်းတွင် ရှိနေ၏။ သို့ဆိုပါလျှင် ထိုမုဆိုးကို တောခွေးတို့က သူတို့အုပ်စုမှ အသတ်ခံလိုက်ရသော တောခွေးတစ်ကောင်အတွက် ကလဲ့စားချေ သတ်ဖြတ်ကြခြင်း ဖြစ်ချိမ့်မည်။

ထိုမုဆိုးနှင့် သူမကော မည်သို့ ပတ်သက်နေရပါသနည်း။ ကျွန်တော်သည် စိတ်မကောင်းကြီးစွာဖြင့် ထိုနေရာလေးမှ လှည့်ထွက်ခဲ့တော့၏။

ထိုနေရာလေးမှပင် ထွက်လာရသည်။ ဘယ် ဆက်သွား၍ ဘာဆက်လုပ်ရမည် စဉ်းစားမရသေးချေ။

တောခွေးတစ်အုပ်နှင့် သူမနောက် လိုက်ရကောင်းမလား။ လူစုကွဲနေသော လင်းမြင့်လှိုင်နှင့် ဦးဇာမဏီတို့ကို လိုက်ရှာရ ကောင်းမလား။ သို့တည်းမဟုတ် မီးလောင်ကုန်းကျေးရွာ ပြန်ရကောင်းလေမလား ဝေခွဲမရ ဖြစ်နေ၏။ သို့ပေမင့် ချောင်းမကြီးအတိုင်း စုန်ဆင်းလျှောက်နေလျက် ဖြစ်၏။

လင်းမြင့်လှိုင်တို့နှင့် ဆုံလျှင်လည်းကောင်း၊ သူတို့နှင့် တိုင်ပင်ညှိနှိုင်းကာ သူမနှင့် တောခွေးတစ်အုပ်နောက် လိုက်လျှင် အဖြေတစ်ခုကိုတော့ဖြင့် သိရလိမ့်မည်ဟု တွက်လိုက်မိသား။

"ဝူး..." "ဝူး..." "ဝူး"

ဟင်... ကျွန်တော် လျှောက်နေသည့် ချောင်း၏ အောက်ဘက်မှ လူတစ်ယောက်၏ အချက်ပေး "အူ" သံ ဖြစ်၏။ တစ်ဦးနှင့်တစ်ဦး အချက်ပေးနေကြပုံရ၏။



www.burmeseclassic.com

www.burmeseclassic.com



အသံကို မှန်း၍ ပြောရလျှင် ထို "အူ"သံရှင်သည် ချောင်း အတိုင်း တက်လာပုံရ၏။

မည်သူပင်ဖြစ်စေ၊ တောထဲ မျက်စိလည် လမ်းမှားနေသော ကျွန် တော့်အတွက် အကျိုးရှိလောက်၏။

ကျွန်တော်သည်လည်း ချောင်းအတိုင်း စုန်ဆင်းသွားလိုက်၏။

"အူ..." "အူး" "အူး"

အလိုလေးဗျာ... အူသံရှင်သည် ချောင်းကမ်းပါးယံ တောင် ကြောစွယ်လေးပေါ် သို့မဟုတ် မြောင်တစ်ခုတွင်း ဝင်သွားပုံရ၏။ သို့ ဆိုပါလျှင် ကျွန်တော်နှင့် လွဲသွားလောက်၏။ သူတို့ ဘယ်သူ့ကို ရှာနေ နေ... ကျွန်တော်နှင့် ဆုံရန် အရေးကြီး၏။ သို့ကြောင့်-

"အူး"

"အူ" "အူး" ရယ်လို့ ပြန်လည် အချက်ပေး အူလိုက်တော့၏။

"အူ..."

"အူး"

ကျွန်တော့် အချက်ပေးသံ ကြားသွား၍ ထင်၏။ တစ်ဖက်လူ၏ အချက်ပေးသံသည် ချောင်းထဲ ပြန်ရောက်လာပုံရ၏။ နောက်ကြောင်း ပြန်လှည့်လာ၍ ဖြစ်ချိမ့်မည်။

ကျွန်တော် အားတက်သွားမိသည်။

တစ်ဖက်လူ အူသံသည် ကျွန်တော်နှင့် အတော်ကလေး နီးကပ် လာချေပြီ ဖြစ်၏။

ဤ ချောင်းလေးတစ်ကွေ့ဆိုလျှင် ထိုသူနှင့် မျက်နှာချင်းဆိုင် ်လာက်ချေပြီ။ ိုို့ကြောင့် ချောင်းကွေ့လေးရှိရာသို့ ခပ်သွက်သွက်သွား လိုက်ပြီး ကွေ့လေးကို ကွေ့ချိုးကာ လှမ်းကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!"

ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသည်။ လုံးဝ ထင်မှတ်မထားသော မြင်ကွင်း ဖြစ်သည်။

ကျွန်တော် ထင်ထား တွက်ထားသည်မှာ လူသားတစ်ယောက်၊ ယခုမူ အထင်နှင့်အမြင် လုံးဝ ကွာနေပေတော့သည်။

လွန်စွာမှ သန်မာ ထွားကျိုင်းသော ဝံကောင် ဖြစ်နေ၏။ ရက်စက် ကြမ်းကြုတ်မည့်ပုံ။

"ဂါး... ဂရား... ဂရား... ဝွီး"

ဝံကောင်သည်လည်း ကျွန်တော့်ကို ရုတ်တရက် ထိပ်တိုက် အနီးကပ် တွေ့လိုက်သည်ကြောင့် အံ့အားသင့်သွားပုံရ၏။

ရုတ်ခြည်းဆိုသလို ဝံကောင်သည် သူ၏ အသက်အန္တရာယ် အတွက် လျှပ်တစ်ပြက် ဆိုသလို ကျွန်တော့်အား တစွတ်ထိုး ဝင်ရောက် တိုက်ခိုက်လာတော့၏။

"ဟာ!"

ရုတ်တရက် မြင်လိုက်သည့်မြင်ကွင်း လျှပ်တစ်ပြက် တိုက်ခိုက် လာခြင်းကြောင့် ကျွန်တော်သည် လက်တွင်းရှိ သေနတ်ဖြင့် ခုခံကာကွယ် လိုက်ရုံမျှတစ်ပါး မည်သို့မျှ မတုံ့ပြန်နိုင် ဖြစ်တော့၏။

"ဘုတ်"

"အား"

ပြင်းထန်သော ဝံကောင်ကြီး၏ ရိုက်ပုတ်ချက်ကြောင့် ကျွန်တော့် လက်တွင်းမှ သေနတ်သည် လက်တွင်းမှ လွတ်ကျသွားပြီး ကျွန်တော် သည်ပင် မြေပေါ်သို့ ဖင်ထိုင် လဲကျသွားတော့၏။

"ဂါး"



www.burmeseclassic.com

www.burmeseclassic.com



သို့နှယ် အသံပေးရင်း ဝံကောင်သည် ကျွန်တော့် ကိုယ်ပေါ်သို့ ခုန်အုပ် တိုက်ခိုက်လာတော့၏။

"ဟာ"

ဘာတတ်နိုင်တော့ ပါမည်နည်း။ မျက်လုံး အစုံကိုသာ မှိတ်ထား လိုက်ရတော့၏။

"ဒိန်း"

"ဘုတ်"

"ဂါး..." "ဂရား"

မမျှော်လင့်ဘဲ ကြားလိုက်ရသော သေနတ်သံနှင့်အတူ ဝံကောင် သည် ကျွန်တော့် ခန္ဓာကိုယ်ပေါ်သို့ အုပ်မိုး ကျမလာလေဘဲ ရှေ့တစ်လံ လောက်တွင် ခွေလဲကျသွားတော့၏။

"ဟင်!"

"ကံသီပေလို့ ကိုပိုက်ရေ"

လင်းမြင့်လှိုင်ပါကလား။

လင်းမြင့်လှိုင်၏ ပြုံးစစ မျက်နှာ မြင်လိုက်သည်နှင့် ကြောက်ရွံ့ ထိတ်လန့်စိတ်တို့ လုံးဝ ပျောက်ကွယ်သွားတော့၏။

ဖင်ထိုင် လဲကျနေသော ကျွန်တော့်ကို လက်ကမ်း၍ ဆွဲမ,ထူ လေသည့် လင်းမြင့်လှိုင်ကို ကြည့်၍–

"တော်ပါသေးရဲ့ ကိုလင်းရယ်... ကျွန်တော်တော့ ဒီတစ်ခါတော့ ဖြင့် သွားပြီလို့တောင် မှတ်လိုက်တာ"

"အောက်ဘက်ကနေ "အူ" သံ ပေး တက်လာလေတော့ ဒီဝံ ကောင်ကြီးကလည်း ကြောက်လန့်တကြား ဖြစ်ပြီး တောင်ကြောပေါ် ထက် ပြေးရမှာကို သတိလက်လွတ်ဖြစ်ပြီး ရှေ့သာ ဦးတည် သုတ်ချသာတာ၊



www.burmeseclassic.com

www.burmeseclassic.com



ကိုပိုက်နဲ့ မျက်နှာချင်းဆိုင် တွေ့တော့ သူ့ထွက်ပေါက်ရှာ တိုက်ခိုက်လာတာ ဖြစ်မပေါ့။ တော်ပါသေးရဲ့ဗျာ၊ ကျွန်တော်တို့ကလည်း ချောင်းအတိုင်း ကိုပိုက် ဆင်းလာလိမ့်မယ် မထင်ဘူးလေ"

သို့ လင်းမြင့်လှိုင် ပြောလေမှ ကျွန်တော် သဘောပေါက်သွားတော့သည်။

"ဖထီကော"

ဦးဇာမဏီကို မတွေ့သဖြင့် မေးလိုက်သည်။

"အောက်ကွေ့လေးမှာ ဖောလို့ဆိုပြီး ထိုင်နား ကျန်ရစ်ခဲ့လေရဲ့... နို့ပေမင့် သေနတ်သံ ကြားလျှင်ဖြင့် ဖထီ တက်လာပါလိမ့်မယ်..."

လင်းမြင့်လှိုင်က သို့ပြောရင်း နောက်သို့ လှည့်ကြည့်လိုက်၏။

"ဟော... ဟိုမယ်... လာပါပြီဗျာ"

ဦးဇာမဏီသည် စိုးရိမ်တကြီးဖြင့် ကျွန်တော်တို့နား ရောက်လာတော့၏။

"တော်ပါသေးရဲ့... ဆရာပိုက်နဲ့ ပြန်ဆုံကြတာ"

ဦးဇာမဏီတစ်ယောက် ကျွန်တော်နှင့် ပြန်ဆုံရသဖြင့် လွန်မင်းစွာ စိတ်ချမ်းသာ သွားပုံရ၏။

ကျွန်တော်သည်လည်း သူတို့နှင့် လမ်းကွဲခဲ့ပြီး နောက်ပိုင်း ဖြစ်ပျက် ကြုံတွေ့ပုံကို ပြန်ဖြေပြလိုက်သည်။

"ဟင်! နို့ဖြင့် ဆရာပိုက် တောခွေးတစ်အုပ်နဲ့ သူတို့ အရှင်သခင်မကို ကြုံခဲ့တယ်ပေါ့..."

ကျွန်တော်က... "သူမကို အဝေးကသာ မြင်လိုက်တာပါ..."

"နို့ဖြင့် ဆရာပိုက်နဲ့ ကြုံခဲ့တဲ့ မုဆိုး ဘယ်သူများလဲ၊ သွားကြည့်ကြစို့ မဝေးလောက်ဘူး ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သည်သို့ဖြင့် ကျွန်တော်တို့သည် နောက်ကြောင်း ပြန်လှည့်ခဲ့ကြ၏။ ချွေးတစ်အုပ် ဝိုင်းကိုက်၍ သေဆုံးသွားရသော မုဆိုးအလောင်းရှိရာသို့ လာခဲ့ကြသည်။

"ဟင်!... ဒါ မီးလောင်ကုန်း ရွာသားပဲ... အရင် သူကြီးဟောင်း ဦးစိန်ထွားရဲ့ တူတော်တယ်"

"ဗျာ"

ဘာလို့များ သေဆုံးရသူများသည် မီးလောင်ကုန်းရွာသား ဖြစ်နေရပါသနည်း။ သည့်ပြင် သူကြီးဟောင်း ဦးစိန်ထွား၏ မျိုးနွယ်စု ဖြစ်နေရပါသနည်း။ ထိုသည်ကား စဉ်းစားစရာ မဟုတ်ပါကလား။

သို့ဆိုပါလျှင် တောချွေးတစ်အုပ်၏ အရှင်သခင်မသည် ဘယ်သူလဲ။ မီးလောင်ကုန်းရွာ၊ မီးလောင်ကုန်း ရွာသူကြီးဟောင်း ဦးစိန်ထွားနှင့် ဘယ်လို ပတ်သက်နေပါသနည်း။

"စဉ်းစားစရာတော့ ဖြစ်နေပြီ သူကြီး"

ကျွန်တော်က ဦးဇာမဏီကို သို့ပြောလိုက်ပြီး အဝေးတောင်တန်းများဆီသို့ လှမ်းကြည့်လိုက်၏။

"အဲဒါကြောင့် ကျုပ်လည်း ဆရာပိုက်တို့ကို လှမ်းခေါ် အကူအညီတောင်းရတာပေါ့ဗျာ"

"ဟုတ်ပြီလေ... ကျွန်တော်တို့ လှုကွဲနေကြတာ ပြန်ဆုံကြပြီပဲ၊ ကိုပိုက် ဆုံခဲ့တဲ့ အမျိုးသမီးနောက် လိုက်ကြတာပေါ့... ဘယ်ဘက်ကို ထွက်သွားတယ်.. ကိုပိုက် သိတယ် မဟုတ်လား၊ လူသားစင်စစ် ဖြစ်လျှင်တော့ဖြင့် ခြေရာခံလိုက်လျှင် တွေ့နိုင်ကောင်းပါရဲ့"

လင်းမြင့်လှိုင်က သို့ ဝင်ပြောလာခြင်းကို ကျွန်တော်နှင့် ဦးဇာမဏီက သဘောတူ ခေါင်းညိတ်လိုက်ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ... ဒီကနေ့တော့ ဝံကောင်သေကြီးနားမယ်ဘဲ စခန်းချ နားနေကြပြီး နောက်နေ့စောစော ကော်ခွေးတစ်အုပ်နဲ့ သူတို့ အရှင်သခင်မ ထွက်သွားရာ ခြေရာခံလိုက်ကြတာပေါ့..."

သို့ဖြင့် ကျွန်တော်တို့သည် ဝံကောင်သေ ရှိရာသို့ ပြန်ခဲ့ကြပြီး ဆိုနေရာလေး တစ်ပိုက်မှာပင် အထိုင်ကောင်းကောင်း နေရာလေးဖာစ်ခုတွင် ယာယီ စခန်း ဝါးတဲတစ်လုံး ထိုးလိုက်၏။

ဦးဇာမဏီက ကျွန်တော်နှင့် လင်းမြင့်လှိုင် တဲထိုးနေစဉ်မှာပင် ဝံကောင်ကြီးကို အသားဖျက်ပြီး ဖြစ်နေလေတော့၏။

ထိုည ကျွန်တော် အားပါးတရ စိတ်လွတ်ကိုယ်လွတ် သောက်အား၍ နားနေလိုက်တော့၏။ ဘယ့်တွက်မူ တောထဲ တစ်ယောက်တည်း နေရ ထိုင်ရ၊ အိပ်ခဲ့ရသည်ကြောင့် စိတ်ပင်ပန်း၊ လူပင်ပန်း ခဲ့ရသည်ကို အတိုးချ နားနေလို၍ ဖြစ်သည်။

"ကျွန်တော်တို့နဲ့ ပြန်ဆုံပြီပဲ... စိတ်လွတ်ကိုယ်လွတ် နားနေချေဗျာ..." ဟုဆိုကာ လင်းမြင့်လှိုင်သည် သူ၏ သေနတ်ကို ယူ၍ စခန်းမှ အမဲရှာရန် အလို့ငှာ တစ်ယောက်တည်း ထွက်သွားလေတော့၏။

ကျွန်တော်သည် မူးနေချေပြီ။ ပင်ပန်းနေချေပြီ ဖြစ်၍ စခန်းတဲအပေါ်တွင် လဲလျောင်း နေရစ်ခဲ့တော့၏။

ကျွန်တော် အိပ်မပျော်မီ သိလိုက်သည်မှာ ဖထီ ဦးဇာမဏီသည် အင်းမီးပုံ နံဘေးတွင် ဝံသားကင်တို့ကို လှန်လှော ပေးနေ၏။

ကျွန်တော်သည်လည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတော့သည်။

"ဒိန်း"

မည်မျှကြာကြာ အိပ်ပျော်သွားသည်မသိ။ သေနတ်သံကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာမှ နိုးလာရ၏။

"ဘယ်သူ ဘာပစ်တာလဲ ဖထီး"

ပတ်ဝန်းကျင်တွင် အလင်းရောင် နည်းနည်း ရှိနေသေး၏။

"ဆရာလင်း ပစ်တာ နေမပေါ့... ဒီစခန်းနားတင်ပါ"

"ကိုလင်း ပစ်သံဆိုတော့ သားကောင်တစ်ကောင် ပါလာမှာ သေချာပြီပေါ့" ကျွန်တော် အိပ်ရာမှ လူးလဲထ,ရင်း ပြောလိုက်၏။

ဦးဇာမဏီ ထိုင်နေသည့် ထင်းမီးပုံနား သွားလိုက်ရင်း–

"ပင်ပန်းနေတာရယ်... မူးနေတာရယ်ကြောင့် အိပ်ပျော်သွားတယ်... ဖထီးရယ်" ဟု ပြောလိုက်၏။

"ဟော... ဟိုမယ် ဆရာလင်း လာပြီ... သူ့ပုခုံးထက်မှာ သားကောင်တစ်ကောင် ပါလာတယ်"

"ကိုလင်း လက်ကို ကျွန်တော်ယုံတယ်... သူ့ သေနတ်ပြောင်းဝကနေ ကျည်တစ်တောင့် ထွက်သွားလျှင်ဖြင့် သားကောင်တစ်ကောင် ရပြီသာမှတ်"

သို့ လင်းမြင့်လှိုင်ကို ချီးမွမ်းရင်း လှမ်းကြည့်လိုက်၏။

ဘာကောင်ပါလိမ့်၊ အမွေးစုတ်ဖွားနှင့် ဂျီ(ချေ)မဟုတ်၊ ဒရယ်မဟုတ် မျောက်လည်းမဟုတ်။

လင်းမြင့်လှိုင် ထမ်းလာသည့် သားကောင်ကို ဘာကောင်ရယ် ဝေခွဲမရ ဖြစ်နေဆဲ လင်းမြင့်လှိုင်က အနားရောက်လာပြီး သူ့ပုခုံးထက်မှ သားကောင်ကို မီးပုံနံဘေးသို့ ပစ်ချလိုက်၏။

"ဘုတ်"

"ဟင်"

"ကိုလင်း... ဘာလို့ ဒီကောင်ကို ပစ်လာရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သားကောင် ဘာကောင်ဆိုတာ သိလိုက်သည်နှင့် ကျွန်တော် ည် တအံ့တသြ ဖြစ်သွားကာ သို့ မေးလိုက်လေ၏။

"အမဲလေး ရလိုရငြား စခန်းနားတစ်ဝိုက် လှည့်ပတ်ကြည့်တာ း ဘာသားကောင်မှ မတွေ့ဘူး။ ကျွန်တော်တို့ရှိတဲ့ ဝံသားကလည်း နဲ့ စားလို့ သိပ်မကောင်းဘူးလေ။ ဘာသားကောင်မှ မတွေ့ စိတ်ပျက် နဲ့ ပြန်အလာ စခန်းနားမယ် ယောင်လည်လည် လုပ်နေတဲ့ ဒီ တော ကောင်ကို ကြည့်မရတာနဲ့ ပစ်လာခဲ့တယ်ဗျာ"

"ဖြစ်မှ ဖြစ်ရလေဗျာ..."

သို့နှယ်ပြောပြီး ကျွန်တော်သည် လျှာထွက်ကာ သေနေသည့် ခွေးကို စေ့စေ့ကြည့်လိုက်ပြီး...

"အလိုလေးဗျာ... ဟို တောခွေးအုပ်ထဲက အကောင် ဖြစ်နေလျှင် ါပဲ" ဟု လွှတ်ခနဲ ပြောလိုက်မိ၏။

"ဘာဖြစ်လဲဗျာ... ဒီတောလည်း သူတို့ သခင်မနဲ့ ထိပ်တိုက် ရတာပေါ့" ဟု လင်းမြင့်လှိုင်က ပြုံးစိစိလုပ်ကာ ပြောလေ၏။ လင်း ှိုင် ဘယ်သို့ သဘောဖြင့် ပြောလေသည်မသိ။ ကျွန်တော်သည် ခွေးအ အုပ် ဝိုင်းကိုက်၍ သေသွားရရှာသော မုဆိုးနှင့် သူ သတ်စားရန် ရည် သည့် တောခွေးသေကို မျက်စိတွင်း မြင်ယောင်မိတော့၏။ ခွေးအ အုပ် ဝိုင်းကိုက်၍ မြေပြင်တွင် လူးလွန့်နေသော ထိုမုဆိုးကို မြင်ယောင် သည်ဖြစ်၍ ကျောချမ်းသွားရတော့သည်။

လင်းမြင့်လှိုင်သည် ကျွန်တော့်မျက်နှာကို ပြုံးစိစိကြည့်ပြီး စခန်း ါသို့ တက်သွားထိုင်ကာ လက်ကျန် ဝီစကီပုလင်းကို တစ်ကျိုက် သောက်လိုက်လေတော့၏။

ဦးဇာမဏီက လင်းမြင့်လှိုင် ပစ်လာသည့် တောခွေးကို လှမ်း

www.burmeseclassic.com

www.burmeseclassic.com



ကောက်လေသဖြင့်–

"ဖထီ... ဘာလုပ်ဖို့လဲ" မေးလိုက်၏။

"ဝံသားထက်စာလျှင် တောခွေးသားက စားလို့ ပိုကောင်းတယ်လေ"

"ကောင်းတယ်ထင် လုပ်ကြဗျာ" ဟုသာပြောပြီး ကျွန်တော်သည် လင်းမြင့်လှိုင်ထံ သွားပြီး သူ့လက်တွင်းရှိ ပုလင်းကို ဆွဲယူ၍ တစ်ငုံ မော့သောက်လိုက်လေတော့၏။

ထိုညတွင် ကျွန်တော်သည် တစ်ရေး အိပ်ခဲ့ပြီး ဖြစ်၍လားမသိ အတော်နှင့် အိပ်မပျော်ပါချေ။

လင်းမြင့်လှိုင်နှင့် ဦးဇာမဏီသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေကြ၏။

ပတ်ဝန်းကျင်တစ်ခွင် တိတ်ဆိတ်လို့နေ၏။

အိပ်၍မပျော်၊ မျက်လုံး ကြောင်နေချေ၏။ သို့ကြောင့် အိပ်မပျော်သည်နှင့်အတူ မီးပုံနား ထသွားလိုက်သည်။

ဆာ၍တော့ မဟုတ်... အပျင်းပြေ အလို့ငှာ ဝံသားမီးကင်နှင့် တောခွေးသား မီးကင်ကို တစ်ဖဲ့စီ ယူစားလိုက်၏။

ဖထီ ဦးဇာမဏီ ပြောသလိုပင် ဝံသားနှင့် တောခွေးသား ယှဉ်စားလေမှ တောခွေးသားသည် ဝံသားထက် စားကောင်းသည်ကို သိရတော့၏။

ကျွန်တော်သည် တောခွေးသား မီးကင်ကို တမြုံ့မြုံ့စားရင်း ထင်း မီးပုံနားတွင် ထိုင်နေတော့၏။

စခန်းပြင်ပ အမှောင်ထုတွင်း ဘာရယ်မဟုတ်၊ နှစ်စမ်းကြည့်နေလိုက်၏။ နားစွင့်ထားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျီ… ကျီ… ကျီ… ကျီ… ပကျီ… ပကျီ… ကျီ… ကျီ"

ပုစဉ်းရင်ကွဲတို့၏ အသံတို့သာ ပတ်ဝန်းကျင်တစ်ခွင် ကြီးစိုးနေတော့၏။

"ဝုတ်… ဝုတ်… ဝုတ်… ဝုတ်"

"ဝု… ဝု… ဝု… ဝုတ်… ဝူး… အူး… ဝုတ်"

"ဝုတ်… ဝုတ်"

ခပ်ဝေးဝေးမှ တောခွေးတစ်အုပ်၏ ဆူညံသံကြောင့် ကြက်သီးမွေးညင်း ထသွားမိသည်။

ညကြီးသန်းခေါင်အချိန် တောခွေးတွေ ဘာလို့ ဆူညံနေပါလိမ့်။ ကျွန်တော်တို့ စခန်းနှင့်တော့ အတော် အလှမ်းဝေးသည်။

ကြားရသည့် အသံမှာ အငမ်းမရ အစာ လုယက်နေကြပုံ ဖြစ်၏။

သူတို့၏ ထိုအစာသည် နေ့လယ်ခင်းကလို လူသားတစ်ယောက်ဖြစ်ပါစေနှင့်ဟု မဆီမဆိုင် တွေးကာ ဆုတောင်းနေမိ၏။

"ဖလပ်… ဖလပ်… ဂျလွတ်… ဂိစ်… ဂီးလ်"

တောခွေးတို့၏ အသံကို အာရုံစိုက်နေဆဲ ကျွန်တော့်နောက်နားလေးမှ မြေဝပ်ငှက်တစ်ကောင် ရုတ်ခြည်း ထပျံသွားသံကြောင့် လန့်ဖျပ်သွားတော့၏။

လှုပ်ခတ်သွားသော ထိုအမှောင်ထု နေရာလေးသို့ စူးစိုက်ကြည့်ရင်း အိပ်ပျော်နေသော မြေဝပ်ငှက်သည် အကြောင်းမဲ့ သက်သက်တော့ဖြင့် ရုတ်တရက် ထပျံသွားခြင်းသည် စဉ်းစားစရာ ဖြစ်တော့၏။ သူ့တွက် အန္တရာယ် ကျရောက်လာ၍လေလား၊ အန္တရာယ် အငွေ့အသက် ရလိုက်၍လေလား။

"ချောက်"



www.burmeseclassic.com

www.burmeseclassic.com



လက်တွင်းရှိ သေနတ်ကို မောင်းတင်လိုက်၏။ အရံသင့် ခတ်နိုင်ရန် အဆင်သင့် အနေအထားဖြင့် ရှေ့သို့ ထိုးချိန် ကိုင်ထားလို ၏။ ပတ်ဝန်းကျင်တစ်ဝိုက် အမှောင်ထုအတွင်း လှည့်ပတ်ကြည့်လိုက်

"ဟင်!"

အမှောင်ထုတွင်းမှ နီရဲရဲ မျက်ဝန်းတစ်စုံကို တွေ့လိုက်ရ

"ဒိန်း"

သူ့အလျင်ဦးအောင် ကပျာကသီ လှမ်းပစ်လိုက်သည်။

ပစ်မှတ်သည် ဝေးလှသည်မဟုတ်။

ပစ်မှတ် လွဲချော်သွားသဖြင့် ထိုသတ္တဝါကောင် လှည့်ပြေးသ ခြင်းတော့ လုံးဝ မဖြစ်နိုင်။

ချက်ကောင်း မထိ၍သာ သွေးရူးသွေးတန်း ပြေးထွက်သွားခြ သာ ဖြစ်လိမ့်မည်။

"ကိုပိုက်... ဘာကောင်တွေ့လို့ ပစ်တာလဲ"

ကျွန်တော် ပစ်လိုက်သည့် သေနတ်သံကြောင့် လင်းမြင့်လို သည် လန့်နိုးလာပြီး ကျွန်တော့်နား ရောက်လာကာ မေးလေသဖြင့်–

"ဘာကောင်ရယ်တော့ မသိဘူး။ နီရဲရဲ မျက်လုံးတစ်စုံက ကျွ တော်တို့ကို လာချောင်းမြောင်း ကြည့်နေပုံရလို့ ပစ်လိုက်တာ၊ လွဲတော့ မလွဲလောက်ဘူး။ ချက်ကောင်း မထိတာပဲ ဖြစ်လိမ့်မယ်"

သို့ ကျွန်တော်က ပြောလိုက်၏။

"ကိုပိုက် အိပ်မပျော်ဘူးလား"

သို့ မေးလာ၏။

"အေးဗျာ... စောပိုင်းလေးက အိပ်ထားလို့လား မသိဘူး မျက် လုံးတွေ ကြောင်နေတယ်။ ဒါကြောင့် မီးပုံနား ထ,ထိုင်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တော့ အိပ်ချင်နေသေးတယ်ဗျာ" ဟုဆိုကာ လင်းမြင့်လှိုင်သည် စခန်းတဲပေါ် ပြန်တက်ခွေလေတော့၏။

ကျွန်တော်သည်လည်း အိပ်ချင်စိတ် မရှိသော်ငြား ညောင်းညာလာသည် ဖြစ်၍ တဲကြမ်းခင်းပေါ် လဲလျောင်းလိုက်၏။

သည်တော့လည်း တစ်ခဏ အကြာတွင် မှေးခနဲ တစ်ချက် ဖြစ်သွားကာ နောက်ပိုင်း အိပ်ပျော်သွားတော့၏။

"ကိုပိုက်... ထ... ထ... လာကြည့်စမ်း"

ကျွန်တော်၏ ခန္ဓာကိုယ်ကို လှုပ်နှိုးလာသည်ဖြစ်၍ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရာမှ နိုးလာရ၏။

"ဘာတုန်း ကိုလင်း"

အိပ်မှုန်စုံမွှားဖြင့် မကျေမနပ် မေးလိုက်၏။

"မိုး စင်စင်လင်းနေပြီဗျ... ဖထီးတောင် ခရီးဆက်ဖို့ အားလုံး ပြင်ဆင်ပြီးနေပြီ"

သို့ကြောင့် ကျွန်တော်သည် အိပ်ရာမှ ကပျာကသီ ထ,လိုက်၏။

"ညက ကိုပိုက် ပစ်လိုက်တဲ့အကောင် ဒဏ်ရာ ရသွားတယ်ဗျ"

"ဘာကောင် ဖြစ်မတုန်း"

"တောခွေး"

"ဗျာ"

ကျွန်တော် အံ့ဩသွားမိ၏။ ပေ၊ာခွေး ဆိုပါကလား။ သို့ဆိုပါလျှင် ထိုတောခွေးသည် မနေ့ညနေက လင်းမြင့်လှိုင် ပစ်ခတ်လာသော တောခွေးနှင့် ပတ်သက်နေပေရော့မည်။ ပြီးတော့... ကျွန်တော်တို့ တွေ့ခဲ့သော တောခွေးဆိုး တစ်အုပ်နှင့် ပတ်သက်ကောင်း ပတ်သက်နိုင်ကြောင်း လင်းမြင့်လှိုင်ကို ပြောလိုက်၏။ သည်တွင်–



www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့ဗျ… အဲဒါကြောင့် ဖထီက ညက ဒဏ်ရာ အနာတရနဲ့ ပြေးထွက်သွားတဲ့ တောခွေးနောက် သွေးစက် ခြေရာခံလိုက်ဖို့ အလျဉ်စလို့ ဖြစ်နေတာပေါ့… ကြာသွားလျှင် သွေးစက်နဲ့ ခြေရာကောက် ခက်သွားမှာ စိုးလို့ပေါ့"

ကျွန်တော် သဘောပေါက်သွားချေပြီ။ သို့ကြောင့် သေနတ်ကို ဆွဲယူ၍ ကပျာကသီ စခန်းတဲမှ ထွက်ခဲ့တော့၏။

ကျွန်တော်တို့သည် စခန်းမှ ထွက်သည်နှင့် တောခွေးခြေရာနှင့် သွေးစက်အချို့ကို ဂရုတစိုက် ရှာဖွေ ခြေရာခံ လိုက်ခဲ့ကြတော့၏။

ထိုဒဏ်ရာရ တောခွေးကို တွေ့လျှင် ဆိုးသွမ်းသော လူသတ်ကောင် တောခွေးတစ်အုပ်နှင့် တွေ့မည်။ သို့ဆိုပါလျှင် လူရယ်လား၊ နာနာဘာဝ ရယ်လား မသိရသော အမျိုးသမီးနှင့်လည်း ဆုံကောင်း ဆုံနိုင်၏။ အဓိက ထိုအမျိုးသမီးနှင့်တွေ့ဖို့နှင့် ထိုတောခွေးဆိုး တစ်အုပ်ကို သုတ်သင်ရန်သာ ဖြစ်တော့၏။

တောခွေးမြင်တိုင်း ပစ်၍လည်း မဖြစ်။

တောခွေးတို့ မျိုးသုဉ်းသွားနိုင်၏။ အဓိက လူသတ်ခွေးဆိုးတို့ကိုသာ ခွဲခွဲခြားခြား သတ်မှတ်သုတ်သင်ဖို့သာ ဖြစ်၏။

သည်သို့ဖြင့် ကျွန်တော်တို့သည် ရင်းတိုက်ပင်တို့ အပေါက်များသည့် ရင်းတိုက်တောသို့ ရောက်လာခဲ့ကြ၏။

"ကိုလင်းရေ ဆာပြီဗျာ… ခဏ နားကြရအောင်"

"ကျုပ်… ဝံသားနှင့် တောခွေးသား ထည့်ယူလာသေးတယ်"

ဦးဇာမဏီက သို့ပြောပြီး သူ၏ လွယ်ပုလိုင်းအတွင်းမှ အသားကင်ထုပ် နှစ်ထုပ်ကို ထုတ်လာလေ၏။

လင်းမြင့်လှိုင်သည်လည်း သူ၏ ဖိးဂျက်ကက် အိတ်အတွင်းမှ



www.burmeseclassic.com

www.burmeseclassic.com



ဝိစကီ ပုလင်းပြားလေးကို ထုတ်၍ ပြုံးစစ မျက်နှာပေးဖြင့် ထုတ်ပေးလာ၏။

သို့ဖြင့် ရင်းတိုက်တောလေးတွင် ကျွန်တော်တို့သည် တစ်ထောက်နား နံနက်စာ အလို့ငှာ စားသောက်လိုက်ကြ၏။

ကျွန်တော်တို့သည် ထို ယင်းတိုက်တောလေးတွင် နာရီဝက်ခန့်သာ စားသောက် နားနေပြီး ခရီးဆက်ခဲ့ကြပြန်သည်။

အထက်ပိုင်း ရောက်လာလေ... သစ်ပင်ကြီးများ တွေ့ရလေ ဖြစ်၏။ သစ်ပင်ကြီးများ ဖြစ်ခြင်းကြောင့် အောက်ပေါင်းရှင်းလှ၏။ တောနက်လာ၍လား၊ တောင်ကမ်း မြင့်လာ၍လားတော့ မသိ၊ အေးစိမ့်လာသည်တော့ အမှန်ဖြစ်၏။

သို့ ရင်းတိုက်တောလေးအတွင်း လျှောက်ခဲ့ကြရာမှ ခပ်လှမ်းလှမ်း တောင်စွယ်လေးမှ တောခွေးတို့ ဆူဆူညံညံ အသံကြောင့်–

"ရှေ့တောင်ကြောစွယ်မယ် တောခွေးတွေ ရှိဘာ သေချာပြီ၊ ဒီအတိုင်း ဆက်သွားနေကြလို့တော့ မဖြစ်ဘူး"

သို့နှယ် လင်းမြင့်လှိုင်က ပြောလာသဖြင့်–

"ဟုတ်ပြီလေ... သတိဝီရိယနဲ့ ချောင်းမြောင်း သွားကြတာပေါ့"

ဟု ကျွန်တော်က ပြောလိုက်၏။

သို့ဆိုသလို ကျွန်တော်တို့သည် အဝေးသို့ ကြိုကြည့်၊ ခြေဖွနင်း၊ ချောင်းမြောင်းသွားလိုက်ကြ၏။

တောခွေးတို့၏ ဆူညံအသံသည် တဖြည်းဖြည်း နီးကပ်လာချေပြီကိုး။

"ဝူ... ဝူ... ဝူ... ဝုတ်... ဝုတ်... ဝူ... အူး"

"အီ... အီး... အီး... ဝူ... ဝူး... အီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ… ဒီတောင်ကြောလေးပေါ်က ဆင်းလာသဗျ"

တောခွေးတစ်အုပ် တောင်ကြောလေးပေါ်မှ ဆင်းလာပုံရ၏။ သို့ကြောင့် ကျွန်တော်တို့သည် တောင်ကြောစွယ်လေး၏ ထိပ်တွင်ရှိ ချုံနွယ်ပိတ်ပေါင်းများ ရှိရာသို့ ပြေးကပ်ပုန်းခိုလိုက်ကြ၏။

မလွဲမသွေ တောင်ကြောလေး လမ်းအတိုင်း တောခွေးအုပ် ရောက်လာမည် ဖြစ်သည်။

"ချောက်"

"ချောက်"… "ချောက်"

လက်တွင်းရှိ သေနတ်ကိုယ်စီကို တင်လိုက်ကြ၏။ ပြီးနောက် တောခွေးတစ်အုပ် ရောက်လာမည့်လမ်းကို ချောင်းမြောင်းကြည့်နေလိုက်ကြ၏။ အတန်ကြာတွင်

"ဟင်!"

ကျွန်တော်တို့ မျှော်ကြည့်နေသော လမ်းကလေးအတိုင်း တောခွေးအုပ် ဖြတ်လျှောက်လာရာမှ ရုတ်ခြည်း ရပ်တန့်သွားကြသည်ကြောင့် ကျွန်တော် ရင်ထိတ်သွားမိ၏။

ကျွန်တော်တို့ကို မြင်သွား၍လား။

ကျွန်တော်တို့၏ ရနံ့ကို ရသွားလေလို့လား။

"အီ… အီ… အီ… အီ… အီ"

ထိုစဉ် ထိုခွေးအုပ်နှင့် ဆန့်ကျင်ဘက် လားရာ လမ်းဘက်မှ တောခွေးတစ်ကောင်သည် ကျွန်တော်တို့ရှေ့မှ ဖြတ်လျှောက်ကာ အီသွားလေ၏။ ထိုခွေးကို ခွေးတစ်အုပ်က စောင့်နေခြင်းပါကလား။

တော်ပါသေးရဲ့။

"ဟင်!"



www.burmeseclassic.com

www.burmeseclassic.com



သူတို့ စောင့်ဆိုင်းနေသော ခွေးသည် ဒဏ်ရာနှင့် ဖြစ်၏။ ကျွန်တော်တို့ ခြေရာခံ လိုက်ခဲ့သော ကျွန်တော် ညက ပစ်လိုက်၍ ဒဏ်ရာရသွားသောခွေး ဖြစ်သည်။

အလိုလေးဗျာ... ကျွန်တော် စိုးရိမ်သလို သူတို့အုပ်စုမှ ခွေးတစ်ကောင် ဖြစ်နေသည်ကိုး။

သို့ဆိုလျှင် သူတို့၏ အရှင်သခင်မ ပါလာနိုင်၏။ ယခုတော့ဖြင့် မမြင်မိသေး။

တောခွေးတစ်အုပ်သည် ဒဏ်ရာရခွေးကို ဝိုင်းပတ်ကာ ခန္ဓာကိုယ်ချင်း ထိသူထိ၊ လျှာဖြင့် ယက်သူယက်လျက်၊ ခေါင်းချင်းပွတ်၍ တအီအီ လုပ်သူလုပ် အစရှိသဖြင့် ဗျာများနေကြ၏။

"ရှူး"

ကျွန်တော်တို့ စိတ်ဝင်တစား ကြည့်နေဆဲ လက်ခေါက်မှုတ်သံတစ်ချက် စူးစူးရှရှ ထွက်လာ၏။

တောခွေးတို့သည် ထိုလက်ခေါက်မှုတ်သံ ကြားသည်နှင့် လာလမ်းအတိုင်း ပြန်လှည့်သွားကြတော့၏။

ဒဏ်ရာ အနာတရဖြင့် တောခွေးသည် ထိုခွေးအုပ် အလယ်တွင် ညှပ်ပါသွားတော့၏။

"ဟင်"

ထိုတောင်ကြောစွယ်ထိပ်တွင် ဆံပင်ဖားလျားချ အမျိုးသမီး တစ်ယောက် မားမားကြီး ရပ်နေ၏။

ထိုတောခွေးတစ်အုပ်ကို စူးစိုက်ကြည့်နေ၏။

ထိုတောခွေးတစ်အုပ်သည် သူမအနား ရောက်သွားသည်တွင် ဝိုင်းကြီးပတ်ပတ် ဝိုင်းထားလိုက်ကြ၏။ တွယ်ဖက်တက်သူ၊ လျှာဖြင့်ယက်



www.burmeseclassic.com

www.burmeseclassic.com



သူ၊ ခေါင်းဖြင့် ဖေ့သူ၊ ကိုယ်ဖြင့် ပွတ်သပ်သူ၊ အို စုံလို့ စုံလို့၊ သူမအနား ပွတ်သီးပွတ်သပ် လုပ်နေလေကြတော့၏။

ထိုတောခွေးတွေကြားမှ ဒဏ်ရာ အနာတရ ရရှိထားသော အကောင်၏ ဦးခေါင်းကို သူမက ပွတ်သပ်လိုက်ပြီး တစ်စုံတစ်ရာ ပြောလိုက်ပြီး... ထိုနေရာလေးမှ လှည့်ထွက်သွားတော့၏။

သူမနောက်မှ တောခွေးတစ်အုပ်သည် ပျာယာခတ် လိုက်ပါသွားကြတော့၏။

"ကဲ... အဲဒီနောက် လိုက်ကြစို့"

သို့နှယ် ကျွန်တော်က ပြောပြီး ထိုတောခွေးတစ်အုပ်နှင့် သူမနောက်သို့ မျက်ခြည်ပြတ်မခံ လိုက်သွားတော့၏။

ကျွန်တော်တို့သည် ရှေ့ဆီမှ တောခွေးတို့အသံကို နားစိုက်၍ နောက်မှ ခြေရာခံ လိုက်ခဲ့ကြခြင်း ဖြစ်၏။

သို့လိုက်ခဲ့ကြရာမှ ဝါးဖြိုက်တောလေး တစ်ခုနားအရောက်တွင်-

"ဗူး"

"ဗူး"

"ဟာ..."

"ကိုလင်း... ကိုလင်း... ပြေး ပြေး... တောင်ကြောပေါ် တက်ပြေး"

"ဖထီ... လာ... လာ... လာ"

ကျွန်တော်သည် ရှေ့မှ ဦးဆောင်သွားသူ ဖြစ်သည်ကြောင့် ဝါးဖြိုက်တောတွင်းမှ တောဆင်ရိုင်းကောင်ကို ဦးစွာ မြင်လိုက်သူ ဖြစ်၍ သို့နှယ် အလန့်တကြား အော်ဟစ် သတိပေးလိုက်ကာ တစ်ဖက်စောင်းရှိ တောင်ကြောလေးပေါ် အားသွန်ပြေးတက် သွားလိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်နောက်မှ ဘယ်သူ ပါလာသည် မပါလာသည် မသိ။

ကျွန်တော် သိသည်မှာ တောဆင်ရိုင်းကောင်သည် ကျွန်တော့်နောက်မှ ပြေးလိုက်လာခြင်းပင် ဖြစ်၏။

ကံအားလျော်စွာ ကျွန်တော်သည် တောင်ကြောပေါ် ရောက်လာ၏။

ကြောက်ကြောက်နှင့်ပင် နောက်မှ လိုက်လာဟန်တူသည့် တောဆင်ရိုင်းကောင်ကို မရဲတရဲ လှည့်ကြည့်လိုက်၏။

"ဟူး... တော်ပါသေးရဲ့"

တောဆင်ရိုင်းကောင်သည် "တဂူး" "ဂူး" အော်မြည်လျက် ကျွန်တော် တက်လာသော ကျောက်ချောင်းတွင်း တက်သွားလေတော့၏။

"ဒိုန်း"

လင်းမြင့်လှိုင်က သူ့လက်တွင်းရှိ သေနတ်ဖြင့် တောဆင်ရိုင်းကောင်ကို ခြောက်လှန့် ပစ်ခတ်လိုက်၏။

တောဆင်ရိုင်းကြီး ကြောက်လန့်တကြား ထွက်ပြေးသွား၍ တော်သေးတော့၏။

"ကိုပိုက် အတော် ကြောက်သွားလား"

လင်းမြင့်လှိုင်က ပြုံးစစဖြင့် မေးလာ၏။

"တောဆင်ရိုင်း လေဗျာ... စိစိညက် ကျေသွား မှာပေါ့... မကြောက် ဘယ်ရှိပါ့မလဲ"

"ဟင်း... ဟင်း... ဟင်း"

"ဒါနဲ့... ဖထီ ဇာမဏီကောဗျ"

ဦးဇာမဏီကို မတွေ့သည်ကြောင့် ထိတ်လန့်တကြား မေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"သိဘူး… ကျွန်တော်တို့နောက် ကပ်လိုက်လာတယ် ထင်နေတာ"

"ဒုက္ခပဲဗျ… အဘိုးကြီးတော့ ဘယ်ရောက်သွားလဲ မသိဘူး"

"တောဆင်ကြီးက ကျွန်တော်တို့ နောက်သာ လိုက်တာ၊ ဖထီကတော့ ကြောက်လန့်တကြား ဘယ်ဖက် ထွက်ပြေးသွားလဲ မသိဘူး"

"ကဲ ဗျာ… အချိန်ရှိတုန်း လိုက်ရှာကြတာပေါ့"

သို့နှယ်ပြောပြီး ကျွန်တော်သည် "ဝူး…" "ဝူး" ရယ်လို့ အသံပြု အချက်ပေးလိုက်ငြား တုံ့ပြန်ထူးသံ မကြားရပါချေ။ သို့ကြောင့် ပို၍ ပူပန်မိတော့၏။

သို့ဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ဦးဇာမဏီ ထွက်ပြေးသွားသည် ထင်ရသော တောင်ကြော မြောင်ကိုတွင် လှည့်ပတ် အသံပြု ရှာကြသေးသည်။

အရိပ်အယောင်ပင် မမြင်ရပါချေ။ ဒုက္ခ ရောက်ချေပြီ။

"ကိုလင်း… ဘယ်လို လုပ်မလဲ"

"တောခွေးအုပ် နောက်ယောင်ခံ အစီအစဉ်ကို ဖျက်ပြီး ဖထီကိုသာ လိုက်ရှာကြတာပေါ့ဗျာ… ခုတော့ ခဏ နားချေဦးမယ်ဗျာ"

သို့နှယ်ပြောကာ လင်းမြင့်လှိုင်သည် အင်ကြင်းပင်ကြီး တစ်ပင်အောက်တွင် ထိုင်ချ နားနေလိုက်တော့၏။

"သည်တစ်နေ့ မကုန်မီ ဖထီကို အတွေ့ လိုက်ရှာမှ ဖြစ်မယ်။ နို့မဟုတ် ဖထီတစ်ယောက် နေရေး၊ စားရေး၊ အိပ်ရေး ဒုက္ခရောက်လိမ့်မယ်။ အသက်လည်း ကြီးပြီ မဟုတ်လား"

သို့ လင်းမြင့်လှိုင် ပြောလာသည့် စကားသည် ကျွန်တော့်အား ဖထီ ဦးဇာမဏီအပေါ် ပို၍ စိုးရိမ်စိတ် ဖြစ်စေ၏။



www.burmeseclassic.com

www.burmeseclassic.com



တောတောင်ထဲတွင် တစ်ယောက်တည်း ညအိပ်ညနေ... နေရခြင်းသည် မလွယ်ကူပါချေ။ အစက မိမိစိတ်ကို လွန်မင်းစွာ ဒုက္ခပေးတတ်၏။ အားငယ်စိတ်၊ ကြောက်ရွံ့စိတ်၊ သံသယစိတ်တို့ ဖြစ်ပေါ်တတ်၏။

"ကဲဗျာ... ဖထီကို လိုက်ရှာလေမှ... ထိုင်နေလို့ မဖြစ်ဘူး"

သို့နှယ်ပြောကာ ကျွန်တော်သည် စိုးရိမ်စိတ်များစွာကို ရင်ဝယ်ထိုက်ကာ ထိုနေရာလေးမှ ထ,ထွက်ခဲ့တော့၏။

သည်တော့လည်း လင်းမြင့်လှိုင်သည် မနေသာ၊ ရုတ်ခြည်း ထ,လိုက်လာတော့၏။

"ဂူး"

"အူး"

"ဂူး"

သွားလာရင်း အချက်ပေး အသံပြုသွားသည်။

"ဖူး"

"ဖူး" "ဘူး"

လင်းမြင့်လှိုင်က လက်မအရွယ် ဝါးဆစ်လေးကို မှုတ်နေ၏။ တောဆင်၏ရန်ကို ကြောက်နေသေး၍ ဖြစ်ချိမ့်မည်။

"ဂူး"

"ဂူး"

"ဂူး"

မည်သည့် တုံ့ပြန်ချက်မျှ မရပါလေ။ ဖောချွေးတို့ပင် ပြန်လာရချေပြီ။ အချိန်တွေ တစ်စ တစ်စ ကုန်လာသည်နှင့်အမျှ ပို၍ စိုးရိမ်ပူပန်သောက ဖြစ်ရတော့၏။

"ဟေး..."



www.burmeseclassic.com

www.burmeseclassic.com



"မဟား..." "ရှူး"

အသံကုန် ဟစ်ကြွေး အသံပြုငြား မည်သည့် တုံ့ပြန်ချက်မျှ ပြန်မလာချေ။

"ပင်ပန်းပါတယ်၊ ကိုပိုက်ရယ် အသံပြုမနေပါနဲ့တော့"

လင်းမြင့်လှိုင်က သို့နှယ် စေတနာဖြင့် ပြောလာ၏။

ကျွန်တော် စိုးရိမ်မှု လွန်ကဲ၊ ပူပန်မှု လွန်ကဲနေသည်ကို သိ၍ ဖြစ်ချေသည်။

တကယ်လည်း ကျွန်တော် စိတ်မောလူမော ဖြစ်ရချေ၏။

"ဖထီကို ဘုရားသခင် စောင့်ရှောက်ပါစေ"

သို့နှယ် ပြောလိုက်ပြီး ကျွန်တော်သည် ထိုင်ချလိုက်သည်။

လင်းမြင့်လှိုင်သည်လည်း ကျွန်တော့်နားတွင် ကပ်ထိုင်လေပြီး–

"ကိုပိုက်ရေ... ကျွန်တော်တို့လည်း ဘယ်ရောက်လို့ ဘယ်ပေါက် နေမှန်း မသိဘူး" ဟု ပြောလာလေမှ ကျွန်တော်တို့သည်လည်း ဘယ် ရောက်နေမှန်း မသိကို သတိထားမိတော့၏။

"ဟုတ်ပ... ကိုလင်းရယ်.. နို့ပေမင့် ကျွန်တော်တို့က နှစ်ယောက် ဆိုတော့ အဖော် ရှိကြသေးတယ်။ ဖထီမယ် တစ်ယောက်တည်းဗျ"

"ဘယ်တတ် နိုင်မလဲ ကိုပိုက်ရယ်၊ ဖြစ်သမျှ အကြောင်း အကောင်းချည်းပေါ့"

"ကျွန်တော်တို့ ဘာဆက်လုပ်ကြမလဲ"

သို့နှယ်ပြောပြီး ကျွန်တော်သည် လင်းမြင့်လှိုင် အိတ်ကပ်တွင်းမှ ဝီစကီ ပုလင်းပြားလေးကို ဆွဲယူထုတ်လိုက်ပြီး တစ်ငုံ မော့သောက်လိုက် ၏။

"အေးဗျာ... ကျွန်တော်လည်း မေ့နေတယ်။ ဆောရီးဗျာ" ဟု



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး လင်းမြင့်လှိုင်သည် ကျွန်တော့်ထံမှ ပုလင်းပြားလေးကို ပြန်ယူလိုက်ပြီး... ကျွန်တော်ကဲ့သို့ပင် ဘစ်ကျိုက် မော့သောက်လိုက်တော့၏။

သည်သို့ဖြင့် ကျွန်ုပ်တို့သည် လူနားစိတ်နား... နားနေလိုက်ကြတော့သည်။

အတန်ကြာတွင် စိတ်ပူပန်မှု၊ ပင်ပန်း နွမ်းနယ်မှု ပျောက်ကင်းသွားတော့၏။

ထိုစဉ်...

"ဟင်... ကိုလင်း နားထောင်စမ်း၊ တောခွေးအုပ်သံဗျ"

သို့ ပြောလိုက်သည်တွင် လင်းမြင့်လှိုင်က ခပ်လှမ်းလှမ်း တောင်ကြော တောအုပ်အတွင်း လှမ်းကဲကြည့် နားစွင့်လိုက်ပြီး–

"ဟုတ်တယ်... ခွေးသံတွေဗျ... သားကောင် တစ်ကောင်တွေ့လို့ လိုက်နေတဲ့ပုံဗျ"

"ဟုတ်ပြီ ကိုလင်း... ဖထီကို ပြန်မဆုံမယ့်အတူ အဲဒီဘက် သွားကြစို့၊ တောခွေးအုပ်ကို ပြန်ခြေရာခံမိပြီလို့ ပြောရမှာပေါ့"

"ကဲ လာ"

သို့ဖြင့် ကျွန်တော်တို့သည် ထိုခွေးသံများ ပေါ်ထွက်လာရာဘက်ဆီသို့ ဦးတည်လျှောက်ခဲ့ကြတော့သည်။

ကျွန်တော်တို့သည် မြောင်ကိုကျော်၊ ချောင်းကိုဖြတ်၊ ကြောကို ဆင်းတက်ဖြင့် တစ်စစ တောခွေးတို့ ဆူညံလျက်ရှိရာသို့ နီးကပ်လာကြတော့သည်။

"ချောက်"

"ချောက်"

နှစ်ယောက်စလုံး သေနတ်မောင်းကို တင်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝု... ဝု... ဝု... ဝု..."

"ဝူး... ဝု... ဝူး... ဝုတ်... ဝုတ်... ဝူး"

"ဝု... ဝု"

"ကိန်... ကီ.. ကိစ်... ကီ... ဝု"

"ကိုလင်း... ရေ့ကွေ့လေးနားဆောက်မှာဗျ"

သို့ပြောပြီး ကျွန်တော်သည် တောင်ကြောကွေ့လေးကို ရုတ်ခြည် ချိုးကွေ့ကာ လက်တွင်းရှိ သေနတ်ဖြင့် ထိုးချိန်လိုက်၏။

"ဟင်!"

တောခွေးတစ်အုပ် ဝိုင်းဝန်းနေသည်မှာ ကျွန်တော်တို့ တွေ့ သော ဦးစာမဏီ ဖြစ်ချေတော့၏။

"ဒိန်း"

အချိန် မဆိုင်းတော့ချေ။ ခွေးအုပ်အတွင်း ကျည်တစ်တောင့် ထ သွင်းလိုက်သည်။

တောခွေးတို့သည် ပြင်းထန်သော သေနတ် ယမ်းအား ပေါက်ထွ သံကြောင့် ဖရိုဖရဲ အဝေးသို့ ပြေးလွှားသွားကြတော့၏။

"ဖထီး... ဘာမှ မကြောက်နဲ့... ကျွန်တော်တို့ လာပြီ"

"ဒိန်း"

သို့နှယ်ပြောပြီး ကျွန်တော်သည် ကျည်တစ်တောင့် ထပ်ပစ်လိုက် ပြန်၏။

"ရှိုး"

"ရှိုး"

ကျွန်တော့် သေနတ်သံ ပေါ်ထွက်လာပြီး မရှေးမနှောင်းမှာပင် ရှူးရှသော လက်ခေါက်မှုတ်သံ ပေါ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုလက်ခေါက်မှုတ်သံ လာရာသို့ လှမ်းကြည့်လိုက်၏။

"ဟင်!"

ဆံပင်ဖားလျားနှင့် မိန့ မျိုတစ်ဦးပါကလား။

ကျွန်တော်သည် သူမကို အံ့ဩမင်တက် ကြည့်နေရာမှ ဦးဇာမဏီ သတိရလိုက်သည်ဖြစ်၍ လှည့်ကြည့်လိုက်ပြန်၏။

"ဟာ..."

ဦးဇာမဏီ၏ ခြေထောက်တွင် သွေးသံရဲရဲနှင့်ပါကလား။ သို့ ကြောင့် လွန်မင်းစွာ စိုးရိမ်သွားမိသဖြင့် ဦးဇာမဏီထံ ပြေးသွားလိုက်၏။

"ဘယ်လို ဖြစ်ရတာလဲ ဖထီးရယ်" လို့ အနားရောက်သွားသည် ှင် ဦးဇာမဏီအား ဖေးမ ဖွဲကာ မေးလိုက်၏။

လင်းမြင့်လှိုင်သည်လည်း စိုးရိမ်ကြီးစွာဖြင့် ဦးဇာမဏီ၏ ခြေ ထောက်မှ ဒဏ်ရာကို သေချာ စမ်းသပ်ကြည့်နေ၏။

"ဆင်ရန့်က ဝေးရာကို ပြေးလာရာကနေ ဒီတောင်ကြော ရောက် တော့ မထင်မှတ်လေဘဲ တောခွေးတစ်ကောင် တွေ့တော့ ကြောက်လန့် ကြား ပစ်လိုက်မိတယ်။ တကယ်တော့ မရည်ရွယ်ဘဲနဲ့ ဖြစ်သွားရတာ ။ ပထမတော့ ဘာကောင်မှန်းမှ မသိတာကွာ... ငါ့ လက်ချက်နဲ့ သေ းတဲ့ တောခွေးကောင်ကို ကြည့်ပြီး စိတ်မကောင်း ဖြစ်နေချိန်မှာ မိန်းမ တစ်ယောက် ရောက်လာတယ်။ သူ တစ်ယောက်တည်း၊ ငါလည်း ရုတ် ရက် သူမကို မြင်လိုက်ရတော့ ထိတ်လန့်သွားတာပေါ့... လူ စင်စစ်မှ တ်ပါ ရဲ့လားပေါ့... သူမကို ကြောင်ပြီး ကြည့်နေဆဲမှာ...

"ဖထီး ဘာလို့ ခွေးကို ပစ်သတ်တာလဲ" လို့ မေးလာတယ်။ အသံကြားမှ ငါလည်း သူဟာ လူစင်စစ်ပါကလားလို့ သိလိုက်ပြီး အား ်ဝင်လာတော့တယ်။ ငါက မမျှော်လင့်ဘဲ မရည်ရွယ်ဘဲ ပစ်လိုက်မိတဲ့



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း ပြန်ပြောပြတော့–

"ဒါဖြင့်လည်း ပြီးတာပဲ… နို့ ဖထီ ဘယ်ရွာကလဲ" မေး ပြန်တယ်"

"ငါ… မီးလောင်ကုန်း ရွာသူကြီးပဲ" လို့ ပြောလိုက်တော့ သူမ မျက်နှာပျက်သွားပုံရတယ်"

"သူငါ့ကို မသိပေမင့် ငါသူ့ကို သိနေတာကိုး၊ ဒါကြောင့် "ဒီ ဘယ်သူလဲ… ဘယ်ကလဲ… ဘယ်မှာနေလဲ" မေးလိုက်လျှင်ပဲ ငါ့ကို ရှ စိုက်စိုက် ကြည့်လာပြီး–

"ဖထီက ဦးစိန်ထွားနဲ့ ဘာတော်လဲ" မေးလာတော့တယ်

"ဦးစိန်ထွားဆိုတာ ဘယ်သူလဲ ဖထီ"

ကျွန်တော်က ကြားဖြတ် မေးလိုက်၏။

"ဦးစိန်ထွားဆိုတာ ဟိုးအရင် ငါတို့ ရွာသူကြီးပေါ့"

"အော်… အော်"

"အဲ… စိန်ထွားနဲ့ငါ ဘာမှ မတော်ဘူး" ဆိုလိုက်တော့–

"အဲ… အဲဒါကောင်းတယ် နို့ သူကြီးဆိုတော့ ပြောရဦးမယ် ကိုယ့် ရွာသူ ရွာသားတွေကို ကျောသားရင်သား မခွဲခြားပါနဲ့" လို့ ပြော လှည့်ထွက်သွားတော့တယ်

ဒီတော့ ငါက… "နေပါဦး… ဘာလို့ ငါတို့ ရွာသားတွေ တောခွေးတွေနဲ့ ကိုက်သတ်ခိုင်းရတာလဲ" လို့ လှမ်းမေးလိုက်တယ် ဆိုလျှ ဘဲ…"

"ဖထီ… ကိုယ်နဲ့ မဆိုင်တဲ့ ကိစ္စ ဝင်မပါချင်ပါနဲ့… ကိုယ့် လမ်း ကိုယ်သွား၊ ကိုယ့်အလုပ် ကိုယ်လုပ်ပါ" လို့ ပြောလာတော့တယ်။

ဒီတော့ ငါက ဒေါသထွက်သွားပြီး–



www.burmeseclassic.com

www.burmeseclassic.com



"ဟ... ဒါ ငါ့အလုပ်.. ငါ ရွာသူကြီးပဲ... ငါ့ရွာသားတွေ ကိစ္စ ဆိုင်တယ်" လို့ အော်ဟစ် ပြောလိုက်လျှင်ဘဲ "ရှီး" ရယ်လို့ သူမ က လက်ခေါက်မှုတ်သံ တစ်ချက် ကြားလိုက်ပြီး ဆရာလေးတို့ အမြင်ပဲ ကို တောခွေးတွေ ဝိုင်းတွယ်တော့တာပဲ... ဆရာလေးတို့ ရောက်လာတာ လို့ပေါ့..."

သူကြီး ပြောစကား ကြားလိုက်ရသည်ကြောင့် သူမကို ရှုံ့ရှာ းတီးစွာ လှမ်းကြည့်လိုက်၏။

"ဟင်!"

သူမ မရှိတော့ပါကလား။ သူမနောက်လိုက် ခွေးတစ်အုပ်လည်း တော့ပါကလား။

"တောက်"

ခပ်ပြင်းပြင်း တောက်တစ်ချက် ခတ်လိုက်ကာ ဦးဇာမဏီအား းမတွဲ၍ ထိုနေရာလေးမှ ခွာခဲ့လေတော့၏။

အလျှဉ်းသင့် ဆိုသလို ခပ်လှမ်းလှမ်း နေရာလောက်တွင် တွေ့ ကိုက်သည့် ဝါးတဲပေါင်းတစ်ခုတွင် စခန်းချ နားနေရန် ဆုံးဖြတ်လိုက် ည်။ တောခွေးတို့ ကိုက်ခဲ ခံလိုက်ရသော ဖထီး၏ ခြေထောက်အနာများ ကိုလည်း ဆေးကြော သန့်စင် ဆေးလိမ်းပေးရဦးမည် မဟုတ်ပါကလား။

ဝါးခုတ် စခန်းတဲပေါင်းကို အနည်းငယ် ပြုပြင်ပြီးနောက် ဖထီး ၏ ခြေထောက်ဒဏ်ရာကို "လင်းမြင့်လှိုင်"က ဂရုတစိုက် ဆေးဝါးလိမ်းကျံ းနေစဉ် ကျွန်တော်သည် သေနတ်ကို ဆွဲယူ၍–

"ညနေစာ အလို့ငှာ ဒီနားလေးတင် သွားချောင်းဦးမယ်ဗျာ" ဟု ပြောကာ စခန်းတဲလေးမှ ထွက်ခဲ့တော့၏။

စခန်း ပတ်ဝန်းကျင်တွင် သားကောင် မတွေ့သည်ဖြစ်၍ အတော်



www.burmeseclassic.com

www.burmeseclassic.com



လှမ်းလှမ်းသို့ အချိန်ကို တွက်ဆ၍ သွားလိုက်သည်။

စခန်းတဲနှင့်တော့ အတော်လှမ်းလာ၏။

အော်ခေါ်၍ မကြားနိုင်လောက်သည့် နေရာ ဖြစ်သည်။ ဆူးချုံ ကို တိုးဝှေ့ရင်းမှ ခြေချော်ကာ တောင်စောင်းပေါ်မှ လိမ့်ကျသွားတော့၏။

"ဟာ"

အမြင့်အားဖြင့် ဆယ်ပေကျော်ခန့်တော့ ရှိပေမည်။

ကျွန်တော့်အတွက် ကံဆိုးသည်မှာ တောင်စောင်းလေးပေါ် အလိုက်သင့် လိမ့်ကျခဲ့သည်မှာ မည်သို့မျှ မဖြစ်လောက်သော်ငြား မြောင်း တွင်းရှိ ကျောက်တုံးတစ်ခုနှင့် ဦးခေါင်း ရိုက်ခတ်မိသွားသည် ဖြစ်၍ အနည်းငယ်တော့ဖြင့် မူးသွားတော့၏။

သို့ဖြစ်၍ အတော်နှင့် ပြန်မထ,နိုင်... မူးနေသည်ကိုး။ သည် အချိန်တွင်–

"ဂါး... ဂါး... ဂရား... ကွီးစ် ဂါး"

"ဟင်!"

ဝံနက်ကြီး တစ်ကောင် ဂါကလေး။ သူသည် မြောင်းလေးအတိုင်း တက်လာရာမှ ကိုးရိုးကားရား ဖြစ်နေသော ကျွန်တော့်ကို မြင်လိုက်သည် နှင့် သူ့တွက် ရှေ့ဆက်သွားစရာ လမ်းမရှိ ပိတ်နေသည်ဖြစ်၍ ကျွန်တော့် အား တိုက်ခိုက် သတ်ပုတ်၍ ရှေ့ခရီးဆက်ရန် ကြိုးစားလာတော့၏။

ဝံကောင်ဆိုတာကို ကျွန်တော်သိသည်။

ကျွန်တော့် သေနတ်သည်လည်း ဘယ် လွင့်ကျ ကျန်ရစ်ခဲ့သော သည် မသိ။ လက်တွင်း သေနတ် ရှိနေလျှင် အကြောင်းမဟုတ်။ ယခု လက်တွင်း သေနတ် မရှိသည့်ပြင် မူးနောက် ဝေဝါးနေသည်လည်း ဖြစ်၍ ဝံကောင် ပြုသမျှ နုရမည့်ဘဝတွင် ရှိချေတော့၏။ သို့ပေမင့် ဟန်ကိုယ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ရပေလိမ့်မည်ဖြစ်၍ ယိုင်တိယိုင်တိုင်ဖြင့် ကုန်းထကာ ကျောက်ခဲ ခပ်ကြီး ကြီး တစ်လုံးကို ကောက်ယူ၍ ထိုဝံကောင်အား အနားကပ်မလာရန် ခြိမ်း ခြောက် ချိန်ရွယ် ပစ်ခတ်ရန် လုပ်နေရတော့၏။ ဝံကောင်သည်လည်း အပါး၊ ကျွန်တော့်ထံမှ တုံ့ပြန်လာမည့် သူ့ထံကို ရောက်လာနိုင်သည့် အန္တရာယ်ကို ကြိုတင် တွက်ဆနေပုံရ၏။

"ဂါး... ဂါး... ဂရား"

"ဂါး..."

ကျွန်တော့်အား ပြန်လည် ခြိမ်းခြောက် အော်ဟစ်၍ အလစ်-ခိုက် တိုက်ရန် ချောင်းမြောင်းနေတော့၏။

ထိုစဉ် "ရှိုး" ရယ်လို့ လက်ခေါက်မှုတ်သံ တစ်ချက် ကြားလိုက် ပြီးသည်နှင့် လျှပ်တစ်ပြက် ဆိုသလို တောခွေးတစ်အုပ်သည် ရောက်လာပြီး ထိုဝံကောင်ကို ဝိုင်းဝန်း တိုက်ခိုက်ကြလေတော့၏။

ကျွန်တော်သည် နောက် အတော်လှမ်းလှမ်းသို့ ဆုတ်လိုက်ပြီး ဝံကောင် ့ငှ် ခွေးတစ်အုပ်၏ ကြောက်မက်ဖွယ် တိုက်ပွဲကို ကြည့်နေရင်း ထိုနေရာမှ ဝေးရာသို့ ပြေးလွှားရန် စဉ်းစားလိုက်သည်။

ဘယ်လိုမှ မဖြစ်နိုင်... နံဘေးတွင် မတ်စောက်သော ကမ်းပါးယံ ရှိနေ၏။ နောက်ဘက် အဝေးလှမ်းလှမ်းတွင်လည်း မြောင်ဆုံးနေပြီ ဖြစ် ၏။ တစ်ခုတော့ ရှိသည်။ ထို မြောင်ထိပ် ကမ်းပါးယံမှ တွဲလွဲကျနေသော နွယ်တစ်ပင်ကို ခိုတွယ် တက်လျှင်ဖြင့် ထိုတိုက်ပွဲမှ ဝေးရာသို့ ရောက်သွား နိုင်၏။ သို့ပေမင့် အဲလောက် ကျွန်တော့်တွင် ခွန်အားမရှိ။ သို့ဖြစ်၍ ခွေး တစ်အုပ် ဝံတစ်ကောင်၏ တိုက်ပွဲကိုသာ ရင်တထိတ်ထိတ်ဖြင့် ငေးကြည့် နေမိ၏။

ခွေးတစ်အုပ်ကို နိုင်မစေချင်၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ပြေား ခွေးတစ်အုပ်သည် ဝံကောင်ကို တိုက်ခိုက် အနိုင်ယူပြီး လျှင် ကျွန်တော့်ဘက် လှည့်လာလျှင် အခက်။

သို့ စဉ်းစားနေမိစဉ်မှာ ခွေးတစ်အုပ်သည် ဝံကောင်ကို အသေ သတ်လိုက်နိုင်ပြီး ဖြစ်တော့၏။

ခွေးတို့၏ သွားစွယ်တို့တွင် သွေးသံရဲရဲ မြင်နေရခြင်းကြောင့် ကြက်သီးမွေးညင်းပင် ထမိသည်။

ခွေးတစ်အုပ် ကျွန်တော့်ကို လှည့်ကြည့်လာကြတော့၏။

"ခွီး... ခွီး... ခွီးစ်"

"ခွီး"

ကျွန်တော့်ကို ကြည့်ကာ မာန်ဖီလာကြတော့၏။ ဘုရားရေ— အကောင်ကလေး ထိတ်လန့်မိသည်။ ပြေး၍လည်း လွတ်မည် မဟုတ်၊ ပြန် လှန် ခုခံဖို့ရာလည်း ခွန်အားမရှိ။

ထိုခွေးအုပ်ထဲမှ တစ်ကောင်သော ခွေးသည် သွေးတိုးစမ်း သဘောဖြင့် ကျွန်တော့်ထံ တိုးကပ်လာ၏။

ကျွန်ခွေးတို့သည် သူ၏ လှုပ်ရှားမှုကို စောင့်ကြည့်နေကြပုံရ၏။

သူ၏ လှုပ်ရှားမှုအပေါ်တွင် မူတည်၍ လိုက်လုပ်ကြမည့်ပုံ ဖြစ် ၏။

သို့ကြောင့် ကျွန်တော်သည် ထိုခွေးကို မျက်ခြည်မပြတ် စူးစိုက် ကြည့်နေလိုက်၏။

ဘယ်အချိန် ကျွန်တော့်ကို စတင် တိုက်ခိုက်လာမည်ကို တွက်ဆ နေမိ၏။ သူတစ်ကောင်တည်းဆိုလျှင် အကြောင်းမဟုတ်၊ သူ ကျွန်တော့် ကိုယ်ပေါ် ခုန်လွှားတက် တိုက်ခိုက်မှု စတင်သည်နှင့် ကျန်အကောင်များ သည် သူ့နှယ် ကျွန်တော့်ကို ဝိုင်းဖေကြပေရော့မည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘုရား" "ဘုရား" "ဘုရား"

"ရှိး"

ထိုစဉ် စူးရှသော လက်ခေါက်မှုတ်သံ တစ်ချက် ပေါ်လာသည်နှင့် ထိုခွေး အပါအဝင် ခွေးတစ်အုပ်သည် ကျွန်တော့်အား ကျောပေးကာ လှည့်ပြေး သွားကြတော့၏။

"ဟူး"

သည်တော့မှ ကျွန်တော် သက်ပြင်းချနိုင်တော့၏။

ကျောပေး လှည့်ထွက်သွားသော ကမ်းဖါးယံတိပ်ကို အမျိုးသမီးပျိုကို ကြည့်ရင်း စိတ်ကို လျှော့ချလိုက်တော့သည်။

တစ်ပြိုင်နက် ဆိုသလို "ဒိန်း" ဆိုသည့် သေနတ်သံ ကြားလိုက်ရ၏။

"ဟင်!"

လျှပ်တစ်ပြက် ဖြစ်ပျက်သွားခြင်း ဖြစ်၏။

ကျွန်တော့်အား ကျောပေး လှည့်ထွက်သွားသော ဆံပင်ရှည်ရှည်နှင့် မိန်းမပျိုသည် တစ်ချက် ခွေယိုင်လဲကျသွားပြီး ကပျာကသီ ပြန်ထကာ လျှိုတစ်ခုအတွင်း ပြေးလွှား ဝင်သွားတော့၏။ သူမနှင့်အတူ တောခွေးတစ်အုပ် ပါသွားကြ၏။

"ကိုလင်း... ဘယ်လို လုပ်လိုက်တာလဲ"

ယမ်းငွေ့ ဝေနေဆဲ သေနတ်ကို ကိုင်၍ ကျွန်တော့်ထံ စိုးရိမ်တကြီးဟန်ဖြင့် လျှောက်လှမ်းလာနေသော လင်းမြင့်လှိုင်ကို ကျွန်တော်က မေးလိုက်သည်။

ကျွန်တော့်အမေးကြောင့် လင်းမြင့်လှိုင်သည် အံ့သြသွားပုံရ၏။

"ဘယ်လို ပြောလိုက်တာလဲ ကိုပိုက်ရယ်... ခင်ဗျားကိုဒုက္ခပေး



www.burmeseclassic.com

www.burmeseclassic.com



လာတဲ့ တောခွေးတို့ရဲ့ အရှင်သခင်မကို ပစ်လိုက်တာလေ..."

လင်းမြင့်လှိုင်တစ်ယောက် ခုမှ ရောက်လာသဖြင့် အဖြစ်မှန် သိပုံမပေါ်၊ သို့ကြောင့် ကျွန်တော်က ကမ်းပါးစောင်းမှ လိမ့်ကျရပုံမှစ၍ အကြောင်းစုံကို ပြောပြလိုက်၏။

"ဟင်... ဒါဖြင့် ဒီအမျိုးသမီးက ကိုပိုက်ကို လုံးဝ ဒုက္ခမပေးတဲ့အပြင် ဝံကောင်ကြီး အန္တရာယ်ကနေ ဝင် ကာကွယ်ပေးသွားတာပေါ့.."

"ဟုတ်တယ်"

"ဒီဖြင့် ကျွန်တော် အများကြီး မှားပြီပေါ့... ဒီ့ပေမင့် ကျွန်တော် သူ့ကို မပြေးလွှားနိုင်အောင် ခြေထောက်ကို လှမ်းပစ်လိုက်တာပါ..."

"တော်ပါသေးရဲ့ဗျာ"

သို့ ကျွန်တော်က ပြောလိုက်ပြီး ခပ်လှမ်းလှမ်းရှိ ကျွန်တော့် သေနတ်ကို သွားကောက်ယူလိုက်၏။

"ဆရာလင်းကလည်း ဆရာပိုက်အတွက် စိုးရိမ်ပြီး ကာကွယ်လိုက်တာပါ... ကျုပ် တို့ အဲဒီကလေးမနောက် လိုက်ကြတာပေါ့... ဒဏ်ရာ ရသွားတော့ကာ ဝေးဝေး ရောက်လိမ့်မယ် မဟုတ်ဘူး၊ ဆရာပိုက်... အခြေအနေ ကောင်းတယ် မဟုတ်လား"

"တောင်ကမ်းပါးက လိမ့်ကျတဲ့ အရှိန်နဲ့ နည်းနည်းလေး မူးသွားတာပါပဲ... ခဏ မှိန်းလိုက်လျှင်ဖြင့် ကောင်းသွားမှာပါ" သို့နှယ် ပြောပြီး ကျွန်တော်သည် သစ်ပင်ငယ်တစ်ခုတွင် မှီထိုင်ကာ မျက်လုံးအစုံကို မှိတ်လျက် နားနေလိုက်တော့၏။

သို့ နားနေ မှိန်းနေလိုက်ရသည်ဖြစ်၍ တစ်ခဏအကြာတွင် ကျွန်တော်သည် ခေါင်းကြည်လင် လန်းဆန်းလာတော့၏။ သို့ဖြစ်၍ အပျော ကာသီ ထ,လိုက်ပြီး–



www.burmeseclassic.com

www.burmeseclassic.com



"ကဲ... ကိုလင်း... သွားကြစို့" ဟု ပြောလိုက်သည်တွင်-

"ဘယ်သွားမှာတုန်း" ဟု လင်းမြင့်လှိုင်က မေးလာ၏။ သို့ကြောင့် "ကိုလင်း ပစ်လိုက်လို့ ဒဏ်ရာ ရသွားတဲ့ အမျိုးသမီးနောက်ကို ပေါ့" ဟု ပြောလိုက်သည်။

"အလိုလေးဗျာ... ကိုယ့် ကျန်းမာရေးလည်း ကိုယ်ဂရုစိုက်ပါဦးဗျာ၊ သူမ နောက်က ဘယ်အချိန်လိုက်လိုက် ကျွန်တော်တို့လက်က မြေးမလွတ်နိုင်ပါဘူး"

လင်းမြင့်လှိုင်က သို့ ပြောလာသဖြင့်-

"ကျွန်တော့် ကျန်းမာရေးက ဘာမှ မဖြစ်တာ၊ ကောင်းသွားပြီပဲ၊ အဲဒီ အမျိုးသမီးအတွက် စိုးရိမ်တာဗျ။ သူ ရသွားတဲ့ ဒဏ်ရာက ပြင်းလားမသိဘူး၊ ဒုက္ခဖြစ်ရချည်ရဲ့... သူမရဲ့ ခွေးတွေဆိုတာ လူမှ မဟုတ်တာ၊ သူ့ကို ဘာလုပ်ပေးနိုင်မှာမို့လဲ"

"အော်... ဆရာပိုက်ရယ်... သူမတွက် စိုးရိမ်နေရတယ်လို့ ဒီဒဏ်ရာကြောင့် သေသွားတော့ကော ဘာဖြစ်လဲ၊ သူဟာ လူသတ်သမားပဲ... အသားလွတ် လူတွေကို ခွေးနဲ့ရှူးတိုက် သတ်နေတာ"

ဦးဇာမဏီကို ကျွန်တော် စိမ်းစိမ်းကြည့်နေလိုက်ပြီး-

"အဲလို မပြောပါနဲ့ ဖထီး... ကျွန်တော့်အသက်ကို ကယ်လိုက်တာကို ကြည့်ခြင်းအားဖြင့် သူမမယ် လူသားဆန်တဲ့စိတ် ရှိနေတယ် ဆိုတာ သိရတယ်... လူတကာကို သူ လိုက်သတ်နေတာ မဖြစ်နိုင်ဘူး... သူ့မယ်နိုင်လုံတဲ့ အကြောင်းရှိလို့ လိုက်သတ်နေတာ ဖြစ်ရလိမ့်မယ်" ဟု ကျွန်တော်က ဒေါသသံဖြင့် ပြောလိုက်သည်တွင် လင်းမြင့်လှိုင်က ကျွန်တော့်စိတ်ရင်းကို သိသွားသည်ကြောင့်လား မသိ၊ "ကဲပါ ကိုပိုက်ရယ်... ကျွန်တော်တို့က ကိုပိုက်ရဲ့ ကျန်းမာရေးကို စိုးရိမ်လို့ ပြောရတာပါ... ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြီလေ… သူမ နောက်ယိုးက်ကြည့်ကြတာပေါ့…”

သို့နှယ်ပြောပြီး လင်းမြင့်လှိုင်သည် သူမ ဝင်ရောက် ပျောက်ကွယ်သွားရာ လှိုဏ်ကြီးရှိရာသို့ ရှေ့မှ ဦးဆောင်သွားလေတော့၏။

သည်သို့ဖြင့် ကျွန်တော်တို့သည် လှိုဏ်ကြီးနား ရောက်လာခဲ့ကြတော့၏။

“ဟာ…”

ဖိုလှိုဏ်တစ်ဝိုက်တွင် သွေးစက်များ တွေ့လိုက်သည်ကြောင့် ကျွန်တော် ရင်ထိတ်သွားမိသည်။ သူမတွက်လည်း စိုးရိမ်သွားမိ၏။

“ကိုလင်း ခြေထောက်ကို ပစ်တာပါနော်”

ကျွန်တော်၏ အမေးကြောင့် လင်းမြင့်လှိုင်သည် ပြုံးစစမျက်နှာဖြင့် ကျွန်တော့်ကို စူးစိုက်ကြည့်ပြီး–

“ကိုပိုက်ရယ် ကျွန်တော့်အကြောင်းလည်း မသိမဟုတ်၊ သိလျက်နဲ့ မေ့ရတာယ်လို့ဗျာ… ကျွန်တော် ခြေထောက်ကိုပဲ ချိန်ရွယ်ပစ်လိုက်တာပါ၊ သူနဲ့ တွေ့လျှင် မယုံကြည့် ခြေထောက်နားမှာပဲ ဒဏ်ရာ ရှိလိမ့်မယ်၊ ခြေထောက်ဆိုတာတောင်မှ ညာခြေသလုံး ရယ်ပါလို့ အာမခံ ပြောဝံ့ပါတယ်ဗျာ”

တကယ်တော့ ကျွန်တော် သူမတွက် အစိုးရိမ် လွန်မိခြင်း ဖြစ်၏။ လင်းမြင့်လှိုင်ကို ကျွန်တော် ယုံသည်၊ စိတ်ချသည်။

“သူမတွက် စိုးရိမ်လွန်လို့ မေးမိတာ ခွင့်လွှတ်ပါဗျာ”

သို့နှယ် လင်းမြင့်လှိုင်ကို မျက်နှာငယ်လေးဖြင့် ပြောလိုက်ရ၏။

“သိပါတယ် ကိုပိုက်ရယ်… ဘာမှ စိုးရိမ်မနေပါနဲ့… အသက်အန္တရာယ် လုံးဝ မရှိနိုင်ပါဘူး”

သည့်နောက် ကျွန်တော်တို့သည် ထိုလှိုဏ်တစ်ဝိုက် စေ့စေ့စပ်စပ်



www.burmeseclassic.com

www.burmeseclassic.com



လှည့်ပတ်ရှာလိုက်ကြ၏။

ဘယ်ဆက်လိုက်ရမည်လည်း မသိတော့ချေ။

ကျွန်တော် ဓာချွေးပင် ပျံနေတော့၏။ လင်းမြင့်လှိုင်နှင့် ဦးဇာမဏီတို့သည်လည်း အားတက်သရော လှည့်ပတ်ရှာနေကြပါ၏။

ကျွန်တော်သည် လှိုဏ်ကြီး၏ အပေါ်ဖက် တောင်ကြောပေါ်သို့ ခက်ခက်ခဲခဲ တွယ်ဖက် တက်လိုက်သည်။

ထိုတောင်ကြောလေးပေါ် ရောက်သည့်တွင်–

"မင်းတို့ နားကြတော့... ဒီနားမှာလည်း မရှိတော့ဘူး... သူ့တွက်လည်း ဘာမှ စိုးရိမ်ပူပန် မဖြစ်ကြနဲ့တော့... သူ ရသွားတဲ့ ဒဏ်ရာက လူ့ အသက်နဲ့ မပတ်သက်နိုင်ပါဘူး"

"ဟင်!"

ကြားဖူးနားဝ ရှိသည့် အသံကြောင့် လှည့်ကြည့်လိုက်၏။

"ရသေ့ ဓမ္မပါလ ပါကလား"

ဘယ်လို... ဘယ်လို ဒီရောက်နေပါလိမ့်။ ကျွန်တော်တို့ တစ်စုံတစ်ဦးကို လိုက်ရှာနေမှန်း ဘယ်လို သိပါလိမ့်...။

ကျွန်တော်က အံ့သြတကြီးဖြင့် တစ်စုံတစ်ခုကို မေးလိုက်မည် အလုပ်တွင်...

"နေ... နေ... ကိုပိုက် ဘာမှ မမေးနဲ့... ဒီမှာ ကြာကြာနေလို့ မကောင်းဘူး... ရသေ့ရဲ့ ကျောင်းသခ်ိန်း သည်နား ရှိတယ်... ကိုပိုက်တို့ လိုက်ခဲ့ကြ... ရသေ့ဆီမှာ တစ်ညအိပ် နားနေကြ၊ ကိုပိုက်တို့ကို ပြောချင်တာတွေ အများကြီး ရှိတယ်။ မနက် ကျလျှင်ဖြင့် ကိုပိုက်တို့ တွေ့ချင်တဲ့သူ... သွားလိုတဲ့ နေရာကို ညွှန်လိုက်မယ်"

ရသေ့ ဓမ္မပါလက ပြောလာသဖြင့် ကျွန်တော်တို့သည် ထိုနေ့



www.burmeseclassic.com

www.burmeseclassic.com



ထိုညတွင် ထိုလျှိုကြီးနှင့် အတန်ငယ် ဝေးသည့် ရသေ့ဓမ္မပါလ၏ ကျောင်းသခ်ိန်းတွင် တစ်ညတာ တည်းခိုလိုက်ကြတော့၏။

ရသေ့ ဓမ္မပါလသည် ကျွန်တော်တို့အား သူမနှင့် သူ ပတ်သက်ဆက်နွယ်ပုံနှင့် သူမ အကြောင်းကို စိတ်ရှည်လက်ရှည် ပြောပြလေတော့၏။

ရသေ့ဓမ္မပါလသည် ကျွန်တော်တို့အား သူမနှင့် သူ ပတ်သက်ဆက်နွယ်ပုံနှင့် သူမအကြောင်းကို စိတ်ရှည်လက်ရှည် ပြောပြလေတော့၏။

ရသေ့ ဓမ္မပါလ ပြောလေသည်ကား ဤသို့ စိတ်ဝင်စားဖွယ် ဇာတ်လမ်း ဖြစ်ချေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

"ဝေါင်း...." "ဝေါင်း...." "ဝေါင်း"

"ဝူး" "ရွှဲစ်..." "ရွှဲလ်..." "ဗွီးလ်"

အီး... အီ... အီစ်... "အီ"

သို့နှယ် သားရဲကောင်၏ မာန်ဖီသံ၊ တောခွေး၏ ကြောက်ရွံ့တုန်လှုပ် အီသံကြောင့် ရသေ့ ဓမ္မပါလသည် သူ လျှောက်လှမ်းနေသော လမ်းမှ ဖယ်သွေ၍ ထိုအသံတို့ ပေါ်ထွက်ရာ ချုံနွယ်ပိတ်ပေါင်း ရှုပ်ထွေးလှသည့် တောအုပ်လေးအတွင်း ဝင်လိုက်သည်။

"ဟင်!"

မြင်လိုက်ရသော မြင်ကွင်းသည် အံ့သြစရာပင် ဖြစ်ချေတော့၏။ အမြင်မှား လေသလားလို့ပင် ထင်လိုက်၍ လက်ဖမိုးဖြင့် မျက်ဝန်းအစုံကို ပွတ်သပ် ကြည့်လိုက်၏။

ရသေ့ အကြည့်မမှား၊ အမြင်မမှား။



www.burmeseclassic.com

www.burmeseclassic.com



ကျားသစ်တစ်ကောင်... တောခွေးကြီးနှစ်ကောင်နှင့် တောခွေး ပေါက်လေး နှစ်ကောင်ဆိုလျှင် အကြောင်းမဟုတ်၊ ဘယ့်တွက် မဆီမဆိုင် လူသား မိန်းမငယ်လေးတစ်ယောက် ရှိနေရပါသနည်း။

ကျားသစ်ကောင်သည် တောခွေးနှစ်ကောင်ကို အန္တရာယ်ပြုရန် မျက်နှာချင်းဆိုင်လျက် မာန်ဖီနေလေ၏။ တိုက်ခိုက်ဖို့ရာ အကွက်ကောင်း ကို ချောင်းမြောင်းနေဟန်။

တောခွေးနှစ်ကောင်သည်လည်း သူတို့အရွယ်သာသာ ရှိမည့် ကျားသစ်ကောင်ကို ယှဉ်ပြိုင်တိုက်ခိုက်ရန် မာန်သွင်းလျက် အသင့် အနေ အထားဖြင့် တစ်ဖက် သားကောင်၏ လှုပ်ရှားမှုကို စောင့်နေပုံဖြစ်၏။ ထိုတောခွေး နှစ်ကောင်၏ ဟန်ပန်သဏ္ဌာန်ကို ကြည့်ခြင်းအားဖြင့် တစ် ဖက် သားရဲကောင်ကို နှစ်ကောင် ပူးပေါင်း တိုက်ခိုက်လိုခြင်း မဟုတ်။ သူတို့ထံ ကျရောက်လာမည့် အန္တရာယ်ကို ကာကွယ်ရန် အလို့ငှာလည်း မဟုတ်။ သူတို့ နောက်မှ မျက်လုံးလေး အဝိုင်းသားနှင့် ရှိနေသည့် လူသား မလေးအတွက် အကာအကွယ် ပြုနေဟန် ဖြစ်သည်။

တောခွေးငယ်လေး နှစ်ကောင်သည်ကား ဤသို့နယ် ရန်သူနှင့် တစ်ကြိမ်တစ်ခါမျှ မကြုံခဲ့ဖူး၍ ဖြစ်ချိမ့်မည်။ လွန်မင်းစွာ ကြောက်ရွံ့နေ သည်ကြောင့် မြေကြီးနှင့်ဖင် တရွတ်တိုက် ပွတ်သပ်လျက် ကြောက်လန့် တကြား အော်ညည်းနေခြင်း ဖြစ်တော့၏။

ရသော့ မမ္မပါလသည် ခပ်လှမ်းလှမ်းမှပင် ရပ်ကြည့်နေလျက် သူ လုပ်ရမည့် အလုပ်ကို လုပ်လေတော့၏။

သူ၏ ပစ်မှတ်သည် ခပ်လှမ်းလှမ်းမှပင် ရပ်ကြည့်နေလျက် သူ လုပ်ရမည့် အလုပ်ကို လုပ်လေတော့၏။

သူ၏ ပစ်မှတ်သည် ကျားသစ်ကောင်၊ ထိုကျားသစ်ကောင်ကို



www.burmeseclassic.com

www.burmeseclassic.com



နိမ်နင်းနိုင်လျှင် အားလုံး ပြီးလောက်၏ဟု တွက်မိသည်။

သူ့တွင် စွမ်းအားထက်သော လက်နက်ရှိ၏။ သူ သွားလေရာ ၌ အမြဲမကွာ ဒွန့်တွဲလျက်ရှိသော လက်နက်ကို သူ အသုံးချရတော့ သည်။ ထိုလက်နက်သည်ကား သူ၏နှလုံးအိမ်ထဲတွင် ရှိသည်။ သို့ကြောင့် လို မာန်ဖီနေသော ကျားသစ်ကောင်ကို စူးစူးဝါးဝါး စိုက်ကြည့်၍ သူ၏ လုံးအိမ်တွင်းမှ မေတ္တာလက်နက်ကို ထုတ်၍ ကျားသစ်ကောင်၏ နှလုံး း ရှိရာသို့ ပို့လွှတ်လိုက်တော့၏။

ရသေ့ မေ့ပါလသည် မျက်ဝန်းအစုံကို ပိတ်၍ ကျားသစ်ကောင် သို့ မေတ္တာလက်နက်ကို ဒုရစပ် ပို့လွှတ်လိုက်ခြင်း ဖြစ်၏။

"ဝှီးစ်လ်"

သို့ ကျားသစ်ကောင်၏ မာန်ဖီလိုက်သံကြောင့် ရသေ့မေ့ပါလ ည် ရင်ထိတ်ခနဲ ဖြစ်သွားသည်။

သူ၏ မေတ္တာလက်နက်က အစွမ်းမထက်လို့ပေပဲလား။ သို့ဆို င်ဖြင့် ကျဉ်းထဲ ကြပ်တည်း ရောက်နေသည့် သတ္တဝါတို့၏ အသက်တို့ သူ မကယ်နိုင် ဖြစ်ရချေတော့မည်။

"ဘုရား... ဘုရား... ဘုရား"

သို့နှယ် တီးတိုး ရေရွတ်လျက် မျက်လုံးအစုံကို ဖွင့်ကြည့်လိုက် ။

"ဟာင်!"

ကျားသစ်ကောင်သည် သို့နှယ် မာန်ဖီလိုက်ပြီး နောက်သို့ ချာ ် လှည့်ကာ တောတန်းလေးအတွင်း လှစ်ခနဲ ပြေးဝင်သွားတော့၏။

ခွေးနှစ်ကောင်သည် သူတို့၏ ရဲရဲဝံ့ဝံ့ ရင်ဆိုင်လိုသည့် စိတ် တ်ကြောင့် ကျားသစ်ကောင် မယှဉ်သာ၍ လှည့်ပြေးသွားသည်ဟု တွက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပုံ ရ၏။

"ဝူ... ဝုတ်... ဝုတ်... ဝူ... ဝူ"

သို့နှယ် ကြိမ်းဝါး အော်ဟစ်၍ ကျားသစ်ကောင် ပြေးသွားရာ နောက်သို့ နှစ်ကောင်သား တက်ညီလက်ညီ ပြေးသွားကြတော့၏။

ရသေ့ဓမ္မပါလသည် ထိုခွေးနှစ်ကောင်ကို ငေးကြည့်လျက် ခေါင်းကို သာသာညင်းညင်း ခါလိုက်ပေတော့၏။ ပြီးနောက်–

"မိန်းကလေး... မင်းခွေးတွေဆိုလျှင်ဖြင့်လည်း ပြန်အလာကို မစောင့်လေနဲ့တော့ သူတို့နှစ်ကောင်ဟာ ဘယ်တော့မှ ပြန်လာတော့မှာ မဟုတ်ဘူး... အေး... တစ်ခုတော့ ရှိတယ်။ ဒီ ခွေးသားပေါက်လေး နှစ်ကောင်က ဟိုနှစ်ကောင်ရဲ့ မျိုးဆက်တွေဆိုတော့ မိန်းကလေးအတွက် ကျွေးမွေး စောင့်ရှောက်ရကျိုး နပ်ပါလိမ့်မယ်။ ကျား... ကျားသစ်တို့ကို လွန်မင်းစွာ ကြောက်တတ်တဲ့ တောခွေးတွေက ဘယ်လို ရေစက်ကြောင့် မသိ၊ မိန်းကလေးရဲ့ အသက်ကို သူတို့သဘောနဲ့ သူတို့ ကာကွယ်ပေးပုံ ရလေတော့ သူတို့ မျိုးရိုးက ညံ့လိမ့်မယ် မထင်ဘူး... မဟုတ်ဘူး ဆိုတောင်မှ ဒီသားပေါက်လေး နှစ်ကောင်ကို မိန်းကလေး အနေနဲ့ တစ်ပြန်တစ်လှည့် ကျေးဇူးဆပ်တဲ့ အနေနဲ့ ကျွေးမွေး စောင့်ရှောက်သင့်တယ်..."

ရသေ့ ဓမ္မပါလသည် သို့နှယ် မိန်းကလေးကို ပြောပြီး မိန်းကလေး နားမလည်နိုင်သော ဂါထာတစ်ပုဒ်ကို ရွတ်ဖတ်ပြီး သူ့လက်တွင်းရှိ ကြေးစည်လေးကို "နောင် ဝေ... ဝေ... ဝေ" ရယ်လို့ မြည်အောင် တစ်ဖက်လက်တွင်းရှိ သစ်သားဘုတ်လေးဖြင့် ရိုက်ခတ်လိုက်ပြီး သူ သွားနေကျ လမ်းကြောင်းပေါ်သို့ ပြန်သွားကာ ထိုနေရာလေးမှ ထွက်သွားလေတော့၏။

မိန်းကလေးသည် ထူးဆန်းသော ရသေ့ကြီးကို ကြည့်ပြီး သူ့



www.burmeseclassic.com

www.burmeseclassic.com



ခြံအစုံအောက်တွင် ပျာယာခတ် ပွတ်သီးပွတ်သပ် ကုပ်နေသော တောခွေး
ါက်ငယ် နှမ်ကောင်ကို ကောက်ယူ ... ချီလျက် ထိုနေရာလေးမှ လှစ်
ခနဲ လှည့်ထွက်သွားတော့၏။

ရသေ့ဓမ္မပါလသည် သူ သွားလာနေကျ လမ်းကြောင်းအတိုင်း
လျှောက်ခဲ့ရာမှ အတန်ကြာကြာ ခရီးအပေါက်တွင် ဆင်လမ်းခွဲလေးတစ်ခု
ဆို့ ရောက်ရာ ထို ဆင်လမ်းခွဲလေးထိပ် အရောက်တွင် ဘာရယ်ကြောင့်
သိ၊ ရသေ့ ဓမ္မပါလ၏ စိတ်တွင် ထိတ်ခနဲ ဖြစ်သွားမိသည်ကြောင့် ဖြူး
နေသော ဆင်လမ်းအတိုင်း လှမ်းကဲကြည့်လိုက်၏။

"ဟင်!"

မြင်ရသော မြင်ကွင်းသည် မကောင်း။

ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးကြသည့်ပဲလေ။

တောခွေးသေ နှစ်ကောင်အပေါ် ရှေ့လက်တင်၍ တစ်ကောင်၏
သားစိုင်ကို ကိုက်ဖွဲ့နေသည့် ကျားသစ်ကောင်သည် ရသေ့နှင့် မျက်လုံး
ခြင်း ဆုံလိုက်သည်နှင့် ထိုနေရာလေးမှ ချာခနဲ လှည့်ထွက်သွားတော့၏။

မိုက်လိုက်သည့် တောခွေးနှစ်ကောင်....။

ကျားသစ်ကောင်သည် အကြောင်းကြောင်းကြောင့် သူတို့အား
မီးသာရာပေး လှည့်ထွက်ခဲ့သည်ကို သူတို့၏ အားမာန်သတ္တိကို ကြောက်
သွား၍ လှည့်ပြေးသွားလေခြင်းဟု တွက်ကာ ကိုယ့်ကိုယ်ကို အထင်ကြီး
ကာ ကျားသစ်ကောင်နောက် လိုက်ခဲ့ရာမှ သူတို့အသက် ပေးဆပ်လိုက်
ခြင်း ဖြစ်တော့၏။

ရသေ့ ဓမ္မပါလသည် ထိုတောခွေးနှစ်ကောင်ကို ကြည့်ပြီး ဂါထာ
တစ်ပုဒ်ကို တိုးညှင်းစွာ ရွတ်ဖတ်လိုက်ပြီး လက်တွင်းရှိ ကြေးစည်လေးကို
"ဒေါင်.. ဝေ.. ဝေ.. ဝေ" ရယ်လို့ မြည်အောင် တီးခတ်လိုက်လေတော့

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုနေရာလေးမှ ရသော့ လှည့်ထွက်ခဲ့သည်နှင့် ကျားသစ်ကောင်သည် သူ၏ အစာအလို့ငှာ ခွေးသေ တစ်ကောင်ကို တစ္ဆတ်တိုက် ကိုက်ဆွဲသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ရသေ့ဓမ္မပါလသည် သစ်သီး သစ်ဥများ ဆွတ်ယူခဲ့ပြီး ပြန်လမ်းတစ်လျှောက် ထိုမိန်းကလေးငယ် အကြောင်းကို စဉ်းစားနေမိ၏။

ဘယ်သူလဲ...၊ ဘယ်လိုကြောင့် တောတောင်ထဲ ရောက်နေခဲ့ပါသလဲ။ ရသေ့ဓမ္မပါလ တစ်ယောက် တောမှီ နေထိုင်ခဲ့သည့် လေးငါးနှစ်တာ ကာလတစ်လျှောက် ဤတောတောင် တစ်ဝိုက် တောင်ယာတဲ မပြောလေနှင့်၊ ဆင်စခန်းပင် မရှိဟု သိခဲ့ပြီးပြီ၊ ခရီးသွား အာဂန္တု တစ်ဦးလည်း မဖြစ်နိုင်။ ရသေ့ တွက်ဆကြည့်ရသည်မှာ ဤတောတောင် ဝန်းကျင်သည် သူမနှင့် စိမ်းလှပုံမပေါ်။

မည်သို့ပင်ဆိုစေ သူမ အတွက်တော့ဖြင့် စိုးရိမ်မိသည်တော့ အမှန်။

ထိုနေ့ အဖြစ်အပျက်တွင် သူမနှင့် ကြုံခဲ့ရပြီးနောက် သူမအကြောင်းကို မစဉ်းစားလေတော့။ မေ့မေ့ပျောက်ပျောက် ထားလိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



၏။ သူ၏ ကျောင်းသင်္ခန်းလေးတွင်သာ တရားကျင့်ကြံ အားထုတ်ခြ
အမှုကိုသာ အာရုံစိုက် လုပ်လေတော့၏။

ထိုမိန်းကလေး ကိစ္စနှင့် ပတ်သက်၍ မေ့မေ့ပျောက်ပျော
ထားခဲ့ရာမှ လုံးဝ သတိမရ မေ့ပျောက်သွားတော့၏။

ဤတောတောင် အနီးတစ်ဝိုက်ရှိ ရွာများသို့ပင် အသွားအ
သိပ်မလုပ်တော့ချေ။ အကြောင်းကိစ္စကြီးငယ် ရှိလေမှ သွားလေ၏။

သို့ သူ၏ ကျောင်းသင်္ခန်းလေးမှ ခွာရလေသည့် အချိန်များ
မတော့ တောနေတိရစ္ဆာန် သားရဲကောင်တို့အား မေတ္တာပေးပို့လွှတ်
ရှိ၏။

ထိုတောတောင်အတွင်း ရသေ့မဇ္ဈပါလ နေခဲ့သည့် တစ်လျှေ
မည်သည့် ပြဿနာမှ မရှိခဲ့ဖူးချေ။ သူ၏ မျက်ကွယ်တွင်မတော့ မေ
တတ်ပါချေ။

သည့်နောက်ပိုင်း လေးငါးနှစ် အကြာတွင် ထူးဆန်းသော ပြ
ရပ်အချို့ ထူးထူးခြားခြား မြင်သိကြားလာရတော့၏။

ဝံကောင်တို့ တစ်ကောင်ပြီးတစ်ကောင် သေဆုံးခဲ့တော့၏။ ထူး
ခြားသည်မှာ တောခွေးတို့ ကိုက်ခဲခြင်းကြောင့် သေဆုံးခဲ့ရခြင်း ဖြစ်သည်
ထိုသည်ကား အံ့ဩဖွယ်ပင် မဟုတ်ပါကလား။

ဤတော ဤတောင်တွင် တောခွေးတို့ သောင်းကျန်းချေပြီလော
ဘယ့်တွက် ဝံကောင်တို့သာ သေဆုံးကြရပါသနည်း။

တစ်နေ့ ရသေ့မဇ္ဈပါလသည် သူ၏ ကျောင်းသင်္ခန်းနှင့် မှ
မျှဝေးသော လဟာမငယ်ရွာကလေးမှ အပြန် သူ၏ ကျောင်းသင်္ခန်း
နား အရောက်တွင် သူ၏ ကျောင်းသင်္ခန်းလေးမှာ တောခွေးတ
ဆူညံသော အသံကို ကြားလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုကြောင့်ပါလိမ့်...။ သူမရှိသခိုက် သူ၏ ကျောင်းသခ်န်း တွင် ဘာတွေ ဖြစ်နေပြီလဲ။ သို့ကြောင့် ခပ်သွက်သွက်လေး လျှောက်လာလိုက်၏။

သူ၏ ကျောင်းသခ်န်းလေးသို့ ရောက်သည်တွင် မြင်လိုက်ရသော မြင်ကွင်းကြောင့် အံ့အားသင့်သွားလေတော့၏။

သစ်သီးဝလံတွေပါဟလား။ ဘယ်သူ လာထားသွားတာပါလိမ့်၊ တစ်ခါဖူးမျှ သို့ မဖြစ်ဘူး။

နတ်ဒေဝါတို့ လာထား လောက်အောင်ကလည်း သူ့တွင် ထိုမျှလောက် စွမ်းအားမြင့်သူ မဟုတ်။

သို့ကြောင့် ရသေ့ဓမ္မပါလသည် ကျောင်းသခ်န်းလေး တစ်ဝိုက် လှည့်ပတ်ကြည့်လိုက်၏။

"ဟင်!"

ကျောင်းသခ်န်းလေး နောက်ဘက် မြောင်လေးအတွင်းမှ တောခွေးတစ်အုပ် ပြေးလွှား ထွက်သွားသည်ကို မြင်လိုက်၏။

အလို... ထိုတောခွေးအုပ်ကို ဆိတ်ကျောင်းသလို မောင်းနှင်လိုက်ပါသွားသော မိန်းမပျိုတစ်ယောက်ကို ဖျတ်ခနဲ တွေ့လိုက်သည်ကြောင့် ရသေ့ ဓမ္မပါလသည် လုံးဝ အံ့ဩသွားရသည်ဆိုငြား လွန်ခဲ့သော ငါးနှစ်လောက်က တွေ့ကြုံလိုက်ရသည့် မိန်းကလေး တစ်ယောက်ကို သတိရလိုက်မိ၏။

တောခွေးပေါက် နှစ်ကောင်ကို ပွေ့ပိုက်၍ ထွက်သွားသော မိန်းကလေး၏ ရုပ်သဏ္ဍာန်ကို ကွက်ကွက်ကွင်းကွင်း မြင်ယောင်နေမိတော့၏။

နှစ်အတန်ကြာ မေ့ပျောက်နေသည့် မိန်းကလေးငယ်ကို ယခု တစ်ဖန် မိန်းမပျိုတစ်ယောက် သဏ္ဍာန်ဖြင့် တောခွေးတစ်အုပ်နှင့် ပြန်တွေ့



www.burmeseclassic.com

www.burmeseclassic.com



ရချေပြီ။ သည်တော့မှ ရသေ့ဓမ္မပါလသည် "အော်... ဤတော ဤတော
ထဲတွင် မိန်းမပျိုလေးတစ်ယောက် သက်ရှိထင်ရှား ရှိနေပါသေးကလား
ရယ်လို့ အသိဝင်လာရတော့၏။

သူမနှင့် ယဉ်ပါးနေသော တောချေးတို့သည် ဤတစ်လော
တွင် သေဆုံးခဲ့ကြရသော ဝံကောင်တို့နှင့် ပတ်သက် ယှက်နွယ်ခြင်း ရှိ
ကြသည်လား။

လူသားမနှင့် ရင်းနှီးမှု ရှိနေသော တောချေးတို့သည် ဆိုးသွ
ကြလိမ့်မည်တော့ မဟုတ်။

မည်သို့ပင်ဖြစ်စေ၊ လွန်ခဲ့သော ငါးနှစ်တာကာလက မိန်းက
ငယ် တစ်ယောက် ယနေ့တိုင် မိန်းမပျိုတစ်ယောက် အဖြစ်ကို တောတော
ကြီးထဲတွင် အသက်ရှင် နေထိုင်နေခွင့် ရသေးသည်ကြောင့် ရသေ့ဓမ္မပါ
ဝမ်းသာနေမိသည်တော့ အမှန်။

သို့ကြောင့် ထိုမိန်းမပျိုကို ရည်စူး၍ မေတ္တာပို့သ လိုက်ပြ
"နောင်... ဝေ... ဝေ... ဝေ" ရယ်လို့ မြည်အောင် ကြေးစည်လေးကို
ခတ်လိုက်လေတော့သည်။

ကြေးစည်သံ လွင်လွင်လေးသည် တိုးပင်တိုးခြား ထို ပတ်ဝ
ကျင် တစ်ဝိုက် လေသင့်ရာ လေနှင့်အတူ ပျံ့လွင့်ပါသွားလေတော့သည်။

တစ်နေ့တွင် ရသေ့ ဓမ္မပါလသည် သစ်သီး၊ သစ်ဥ၊ သစ်ဖု
အထွက် ဝါးတောလေးအတွင်း ဝါးခုတ်သမားတစ်ယောက် ဒဏ်ရာ ဒဏ်
ချက် ဗရပွဖြင့် လဲကျ အော်ညည်းနေသည်ဖြစ်၍ အသက်ကယ်ရန် အသို့
ငှာ အနားသွားလိုက်ကာ...

"မင်း ဘယ်လိုဖြစ် ဒဏ်ရာ ရတာတုန်း... မင်း ဘယ်သူ့လု
သွားတာလဲ" ဟု မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"တောခွေးတွေ ဝိုင်းဆွဲတာ"

"အို... ဖြစ်မှ ဖြစ်ရလေ" ဆိုကာ ထိုဝါးခုတ်သမားကို အသက်ကယ်ရန် အလို့ငှာ ဆွဲထူလိုက်သည်တွင် ပြင်းထန်သော ဒဏ်ရာ ဒဏ်ချက်များကြောင့် ဇက်ကျိုးကျ သေဆုံးသွားလေတော့၏။

အလို... တောခွေးတွေ သောင်းကျန်းလှပါကလား။ အချိန်းကောင် စံကောင်တို့တင်မဟုတ် လူသားကိုပင် သတ်ဖြတ်သည်အထိ ဆိုးသွမ်းလာကြပါပကောလား။

ရသေ့ ဓမ္မပါလသည် စိတ်မကောင်းကြီးစွာဖြင့် ထို ဝါးခုတ်သမား အလောင်းကို ထိုနေရာမှာပင် ထားလျက် သရဏဂုံ တင်ပေးလိုက်ပြီး သူ၏ လက်တွင်းရှိ ကြေးစည်လေးကို "နောင်... ဝေ... ဝေ... ဆဲ" ရယ်လို့ မြည်အောင် ထုခတ်လိုက်ပြီး ထိုနေရာလေးမှ ဖြည်းလေးသော ခြေလှမ်းဖြင့် ထွက်ခဲ့လေတော့၏။

သို့ လျှောက်ခဲ့ရင်း ရှေ့ ဝါးတောလေးအတွင်းရှိ ဝါးခုတ်သမား တစ်စုကို အကျိုးအကြောင်း ပြောပြ အကူအညီ တောင်းလိုက်၏။

ဤတော ဤတောင်တွင် သို့ အဖြစ်အပျက်မျိုး တစ်ခါဖူးမျှ မဖြစ်ဘူးချေ။ စံကောင်တို့ မျိုးပြုန်းလုမတတ် ဖြစ်ရုံမက လူသားသည်ပင် ခွေးအတို့၏ သတ်ဖြတ်ခြင်း ခံရလေပြီပဲ။

ဘယ့်တွက် သို့ ဖြစ်ရပါသနည်း။

ယခု ဝါးခုတ်သမားနှင့် သောခွေးတစ်အုပ် မိန်းမပျိုတစ်ဦးတို့ ပတ်သက်မှု ရှိလေသည်လား။

သို့ စဉ်းစားမိလိုက်သည်နှင့် ရသေ့ ဓမ္မပါလတစ်ယောက် စိတ်မကောင်းကြီးစွာ ဖြစ်သွားမိတော့၏။

ထိုနေ့မှစ၍ ကိုးရက် ကိုးညတိုင် အဓိဋ္ဌာန်ပုတီး စိပ်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



အစိဋ္ဌာန် ပြည့်သည့်နေ့တွင် အာဟာရ မှီဝဲရန် အလို့ငှာ ထို ကျောင်းသခ်န်းလေးမှ ထွက်ခဲ့သည်။

အညောင်းအညာပြေ အလို့ငှာ ခရီး ပိုဆန့်ခဲ့၏။

တောတောင်၏ ရနံ့သည် သူ၏စိတ်ကို လန်းဆန်းစေသည်။ သား:ရဲကောင်တို့၏ ဂုနံ့သည် တစ်ရံတစ်ခါ သူ့ထံသို့ လေအသင့်တွင် ပါလာခဲ့ပြား မည်သည့် အန္တရာယ် အရိပ်အရောင်မျှ မမြင်သည်ကြောင့် စိတ်လွတ် ကိုယ်လွတ် လျှောက်ခဲ့လေ၏။

သို့ လျှောက်ခဲ့ရာ လမ်းကြောလေးတစ်ဖက်မှ လှုပ်လှုပ်ရှားရှား ရုန်းရင်း ဆန့်ခတ်သံကြောင့် လမ်းကြောကို သွေဖယ်၍ ထိုအသံလာရာ ချုံနွယ်တို့နောက်ဘက် လှမ်းကဲကြည့်လိုက်၏။

"ဟင်!"

ထင်မှတ်မထားသော မြင်ကွင်း ဖြစ်ချေ၏။

ယောက်ျားသားတစ်ဦးက မိန်းမပျိုလေးကို အဓမ္မကျင့်ကြံရန် ကြိုးစားနေခြင်းပါလား။ ဘယ့်နှယ် တောတောင့်ထဲ သည်ကိစ္စမျိုး ရှိနေရ ပါလိမ့်။

"ခွီး"

ရသေ့သည် လောကီကိစ္စ သူနှင့်မဆိုင်သည် ဖြစ်၍ ထိုနေရာလေး မှ လှည့်အထွက်တွင် လက်ခေါက်မှုတ်သံ ပြင်းပြင်းကို ကြားလိုက်ရပြီး တခဏ်အချိန်ကလေးမှာပင် အလျှိုအလျှို ဘယ်က ရောက်လာမှန်း မသိသော တောခွေးတစ်အုပ်သည် မိန်းမပျိုအား အဓမ္မကျင့်ကြံရန် ကြိုးပမ်းနေသည့် ယောက်ျားသားကို ဝိုင်းဝန်း ကိုက်ခဲကြတော့၏။

မမြင်ရက်စရာ မြင်ကွင်းပါကလား။

"ဘုရား... ဘုရား... ဘုရား" ရယ်လို့ နှုတ်မှ မြွက်ဆိုနေရသေ



www.burmeseclassic.com

www.burmeseclassic.com


တော့၏။

"ရှီး"

လက်ခေါက်မှုတ်သံ စူးစူး တစ်ချက် ပေါ်လာပြီးသည်နှင့် လူရမ်းကား လူသားကို အာသာမမ်းမမ်း ဝိုင်းဝန်း ကိုက်ခဲနေကြသည့် ခွေးတစ်အုပ်သည် ထိုနေရာလေးမှ ရုတ်ခြည်း လှည့်ထွက်ကာ သူရှိရာဘက် မျက်နှာမူ လျှောက်လှမ်းလာသည့် မိန်းမပျိုနောက်သို့ ပြေးလာကြတော့၏။

ရသေ့ ဓမ္မပါလ သဘောပေါက်သွားချေပြီ။

ငြိမ်းငြိမ်းချမ်းချမ်း ရှိသည့် ဤတောတောင်ကို ဖျက်ဆီးနေသည့် တရားခံကို သူသိလိုက်ပေပြီ။

ဝံကောင်တွေ မျိုးပြုန်းလုမတတ် သတ်ဖြတ်ခံရခြင်းသည် ထို မိန်းမပျို စနက် ဖြစ်ချေ၏။

သစ်ခုတ်သမား၊ ဝါးခုတ်သမား သေဆုံးရခြင်းသည်လည်း ထို မိန်းမပျိုကြောင့် ဖြစ်ပေ၏။

ဘယ့်တွက် သို့ သူမ လုပ်ရပါသနည်း။

ရသေ့ဓမ္မပါလ သိလိုချေသည်။ သို့ကြောင့် သူမ လာလမ်းထိပ်မှ နေ၍ တည်တည်ငြိမ်ငြိမ် ရပ်စောင့်နေလိုက်တော့၏။

"ဟင်!"

သူမ၏ သွားလမ်းရှေ့တွင် ပိတ်ရပ်နေသည့် ရသေ့ကို မထင်မှတ်ဘဲ တွေ့လိုက်လေသည်ကြောင့် မိန်းမပျိုသည် ရုတ်ခြည်းရပ်တန့်လိုက်ပြီး ရသေ့ကို တအံ့တသြ ရပ်ကြည့်နေတော့၏။

"မိန်းကလေး မင်းဘာလို့ ဒီလို လုပ်ရတာလဲ"

အပြစ်တင် လေသံဖြင့် မဟုတ်ပေမင့် အပြစ်ကို ပြောပြလိုသည့် လေသံဖြင့် ပြောလိုက်၏။


www.burmeseclassic.com

www.burmeseclassic.com



သူမသည် ဦးခေါင်းကို ငုံ့လျက် ရှိကျိုးစွာ ခေါင်းငိုက်စိုက်ချ ငြိမ်သက်စွာ ရပ်နေလျက် ဖြစ်သည်။

"ရသေ့မေးတာကြားလျှင်ဖြင့် ဖြေပါဦးကွယ်"

သည်တွင် မိန်းမပျိုသည် လေသံ သဲ့သဲ့ဖြင့်...

"ငါ့ကို သူက အခမ္မကြံဖို့ ကြိုးစားလို့" ရယ် ရှက်ကိုး ရှက်ကန်း ပြောလေ၏။

သူမ ပြောသည်ကို ရသေ့ လက်ခံနိုင်သင့်သလောက် လက်ခံ၏။ ဘယ့်တွက်မှု ရသေ့ကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ပင် မဟုတ်လား။

"နို့ပေမင့် အဲဒီလောက်ကြီးတော့ မဖြစ်သင့်ဘူး"

"တောခွေးတွေက လူ့လောက်တော့ ဘယ် စဉ်းစား ချင့်ချိန်နိုင် ကြပါ့မလဲ"

ဒါလည်း ဟုတ်တာပဲ... တောရိုင်း တိရစ္ဆာန်ကောင်တွေ ဆိုတော့ လည်း သခင်ခိုင်းသည်ကို လုပ်ပေးတတ်ခြင်းပဲ ရှိမပေါ့... အကောင်းအဆိုး ဘယ် စဉ်းစား ချင့်ချိန်တတ်ပါ့မလဲ။

"ထားပါလေ... နို့ဖြင့် ဝံကောင်တွေ မျိုးပြုန်းမတတ် ဒီတောထဲ မှာ သတ်ဖြတ်ခံရတဲ့ ကိစ္စ မိန်းကလေးနဲ့ ပတ်သက်နေတယ် မဟုတ်လား"

ရသေ့ အမေးကို မိန်းမပျိုသည် ခေါင်းညိတ်ပြခြင်းသာ ပြု၏။

"ဝံကောင်တွေကတော့ မိန်းကလေးကို အခမ္မပြုကျင့်ဖို့ ကြိုး စားမှာ မဟုတ်ပါဘူး... ဘာကြောင့်များ သတ်ဖြတ်ချင်ရတာလဲ"

"ဒါကတော့ အမေ့အလိုကျပါ"

"ဟော"

သူမ အဖြေကြောင့် ရသေ့ ဓမ္မပါလတစ်ယောက် လွန်စွာ အံ့သြသွားရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ်... အမေ့ အလိုကျတဲ့လား... မိန်းကလေး အမေက ဘာလို့ ဝံကောင်တွေကို မျိုးပြုန်းလုမတတ် သတ်ဖြတ်ချင်ရတာလဲ..."

"အဲဒါတော့ အမေ့ကိုပဲ မေးလို့ရမယ်... ငါက အမေ့သမီး ဆိုတော့ အမေခိုင်းတာ လုပ်ပေးရမှာပဲ... ဝံကောင်တွေကို ကလဲ့စားချေရမယ် လို့ပဲ ပြောဖူးတယ်"

"ဟေ... ဘာကြောင့် ကလဲ့စားချေရတာတဲ့လဲ"

"အဲဒါတော့ အမေ မပြောဘူး... ငါ့ကို အဖေမရှိအောင် ဝံကောင် လုပ်တာတဲ့၊ လူတွေနဲ့ ဝေးရာ ဒီတောတောင်ကြီးထဲမှာ ငါတို့ လာနေရတာ ဝံကောင်ကြောင့်တဲ့... ငါ့မှာ အစ်ကိုတွေ ရှိခဲ့ဖူးတယ်။ အဲဒီ အစ်ကိုတွေနဲ့ ငါ့ကို ခုလို တကွဲတပြားဖြစ်အောင် ဝံကောင် လုပ်တာတဲ့။ ဒါကြောင့် ငါ့ ကို ဝံကောင်ကြီးကြီးငယ်ငယ် တွေ့တဲ့နေရာ သတ်ကို သတ်ရမယ်လို့ပဲ ပြောဖူးတယ်"

"ဟေ"

ရသေ့ ဓမ္မပါလ တစ်ယောက် မိန်းမပျိုကို ကြည့်ပြီး အံ့အားသင့် နေမိတော့၏။

မိန်းမပျိုသည်လည်း တောခွေးတွေနှင့် ဘာထူးမှာနည်း။ အဆိုး အကောင်းကို မဝေခွဲတတ်ပါချေ။

အမေ ခိုင်းသည်အတိုင်း လုပ်ပေးတတ်ခြင်းသာ ရှိ၏။

"ဟုတ်ပြီလေ... မိန်းကလေး ဘယ်မှာနေလဲ ရသေ့ မမေးဘူး။ မေးလည်း ပြောမှာမှ မဟုတ်တာ၊ ငါက ရသေ့ဆိုတော့ကာ လူ့ကိစ္စတွေနဲ့ မပတ်သက်ချင်ဘူး... မပတ်သက်သင့်ဘူး။ အေး.. တစ်ခုပဲ ရသေ့ ပြော ချင်တယ်... ကံ ကံ၏အကျိုးဆိုတာ ရှိတယ်... မကောင်းတာလုပ်လျှင် မကောင်းတာ ဖြစ်မယ်၊ ကောင်းတာ လုပ်လျှင်ဖြင့် ကောင်းတာဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



သို့နှယ်သာ ပြောပြီး ရသေ့ မမွှပါလသည် မိန်းမပျို လုံးဝ နား မလည်နိုင်သော "သဗ္ဗေသတ္တာ အဝေရာဟွန်းတု" ရယ်လို့ ရွတ်ဆိုလိုက် ပြီး သူ့လက်တွင်းရှိ ကြေးစည်လေးကို "နောင်... ဝေ... ဝေ... ဝေ" ရယ် လို့ မြည်အောင် ထုလိုက်လေတော့၏။

မိန်းမပျိုသည် သူမအား ကျောပေး လျှောက်လှမ်းထွက်သွား သည့် ရသေ့၏ ကျောပြင်ကို ငေးကြည့်လျက်မှ တဖြည်းဖြည်း ပီတိပြုံး ပြုံးလာလေတော့၏။

သို့ မိန်းမပျို ပြုံးလိုက်ခြင်းသည် "နောင်... ဝေ... ဝေ... ဝေ" ရယ်လို့ အော်မြည်လာသည့် ကြေးစည်သံလေးကို သဘောကျ၍ ဖြစ်ချေ တော့သည်။

အဃ်လိုကြောင့်ရယ်မသိ၊ ထို ကြေးစည်သံ လွင်လွင်လေးကို မိန်းမပျိုလေးက လွန်မင်းစွာ နှစ်ခြိုက် သဘောကျနေခြင်းပင် ဖြစ်တော့ သည်။

သည့်နောက်... နောင်တစ်လနီးပါး အကြာတွင် ရသေ့ မမွှပါလ သည် မီးလောင်ကုန်း ကျေးရွာသို့ ရောက်သည်တွင် မိန်းမပျိုလေးနှင့် ပက် သက်၍ စိတ်မကောင်းကြီးစွာ ဖြစ်ရပြန်၏။

"ဘာရယ် သူကြီး... မုဆိုးကြီး နားသန် အသတ်ခံရတယ် ဟုတ် လား"

"ဟုတ်တယ် ရသေ့ကြီး... တစ်နေ့ညက သူ့အိမ်ပေါ် တောခွေး တွေ အတင့်ရဲစွာ တက်ကိုက်ကြတာလေ"

"မဖြစ်နိုင်တာ"

ရသေ့ကြီးသည် မိန်းမပျိုဘက်က ကာကွယ်လို၍တော့ မဟုတ် တောခွေးတွေ ရွာတွင်း ဝင်လာပြီး လူနေအိမ်ပေါ်သို့တိုင် အတင့်ရဲစွာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကျူးကျော်တက်ရောက် လူသားကို ဒုက္ခပေးလာကြခြင်းသည် လုံး၀ မဖြစ်နိုင်ဟုတွက်လိုက်၍ ဖြစ်သည်။

"မယုံမရှိနဲ့ ရသေ့ကြီး... ဒီတောခွေးတွေ အင်မတန် ဆိုးသွမ်းအတင့်ရဲလွန်းနေပြီ... စဉ်းစားစရာ တစ်ခုတော့ ရှိတယ် ရသေ့ကြီးရဲ့..."

"ဘာများတုန်း ပြောပါဦး"

"ဒီတောခွေးတွေကို တစ်ယောက် ယောက်က ထိန်းချုပ်ထားပုံရတယ်"

"ဟင်!"

သူကြီး စကားကြောင့် ရသေ့ မေ့ပါလာသည် မိန်းမပျိုလေးနှင့် တောခွေး တစ်အုပ်ကို မျက်စိတွင်း မြင်ယောင်လာတော့၏။

"မိစ္ဆာကောင်မ ထင်ပါရဲ့ဗျာ... ရသေ့ကြီးမို့ ပြောရဦးမယ်... သည့်အရင် အတော်ကြာလောက်က ကျုပ်တို့ရွာ သုသာန်ထဲမှာ ညကြီးသန်းခေါင် ဆံပင်ဖားလျားချ မိန်းမပျိုလေးနဲ့ တောခွေးတစ်အုပ်ကို တွေ့မိသေးတယ်။

"ဟင်!"

"ကျုပ်တော့ မြို့က မိတ်ဆွေ မုဆိုး နှစ်ယောက်ကို လုမ်းအကြောင်းကြားပြီး တောခွေးတစ်အုပ်နဲ့ ပေါင်းပြီး သောင်းကျန်းနေတဲ့ မိန်းမပျိုကို တောနင်းရှာပြီး နှိမ်နင်းဖို့ စီစဉ်ထားတယ်"

"အို"

သူကြီး အစီအစဉ်ကြောင့် ရသေ့ အနည်းငယ်တော့ဖြင့် မိန်းမပျိုအတွက် စိုးရိမ်သွားမိ၏။

ဘယ့်တွက်မူ မိန်းမပျိုသည် နာနာဘာ၀လည်း မဟုတ်၊ ဒုဿီလ ပျောက်ဝိဇ္ဇာလည်း မဟုတ်၊ လူသားစင်စစ် ဖြစ်နေခြင်းကြောင့်ပင်။ သို့



www.burmeseclassic.com

www.burmeseclassic.com



ဆိုပါလျှင် သူကြီး အဖွဲ့နှင့် မိန်းမပျို တစ်နေ့မဟုတ် တစ်နေ့တွင် ထိပ်တိုက် တွေ့နိုင်ပေ၏။ သို့ကြောင့်ပင်–

ထိုနေ့မှာပင် ရသေ့ ဓမ္မပါလ တစ်ယောက် ထိုရွာမှ အပြန်လမ်း ခရီးတစ်လျှောက် သူမ အကြောင်းသာ စဉ်းစားနေမိတော့၏။

မဖြစ်ချေပြီ... သူမနှင့် တွေ့လျှင် သတိပေးရပေဦးမည်။ သူမ၏ လုပ်ရပ်တွေကို ရပ်တန်းက ရပ်နိုင်းရပေဦးတော့မည်။

ကံအားလျော်စွာပင် ရသေ့ ဓမ္မပါလ တစ်ယောက် ထိုနေ့အပြန် ခရီး တောလမ်းလေးပေါ်တွင် မိန်းမပျိုလေးနှင့် မမျှော်လင့်ဘဲ ဆုံရချေတော့၏။

တိုက်တိုက်ဆိုင်ဆိုင် ဆိုသလိုပင် မျက်နှာချင်းဆိုင် ဆုံခဲ့ကြ၏။

"ဟင်! ဘ ရသေ့... ဘယ်က ပြန်လာတာတုန်း "နောင်... ဝေ... ဝေ" ရယ်လို့ မြည်အောင် ကြေးစည်လေးကို ထုပြပါဦး"

ကြေးစည်သံ လွင်လွင်လေးကို သူမ ဘယ့်ကွက် သဘောကျနေရပါသနည်း။

မည်သို့ပင်ဖြစ်စေ သူမကို မေးစရာတွေ၊ ပြောစရာတွေ သူ့ရင်တွင် ရှိနေသဖြင့် လတ်တလော သူမ အကြိုက် လိုက်၍ ပြုလုပ်ပေးပြီးလေမှ မေးရ၊ ပြောရမည်ဟု တွက်လိုက်ကာ ရသေ့ ဓမ္မပါလသည် သူ့ရှေ့လမ်းရှေ့တွင် ရှိုရှိုလေး ခေါင်းငုံ့ကာ ရပ်နေသည့် သူမကို ကြည့်ပြီး နတ်ချစ်ဂါထာကို ရွတ်ဖတ်လိုက်ပြီးနောက် ကြေးစည်လေးကို "နောင်... ဝေ... ဝေ... ဝေ" ရယ်လို့ မြည်အောင် ထုခတ်လိုက်လေတော့၏။

သည်တွင် သူမ၏ မျက်နှာလေးသည် ရွှင်လန်းလာပြီး–

"ရသေ့ကြီးရဲ့ ကြေးစည်သံ လွင်လွင်လေးက အရမ်း နားဝင်ပီယံ ချိုတာပဲနော်" ဟူ၍ ပြောလာသဖြင့် ရသေ့ ဓမ္မပါလသည် ရှုသတ်သမ



www.burmeseclassic.com

www.burmeseclassic.com



ရယ်လို့ပင် လုံးဝ မထင်ရလေအောင် ပီတီ ကလေးတစ်ယောက်နှယ် ဖြစ်နေသည့် မိန်းမပျိုလေးကို ကြည့်ပြီး ဂရုနေလျက်မှ–

"မိန်းကလေး... မင်း ဒီကြေး ညံသံလေးကို အမြဲ ကြားနေချင်လား" ဟု မေးလိုက်၏။

"ဘယ့်နှယ် မေးလိုက်တာပါလိမ့် ရသေ့ကြီးရယ်၊ တောတောင်ရဲ့ တော်လဲသံ၊ သားရဲကောင်တို့ရဲ့ မာန်ဖီသံ၊ တိုက်ခိုက်သတ်ပုတ်သံ။ အော်ညည်းသံတွေဟာ ငါ့တွက် ဘယ်လာ စိတ်ချမ်းသာစရာ အသံတွေ ဖြစ်နိုင်ပါ့မလဲ... ရသေ့ကြီးရဲ့ ကြေးစည်သံ လွင်လွင်လေးက ဘာလို့လဲ မသိဘူး၊ ငါ့စိတ်ကို ကြည်နူးစေတာ အမှန်ပဲ... သာယာနာပျော်ဖွယ်အသံကို မကြားလိုတဲ့သူ ရှိပါ့မလား"

မိန်းမပျိုကို ကြည့်၍ ရသေ့ ကျေနပ် ပီတိ ဖြစ်သွားတော့၏။

"ဟုတ်ပြီလေ... မိန်းကလေး ရသေ့ ကျောင်းသခ်ိန်းကို သိနေတာပဲ... အချိန်အားတိုင်း လာလို့ ရတယ်... ကြေးစည်သံ လွင်လွင်လေးကို ဖိုက်ခတ်ပြရုံမကဘူး။ ဘုရားပြောခဲ့တဲ့ စကားတွေလည်း ပြောပြမယ်"

"ဘာလဲဟင်... ဘုရားဆိုတာ ဘယ်သူလဲ"

သို့ မေးလာသဖြင့် ရသေ့သည် ယဲ့ယဲ့ ပြုံးလိုက်ပြီး–

"ဘုရား... ဟုတ်လား၊ ဘုရားဆိုတာ ခု ဒီတောတောင်ထဲ ရှိတဲ့ သားရဲကောင်တွေ တိရစ္ဆာန်ကောင်တွေ ထက်မက၊ မိန်းကလေးတို့လို သာမန်လူသားတွေထက်တင်မက မြင့်မြတ်တဲ့ သံဃာ၊ ရဟန်းတွေထက် အဆပေါင်းများစွာ ကြီးကျယ် မြင့်မြတ် အနှိုင်းမဲ့တဲ့ ပုဂ္ဂိုလ်ကို ပြောတာပေါ့"

"ရှင်"

"အံ့ဩသွားပြီလား မိန်းကလေး... ဘုရားရှင်ဆိုတာ ... ရသေ့



www.burmeseclassic.com

www.burmeseclassic.com



ပြောတဲ့ ကြီးကျယ် မြင့်မြတ် အနှိုင်းမဲ့ ဆိုတဲ့ စကားနဲ့ တင်စားတာ လော
နဲ့တင် မလုံလောက်နိုင်သေးဘူးကွဲ....."

"အဲလောက်တောင်ပဲလား ရသေ့ကြီး"

မိန်းမပျိုသည် ဘုရားရှင် ဆိုသည်ကို စိတ်ဝင်တစား ရှိသွားဟု
၏။

"ခုကော ရှိသေးလား"

အော်... ဒီကလေးမ ဘာမှ မသိရှာပါကလား၊ အင်းလေ တော
တောင်ထဲမယ် သားရဲ တိရစ္ဆာန်ကောင်တွေနဲ့ ဘဝ အကျိုးပေးအရ တွေ
နေရလေတော့လည်း သူမကို အပြစ်မဆိုရက်ပါချေ။ သို့ကြောင့်–

"ဘယ်ရှိပါ့တော့မလဲကွယ့်... မဟာ သက္ကရာဇ် ၁၄၈ ကဆု
လပြည့်နေ့ကတည်းက ပရိနိဗ္ဗာန် စံခဲ့ပြီလေ..."

"ဘာလဲ ပရိနိဗ္ဗာန်စံတယ် ဆိုတာ"

"အော်... ဟင်း... ဟင်း... ပရိနိဗ္ဗာန် စံတယ် ဆိုတာ သေ
သွားတာကို ပြောတာ"

"အဲလို လုပ်ပါ ရသေ့ကြီးရယ်... ပရိနိဗ္ဗာန် စံတယ်ဆိုတော့
ငါမှ နားမလည်တာ"

"ဟုတ်ဘူး ကလေးမရဲ့... လောကမှာ အမြင့်မြတ်ဆုံး ပုဂ္ဂိုလ်
ဆိုတော့ သေတယ်လို့ မပြောရဘူး။ ပရိနိဗ္ဗာန် စံတယ်လို့ သုံးနှုန်းပြော
တယ်"

မိန်းမပျို နားမလည်သည်မသိ၊ ခေါင်းတော့ တဆတ်ဆတ်
နေလေတော့၏။ ပြီးနောက်–

"ဟုတ်ပါပြီ၊ ရသေ့ကြီး ပြောတဲ့ ဘုရားရှင် ပြောခဲ့တဲ့ တရား
တွေ ငါ့ကို ပြောပြမယ်လား... ငါ့ကို သိစေမယ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်... ခု ကြေးစည်သံ လွင်လွင်လေးထက် သာယာ ာပျော်ဖွယ်ကောင်းတဲ့ စကားသံတွေ ...ါ..."

သို့ ရသေ့ ပြောလိုက်သည်နှင့် မိန်းမပျိုသည် တစ်ချက် တွေ ၍ စဉ်းစားလိုက်ပြီး–

"ဟုတ်ပြီ... ငါ အားတဲ့ အချိန် လာခဲ့မယ်..." ဆိုကာ နေရာမှ ှမ်းထွက်သွားသဖြင့် ရသေ့ ဓမ္မပါလသည် ကပျာကသီ–

"ဟဲ့... မိန်းကလေး နေဦး... နေဦး... ပြောစရာ ရှိတယ်" ဟု န့်တားလိုက်ရတော့သည်။

"ပြောလေ... ရသေ့ကြီး ဘာများတုန်း"

သည်တွင် ရသေ့ ဓမ္မပါလသည် မီးလောင်ကုန်း ရွာသား မုဆိုး ြီး သေဆုံးခြင်းနှင့် ပတ်သက်၍ မိန်းကလေးနှင့် ပတ်သက်မှု ရှိမရှိ းလိုက်၏။ သည်တွင် မိန်းမပျိုသည် အကြီးအကျယ် မျက်နှာပျက်သွား ...

"ဒါ... ဒါ...အမေ့ကိုမေး... အမေခိုင်းလို့ လုပ်ရတာ၊ ငါလည်း ့သေသတ်ချင်ပါဘူး... အမေက ပြောတာ အဲဒီလူက သေသင့်တယ်တဲ့..."

"ဘာလို့လဲ..."

"အဲဒါ... အမေပဲ သိတယ်...." ဆိုကာ ချာခနဲ လှည့်ထွက်သွား တော့သည်။

"ဟင်း!"

သူမ၏ ကျောပြင်ကို ကြည့်၍ ရသေ့ဓမ္မပါလ တစ်ယောက် ဆ်ပြင်းတစ်ချက် ချလိုက်တော့၏။

သူမတွင် အမေ ရှိနေပေလိမ့်မည်။

မိန်းမပျိုစကားအရ မုဆိုးကြီး နားသန် သေဆုံးရခြင်းသည် သူမ

www.burmeseclassic.com

www.burmeseclassic.com



နှင့် ပတ်သက်နေသည်မှာ ထင်ရှားချေပြီ။

ဘာလို့များ တကူးတက မီးလောင်ကုန်း ရွာသွားပြီး လူသတ်ခြင်းကို လုပ်ရတာပါလိမ့်။

သူ့အမေက ဘယ်သူလဲ… ဘယ့်တွက် ဒီလောက် အငြိုးအတေးကြီးနေရတာလဲ…။

သူ့အမေဆိုတာကို တွေ့ချင်စမ်းပါဘိ။ မြင်ချင်စမ်းပါဘိ။ ချင်စမ်းပါဘိ။

"ရသေ့ကြီး အဲလို ပြောလိုက်တော့ မိန်းမပျိုလေးက ရသေ့ကြီးကျောင်းသခ်ိန်းကို လာသေးလား၊ ကြေးစည်သံလေးကို လာနားထောင်သေးလား"

ရသေ့ကြီး စကားဆုံးသည်နှင့် ကျွန်တော် မေးလိုက်၏။ ရသေ့ကြီးပြောသည့် မိန်းမပျိုလေးအကြောင်းသည် စိတ်ဝင်စားစရာပင် ဖြစ်၏။

ကျွန်တော်တို့သည်လည်း ရသေ့ကြီးလိုပင် သူမ၏ နောက်ကွယ်မှ ကြိုးကိုင် ခြယ်လှယ်နေသည့် အမေဖြစ်သူကို လွန်မင်းစွာ စိတ်ဝင်စားမိတော့၏။

"တစ်ခေါက် နှစ်ခေါက်တော့ လာတယ်… ရသေ့ပြောတဲ့ ဘုရားရှင်ရဲ့ တရားတွေကို စိတ်ဝင်စားပုံရတယ်"

ကျွန်တော်သည် ရသေ့ကြီးက သို့နှယ် ပြောလာသဖြင့် လင်းမြင့်လှိုင်ကို အဓိပ္ပာယ်ပါပါ ကြည့်လိုက်၏။

လင်းမြင့်လှိုင်ကလည်း သွားတက်လေးပေါ်ရုံ ပြုံးလျက် ခေါင်းညိတ်ပြလာ၏။ သို့ကြောင့်–

"ရသေ့ကြီး ပြောပုံဆိုလျှင် ဒီကလေးမက စိတ်ရင်းလေး ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ပုံရတယ်။ လူတွေနဲ့ အနေဝေးတော့ လူသားတွေလို စဉ်းစား ဆင်ခြင်တဲ့ တရား နည်းနေတာပဲ ဖြစ်မယ်… ဒါကြောင့် သူ့အမေ ခိုင်းသမျှ သူလိုက် လုပ်နေတာပဲ ဖြစ်မယ်… အဓိက တရားခံက သူ့အမေပဲ ဖြစ်မယ်။ သူ နေတဲ့နေရာ သိလျှင်ဖြင့် သူ့အမေဆိုတာကို တွေ့မယ်၊ သို့ဆိုလျှင်ဖြင့် အားလုံး ပြဿနာတွေ ရှင်းသွားလောက်တယ်'' ဟု ကျွန်တော်က ပြော လိုက်သည်။

ရသေ့ ဓမ္မပါလသည် စဉ်းစားနေပုံရ၏။

မိန်းကလေးအတွက်လည်း စိုးရိမ်ပူပန်ပုံ ရနေ၏။ သို့ကြောင့် ''နက်ဖြန် ဆိုလျှင်ဖြင့် ကျွန်တော်တို့ကို မိန်းမပျိုလေး ရှိလောက်မယ့် နေရာ ကို ညွှန်ပြစမ်းပါ… သူ့ကို ဒုက္ခပေးဖို့ မဟုတ်ပါဘူး။ သူလေး ရသွားတဲ့ ဒဏ်ရာအတွက် စိုးရိမ် ပူပန်လို့ပါ''

သို့ ပြောလိုက်သည်တွင် ရသေ့ ဓမ္မပါလ တစ်ယောက် လုံးဝ ရျက်နှာပျက်သွားတော့၏။

သူမရှိရာ နေရာသို့ လမ်းညွှန်သင့် မညွှန်သင့် စဉ်းစားနေပုံရ၏။

''ရသေ့ကြီးက သူတော်စင်ပါ… အတွေးမချော်ပါနဲ့… ကျွန်တော် တို့ ဒီကလေးမလေးကို တွေ့ချင်တာ သူ ရသွားတဲ့ ဒဏ်ရာကြောင့်ပါ။ ယုံပါ ရသေ့ကြီးရယ်''

သို့နှယ် လင်းမြင့်လှိုင်ကပါ ဝင်ပြောလေ၏။ သည်တော့မှ ရသေ့ ကြီးသည် ညှိုးငယ်သော လေသံဖြင့်–

''ကောင်းပြီလေ… ကိုပိုက်တို့ တစ်ခုတော့ ကတိပေးစေချင် တယ်''

''ဘာများတုန်း ရသေ့ကြီး''

''သူကလေးမှာ အပြစ်မရှိလောက်ဘူးလို့ ရသေ့ ထင်တယ်။ မှား



www.burmeseclassic.com

www.burmeseclassic.com



ယွင်းပြီး မဆုံးဖြတ်သင့်ဘူး..."

"ဗျာ"

"ဟုတ်တယ်... ဒီကလေးမနဲ့ ရသေ့ တွေ့ဖူး၊ ကြုံဖူး၊ စကားပြော ဖူးတာပဲ... ဒီကလေးမရဲ့ အတွင်းစိတ်ကို ရသေ့ သိတယ်။ ကောင်းကောင်း သိတယ်... သူ့အမေဆိုတာ ခိုင်းလို့ လုပ်နေရတာ။ သူလည်း သူခိုင်းနေတဲ့ တောခွေးတွေနဲ့ ဘာထူးမှာလဲ..."

"ကျွန်တော် ကတိပေးပါတယ် ရသေ့ကြီးရယ်... ဒီ မိန်းမပျိုကို ဒုက္ခမပေးပါဘူး... တကယ်ပဲ့ သူ ရသွားတဲ့ ဒဏ်ရာအတွက် စိုးရိမ်လို့ပါ"

သို့ ကျွန်တော်က ပြောလိုက်လေ၏။ သည်တွင်—

"ကောင်းပြီလေ... ကိုပိုက်တို့ အိပ်ချေတော့၊ မနက်စောစော ထကြ၊ ရသေ့ လမ်းညွှန်လိုက်မယ်..."

သို့ပြောကာ ရသေ့မမှုပါလသည် "မောရသုတ်" ကို ရွတ်ဖတ် သရဇ္ဈာယ်လိုက်ပြီး သူ့လက်တွင်းရှိ ကြေးစည်လေးကို "နောင် ဝေ ဝေ— ဝေ" ရယ်လို့ မြည်အောင် ထုခတ်လိုက်ပြီး အမှောင်ထုတွင်း ဝင်သွားလေ တော့၏။

သူ၏ ကျောင်းသင်္ခမ်းတွင် ကျွန်မဘော်တို့အား အိပ်စက်စေပြီး သူကား သစ်တစ်ပင် ခြေရင်းတွင် တစ်ညလုံး တရားထိုင်နေမည် ဖြစ်လေ သည်။ ရသေ့ကြီး ရွတ်ဖတ်သွားသည့် မောရသုတ်သည် မိန်းမပျိုလေး အတွက် ရည်စူး ရွတ်ဖတ်ခြင်း ဖြစ်ချိမ့်မည်။

မောရသုတ်ဆိုသည်မှာ ရာဇဝတ်ဘေးနှင့် တွေ့ကြုံရသည့်အခါ များတွင် ရွတ်ဖတ်ရသော အရံအတားအဖြစ် ဟောကြားသော တရား ဖြစ် ပင် ဖြစ်ချေသည်။

ကျွန်ုပ်တော်တို့သည်လည်း ခဏတဖြုတ် စကား ပြောကြပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက် အိပ်ရာဝင်ခဲ့ကြတော့သည်။

အိပ်ရာဝင်ခဲ့သည် ဆိုငြား ကျွန်တော်သည် အတော်နှင့် အိပ်မပျော်၊ တောခွေးတစ်အုပ်နှင့် မိန်းမပျိုလေး အကြောင်းသာ တွေးနေမိတော့၏။

"ဆရာ့ပိုက် အိပ်လို့ မပျော်ဘူး ထင်တယ်"

ကျွန်တော့် နံဘေးတွင် လဲလျောင်းနေသော ဦးဓာမဏီက ကျွန်တော့်ဘက် မျက်နှာမူ တစ်စောင့်လှည့်လာပြီး မေးလေ၏။

"ဟုတ်တယ် ဖထီ... မိန်းမပျိုလေး အကြောင်းပဲ တွေးနေမိတာ" သို့ ကျွန်တော်က ပြောလိုက်သည်တွင်–

"အင်း... ကျုပ်လည်း ဒီမိန်းကလေး ကိစ္စပဲ တွေးနေမိတယ်။ ဘာလို့များ ဝံကောင်တွေ မျိုးသုဉ်းလောက်အောင် သတ်ဖြတ်နေတာပါလိမ့်၊ ဘာလို့များ မီးလောင်ကုန်းရွာသားတွေကို သတ်ဖြတ်နေပါလိမ့်"

သို့ ကျွန်တော်က ဖထီစကား ကြားလိုက်သည်နှင့် တစ်စုံတစ်ရာကို သတိရလိုက်သည်ကြောင့် လဲလျောင်းနေရာမှ ထ,ထိုင်လိုက်ပြီး–

"ကျွန်တော် တစ်ခု သတိထားမိပြီ ဖထီရဲ့"

"ဆိုပါဦး"

သို့ဆိုကာ ဦးဓာမဏီသည်လည်း လဲလျောင်းနေရာမှ ထလာတော့၏။ ကျွန်တော် ပြောမည့် စကားကို စိတ်ဝင်တစား မျှော်လင့်နေတော့၏။

"စောစောက ဖထီပြောသလို မီးလောင်ကုန်းရွာသားတွေ ဆိုတာ တော့ ဟုတ်တယ်... နို့ပေမင့် ဖထီ ပြောခဲ့ဖူးလို့ သိရတာက ခု သေသွားကြရာတဲ့ သူတွေက အရင်သူကြီး ဦးစိန်ထွားရဲ့ ဆွေမျိုးတော်စပ်သူတွေလို့ ပြောခဲ့တယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်တယ်လေ... နို့ပေမင့် တောထဲမှာ သေတဲ့လူ နှစ်ယော
လောက်က ဦးစိန်ထွားနဲ့ ဘာမှ မတော်စပ်ကြဘူး၊ ပြီးတော့ မှဆိုး
နားသန်ဆိုတာကလည်း သူကြီး ဦးစိန်ထွားနဲ့ ဆွေမျိုးတော်ဖို့ နေနေသာ
ဘာမှ ပတ်သက်တာ မဟုတ်ဘူး။ အဲဒီတော့ ဆရာပိုက် ထင်သလိုလည်း
မဖြစ်နိုင်ဘူး"

ဦးဇာမဏီ ပြောပြသည်မှာလည်း ဟုတ်လို့ နေပြန်၏။

သို့ ဆိုပါလျှင် ဒီကိစ္စသည် မိန်းမပျိုနှင့် ဆုံလေမှ သိရပေတော့မည်။

"တော်ပါပြီ ဖထီရယ်... အိပ်ကြစို့"

အမှန်စာကယ်လည်း ခေါင်းခြောက်လာသည် ဖြစ်၍ သို့နှ
ပြောပြီး ကြမ်းခင်းပေါ် လှဲချအိပ်လိုက်တော့၏။

အတန်ကြာတွင် အိပ်ပျော်သွားတော့၏။

ကျွန်တော် အိပ်ရာမှ နိုးသည်တွင် မိုး စင်စင်လင်းချေပြီ ဖြစ်တော့၏။

ကျွန်တော့်အနားတွင် အိပ်လျက် မည်သူမျှ မရှိ ကြလေတော့
သို့ဖြစ်၍ ကပျာကသီ ထ,ထိုင်ပြီး ဝေ့ဝိုက် ကြည့်လိုက်သည်။

လင်းမြင့်လှိုင်နှင့် ဦးဇာမဏီသည် တဲရှေ့ ထင်းမီးပုံကြီး နံဘေး
တွင် ထိုင်နေကြရာမှ ကျွန်တော် နိုးထလာသည်ကြောင့် လှမ်းကြည့်လာ
ကြပြီး–

"နိုးပလား ကိုပိုက်"

"အိပ်ရေး ဝတယ် မဟုတ်လား" ရယ်လို့ မေးလာကြ၏။

"အေးဗျာ... ဖထီလည်း အသိဘဲ.. မိုးစင်စင် လင်းလို့ အိပ်
ပျော်သွားတယ်..."


www.burmeseclassic.com

www.burmeseclassic.com



သို့ပြောပြီး ရသေ့ကို လှည့်ပတ် ရှာမိလိုက်၏။

"ဘာလဲ... ရသေ့ကို ရှာနေတာလား"

ကျွန်တော့် အရိပ်အကဲကို သိသော လင်းမြင့်လှိုင်က မေးလာ၏။

"ဟုတ်တယ်... ကျွန်တော်တို့ကို ဒီမနက် မိန်းမပျိုလေးရဲ့ နေရာ ပြမယ် ဆိုပြီး ဘယ်ထွက်သွားပြီလဲ မသိ"

"အော်... ဒါလား... ပူမနေပါနဲ့ ကိုပိုက်ရယ်... ရသေ့က ဝေလီဝေလင်းမှာ ထသွားတယ်... ကျွန်တော့်ကို အသေအချာ ပြောပြသွားပါတယ် ဗျာ..."

"အင်း... တော်ပါသေးရဲ့" သို့နှယ်ပြောပြီး ကျွန်တော်သည် သေနတ်ကို ကောက်ယူ၍ လင်းမြင့်လှိုင်တို့နား သွားလိုက်သည်။

"ဘာမှ မစားတော့ဘူးလား၊ ရသေ့ ပေးခဲ့တဲ့ ငှက်ပျောသီးတော့ ရှိတယ်... အဆာပြေ စားလိုက်ပါဦး"

သို့နှယ် ပြောပြီး လင်းမြင့်လှိုင်က တောငှက်ပျော တစ်ဖီးကို လှမ်းပေးလေ၏။

ကျွန်တော်သည် နှစ်လုံးခန့် အခွံနွှာ စားလိုက်ပြီး–

"ဒီလောက် ဆိုလျှင်ဖြင့် ရပြီ... သွားကြစို့" ဟုဆိုကာ ရှေ့မှ လှမ်းထွက်လိုက်သည်တွင်–

"အောင်မာ... ကိုပိုက်က မိန်းမပျိုလေး ဘယ်မှာနေတယ် သိလို့ လား"

သို့နှယ် လင်းမြင့်လှိုင်က ပြုံးထေ့ထေ့ ပြောလေ၏။ ဟုတ်ပါရဲ့– သို့ကြောင့်–

"အင်း... ဟုတ်သား၊ ကိုလင်းက သိတယ်၊ ရှေ့ကသွားဗျာ" ဟုဆိုကာ လင်းမြင့်လှိုင်ကို လမ်းဖယ်ပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သည်တွင် လင်းမြင့်လှိုင်သည် ကျွန်တော့်ကို ပြုံးစေ့စေ့ မျက်နှာပေးဖြင့် ကြည့်ပြီး အနားမှ ပွတ်သပ်ထိခတ် ထွက်သွားလေသည်။

"ခြေသလုံးသားကို ထိရုံနဲ့ အသက်အန္တရာယ် မထိခိုက်လောက်ပါဘူး... စိတ်ငြိမ်ငြိမ် ထားစမ်းပါဗျာ" ဟု ပြောသွားသော လေသံသည် ရိသဲ့သဲ့ အဓိပ္ပာယ်ကို ဖော်ဆောင်နေသည်ဖြစ်၍ ရှက်သွားမိသည်တော့ အမှန်ဖြစ်သည်။ သို့ကြောင့်–

"သူ့ကို စိုးရိမ် လွန်ကဲတာတော့ မဟုတ်ဘူး ကိုလင်းအတွက်" ဟု ပြောလိုက်သည်တွင် လင်းမြင့်လှိုင်က လှည့်၍ ပြုံးလိုက်ပြီး–

"ကျွန်တော့်အတွက်တဲ့လား... ဘာဆိုင်လို့လဲဗျာ... ဟား...ဟား... ဟား...ဟား" ရယ်လို့ လှောင်ရယ် ရယ်နေတော့၏။

"ခက်ရချည်ရဲ့ ကိုလင်းရယ်... သူ့မယ် ရသွားတဲ့ ဒဏ်ရာက ကိုလင်း ပစ်လိုက်တာ မဟုတ်လား၊ အကယ်၍ သူ တစ်စုံတစ်ခု ဖြစ်သွားလျှင် ကိုလင်းမယ် အပြစ် မဖြစ်ပေဘူးလား"

သို့ ကျွန်တော်က ပြောလိုက်၏။

"အင်... ကျွန်တော့်တွက် စိုးရိမ်လို့ ဆိုလျှင်ဖြင့်လည်း ကျေးဇူး အများကြီး တင်ပါတယ်ဗျာ"

သို့နှယ်ပြောပြီး ကျွန်တော့်ကို ပြုံးစေ့စေ့ ကြည့်ပြီး ရှေ့မှ ဆက် လျှောက်သွားလေတော့၏။

သို့ဖြစ်၍ ကျွန်တော်နှင့် ဦးဇာမဏီသည် လင်းမြင့်လှိုင်သွားရာ နောက် လိုက်သွားကြတော့၏။

လင်းမြင့်လှိုင်သည် ရှေ့သို့ကြည့်ကာ လမ်းထွင်ကာ သွားနေပုံ ကြည့်ခြင်းအားဖြင့် ရသေ့ဓမ္မပါလ လမ်းညွှန်ချက်အတိုင်း ရှာဖွေသွားနေခြင်း ဖြစ်ချိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



သည်သို့ဖြင့် ကြောကိုတက်၊ မြောင်ကိုကျော်၊ ချောင်းကိုဖြတ် အလီလီ လျှောက်ခဲ့ကြရာမှ ကြခတ်ဝါးတောလေးသို့ ရောက်လာကြသည်။

ထို ကြခတ်ဝါးတောလေးအတွင်း ဒရယ်လေးတစ်ကောင် တွေ့လိုက်သည်ကြောင့် လင်းမြင့်လှိုင်သည် ရှေ့က သွားနေရာမှ ရပ်လိုက်ပြီး သူ့လက်တွင်းရှိ သေနတ်ဖြင့် ထိုးချိန်ပစ်လိုက်မည် အလုပ်တွင်—

"ကိုလင်း... ကောင်မလေး ရှိလောက်မယ့် နေရာ နီးပြီလား" နီးလျှင်ဖြင့်လည်း ဒရယ်လေးကို ပစ်မနေနဲ့တော့လေ၊ သတိပေးလိုက်သလို ဖြစ်သွားတော့မပေါ့"

သို့ ကျွန်တော်က တိုးတိုး ကပ်ပြောလိုက်သည့်တွင်–

"အင်း... ဟုတ်တယ်ဗျ... ရသေ့ ညွှန်ပြချက်အရ ဆိုလျှင်ဖြင့် ဒီကြခတ်ဝါးတောလေးကနေ တောင်ဘက်ယွန်းယွန်းလောက်မယ် စမ်းချောင်းလေးတစ်ခု တွေ့လိမ့်မယ်တဲ့.... အဲဒီ စမ်းချောင်းလေးအတိုင်း ဆန်တက်လေလျှင်ဖြင့် တောင်စွယ်လေးရဲ့ထိပ်မယ် ဝါးတဲလေးတစ်လုံး တွေ့လိမ့်မယ်... အဲဒီမယ် ရှိနိုင်လောက်တယ်လို့ ပြောတာပဲ"

သို့ပြောပြီး လင်းမြင့်လှိုင်သည် ဒရယ်လေးအား ပစ်ခတ်ရန် ချိန်ရွယ်ထားသည့် သေနတ်ကို ပြန်ရုပ်သိမ်းလိုက်ပြီး ဝါးတောလေးရှိရာ မြေပြန့်သို့ ဆင်းသွားတော့၏။

ဒရယ်လေးသည်လည်း ကျွန်တော်တို့၏ ချိုးချိုးချွတ်ချွတ် လမ်းလျှောက်သံကြောင့် ရုတ်ခြည်း ထွက်ပြေးသွားတော့၏။

"တော်ပါသေးရဲ့" ဒရယ်လေး ပြေးထွက်သွားသည်မှာ စမ်းချောင်းလေးရှိရာ၏ ဆန့်ကျင်ဘက် အရပ်သို့ ဖြစ်သည်ကြောင့် စိတ်အေးသွားရတော့၏။

"ကိုလင်းရေ... ရသေ့ကြီး ပြောခဲ့သလို ဆိုလျှင်ဖြင့် စမ်းချောင်း



www.burmeseclassic.com

www.burmeseclassic.com


လေးအတိုင်း ရေထဲက ဆန်မတက်ဘဲ စမ်းချောင်းလေး နံဘေး ချုံနွယ်တွေကြားကနေ ချောင်းမြောင်းသွားသင့်သဗျ"

သို့ ကျွန်တော် အကြံပေးသည်အတိုင်း လင်းမြင့်လှိုင်သည် ရှေ့မှ သွားနေတော့၏။

လမ်းမဟုတ်သည်ကြောင့် ဆူးချုံတို့ကို ဖယ်ရှား တိုးဝှေ့သွားကြရသည်ဖြစ်၍ အနည်းအကျဉ်းတော့ဖြင့် ဒုက္ခရောက်ကြရ၏။

သို့နှယ် ချုံနွယ်တို့ကို ဖယ်ကာရှားကာ တိုးဝှေ့ကာဖြင့် လျှောက်ခဲ့ကြရာမှ တဲအိမ်လေးကို လှမ်းတွေ့လိုက်ရသည်။

"ဟင်!"

လူရှိပုံမပေါ်။ ကျွန်တော်တို့ လိုက်လာမည်သိ၍ ရှောင်ထွက်သွားလေပြီလား။

"လစ်သွားပြီ ထင်တယ်"

သို့နှယ်ပြောရင်း တဲအိမ်လေးဘက် စူးစိုက်ကြည့်လိုက်သည်။ ကျွန်တော့်နှယ် လင်းမြင့်လှိုင်နှင့် ဦးဇာမဏိသည်လည်း လေ့လာအကဲခတ်နေကြ၏။

"တဲအိမ်တွင်းမှာ လူရှိမရှိတော့ မသိဘူး၊ တဲနောက်ဘက်မယ် တောခွေးတစ်ကောင်ကို တွေ့သဗျ"

"ဟုတ်လား... ကျွန်တော်တော့ ဘာမှ မတွေ့ဘူး... ဘယ်မလဲ"

လင်းမြင့်လှိုင်ကို သို့မေးလျက် ပို၍ စူးစိုက်ကြည့်လိုက်၏။

"တဲနောက်ဘက် ကြိမ်အုံပင်လေး နောက်မှာဗျ... အသေအချာကြည့်ချေ။"

"အာ... ဟုတ်ပြီ တွေ့ပြီ"

အားရဝမ်းသာ ပြောလိုက်၏။ ပြီးနောက်–



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ဆက်လုပ်ကြမလဲ"

ဦးဇာမဏီက တိုးညှင်းစွာ ပြောလေ၏။

"ဖြစ်နိုင်လျှင်တော့ တဲနားရောက်သည်ထိ ကျွန်တော်တို့ကို ဘယ်သူမှ မမြင်စေချင်ဘူး"

သို့ လင်းမြင့်လှိုင်က ပြောလာသလို ကျွန်တော်တို့သည် ရှေ့ဆက်၍ သတိကြီးစွာ ချောင်းမြောင်း တိုးကပ်သွားလိုက်ကြ၏။

သို့ သတိဝီရိယဖြင့် သွားခဲ့ကြပြီး–

"ဝု... ဝု... ဝူး... ဝု"

တောခွေးတစ်ကောင်၏ အသံစူးစူး ပေါ်ထွက်လာသဖြင့် ကျွန်တော်တို့ရှေ့ ချုံပုတ် နောက်ကွယ်သို့ လှမ်းကြည့်လိုက်၏။

"ဟင်!"

ချုံပုတ်နောက်ကွယ်မှ ရုတ်ခြည်း ကျွန်တော်တို့ထံ တိုက်ခိုက်ရန် ခုန်လွှား ထွက်လာသည့် တောခွေးကို လျှပ်တစ်ပြက် မြင်လိုက်ရသဖြင့် ကပျာကသီ လက်တွင်းရှိ သေနတ်ဖြင့် လှမ်းပစ်လိုက်ရတော့၏။

"ဒိန်း"

ချိန်သားကိုက်ပင်... တောခွေးကောင်သည် ကျွန်တော်တို့ထံ ရောက်မလာဘဲ လမ်းခုလတ်တွင် မြေပေါ်သို့ "ဘုတ်" ခနဲ ကျသွားတော့၏။

"အီ... အီ... အီ... အီး"

မြေပေါ်တွင် လူးလိမ့် အော်ညည်းနေတော့၏။

"ဝု... ဝုတ်... ဝု... ဝု..."

"ဝုတ်... ဝုတ်... ဝုတ်... ဝု"

ဟင်... ချုံနွယ်တို့ နောက်ကွယ်မှ တောခွေးတို့ ထွက်လာပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒိန်း" "ဒိန်း" "ဒိန်း"

"ဒိန်း"

"ဒိန်း"

မထူးတော့ချေပြီ။ မာန်ဖီ ပြေးလာသမျှ တောခွေးတို့ကို တရစပ် ပစ်ခတ်လိုက်ရတော့၏။

တော်သေးရဲ့ လူသုံးယောက်၊ သေနတ်သုံးလက်၊ ကျည်အပြည့် ရှိကြပေလို့။

"ရှီး"

ကျွန်တော်တို့ ပစ်ခတ်နေသည့်ကြားမှ စူးရှသော လက်ခေါက်မှုတ်သံ ကြောင့် အသံလာရာကို လှမ်းကြည့်လိုက်ကြသည်။

တဲအိမ်လေးရှေ့တွင် မိန်းမပျိုတစ်ယောက်သည် ကျွန်တော်တို့နှင့် တောခွေးတို့၏ တိုက်ပွဲကို စူးစိုက်ကြည့်နေလေသည်။

ကျွန်တော်တို့အား ရန်ပြုသည့် တောခွေးတို့ မရှိကြလေတော့ချေ သို့ကြောင့် ကျွန်တော်တို့ သုံးယောက်သည် ပေါ်ပေါ်ထင်ထင်ပင် သူရှိရာ သို့ သွက်လက်သော ခြေလှမ်းများဖြင့် သွားလိုက်ကြသည်။

"ရှီး"

"ရှီး"

သူမနှင့် ကျွန်တော်တို့ကြားရှိ မြောင်ကြပ်လေးတွင်း ထိုးဆင်း လိုက်ကြပြီး တောင်စွယ်လေးအတိုင်း တဲအိမ်လေးရှေ့ရှိ သူမထံ သွားလိုက် ကြမည် အလုပ်တွင် လက်ခေါက်မှုတ်သံ ပြင်းရှရှ နှစ်ချက် ကြားလိုက်ရပြီး နောက် ရုတ်ခြည်းဆိုသလို တောင်ကြောစွယ်လေးပေါ်မှ လွန်စွာမှ ကြီးမား လှသော တောခွေးတို့သည် ကျွန်တော်တို့အား တောင်စွယ်လေး အပေါ်သို့ တက်လာ ခွင့် မပေးလေဘဲ ပြေးလွှားတိုက်ခိုက် လာကြပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒိန်း"

"ဒိန်း" "ဒိန်း"

ကျွန်တော်တို့သည်လည်း အလျှင်မပြတ် ခုခံ ကာကွယ်နေရတော့၏။

သို့ ပစ်ခတ်နေရာမှ–

"ကိုပိုက်... ကျွန်တော်တို့ ဒီလိုပဲ ခွေးအ,တွေ ပြေးဝင်အလာကို စောင့်ပြီး ပစ်ခတ်နေမယ့်အစား ဟိုမိန်းကလေးဆီ ပြေးဝင် ဖမ်းချုပ်လျှင်ဖြင့် ကောင်းလိမ့်မယ် ထင်တယ်"

လင်းမြင့်လှိုင်က သို့ အကြံပြုလာ၏။

"အို ရှုပ်ပါတယ်... ဆရာလင်းရယ်.. ဟိုကောင်မကိုပဲ လှမ်းပစ်လိုက်လျှင်ဖြင့် တောခွေးတွေ အလိုလို ပြေးသွားကြလိမ့်မယ်"

ဦးဓာမဏီက စိတ်မရှည်၊ မိန်းမပျိုကို ပစ်ခတ်ဖမ်းဆီးရန်သာ စိတ်ဆန္ဒ ဖြစ်ပေါ်နေ၏။

"အို... အဲလို လုပ်လို့ မဖြစ်ဘူး... မနေ့ကလည်း သူ့ ဒဏ်ရာ အနာတရ ရသွားသေးတယ် မဟုတ်လား။ သူ့ကို အထိအခိုက် အနာတရ မဖြစ်စေချင်ဘူးဗျာ။ စိတ်ရှည်ရှည်ထားပါ ဖထီရယ်... ကျွန်တော်တို့ လက်က ပြေးမလွတ်ပါဘူး"

"ဒိန်း" "ဒိန်း" "ဒိန်း"

"ဒိန်း" "ဒိန်း"

တောခွေးတို့ မျိုးပြုတ်သလောက် ရှိချေပြီ။

"ရှီး"

လက်ခေါက်မှုတ်သံ စူးစူး ကြားရပြန်ချေ၏။

တောခွေးကြီး နှစ်ကောင်သည် သူမနား ရုတ်ခြည်း ရောက်သွား



www.burmeseclassic.com

www.burmeseclassic.com



ကြပြန်၏။

"ကိုလင်း... အဲဒီ နှစ်ဇကောင်ပဲ ရှိတော့တယ် ထင်တယ်"

သို့ပြောရင်း ကျွန်တော်သည် တောင်စွယ်လေးပေါ် တက်သွား လိုက်၏။ ကျွန်တော်နှင့်အတူ လင်းမြင့်လှိုင်နှင့် ဦးဇာမဏီသည်လည်း ကပ်ပါ လာကြ၏။

"ဟင်!"

သူမအနားတွင် အစောင့်အကြပ်အဖြစ် ရှိနေသည့် တောခွေးကြီး နှစ်ကောင်သည် ဖျတ်ခနဲ ရှေ့မှ ဦးဆောင်သွားနေသော ကျွန်တော့်ထံသို့ ခုန်လွှား လာတော့၏။

"ဟာ!"

"ဒိန်း"

"ဒိန်း"

ကျွန်တော်သည် မထင်မှတ်သော တိုက်ခိုက်လာမှုကြောင့် ဘာလုပ်ရမည် မသိ ငေးကြောင်သွားသော်ငြား ကျွန်တော့်နောက်မှ ကပ်ပါလာသည့် လင်းမြင့်လှိုင်နှင့် ဦးဇာမဏီတို့က ကျွန်တော့်အသက်ကို ကယ်လိုက်ကြတော့၏။

"ဘုတ်"

"ဘုတ်"

"ကိန်... ကီ... အိ... အိ"

ကျွန်တော့်ရှေ့ တစ်လံအကွာတွင် တောခွေးကြီးနှစ်ကောင် မြေပေါ်တွင် လူးလွန့်နေကြတော့၏။

"ဟင်!"

ထိုမြင်ကွင်းကို ကြည့်ပြီး မိန်းမပျိုသည် အံ့လေးကိုကြိတ်ကာ



www.burmeseclassic.com

www.burmeseclassic.com



အိမ်တွင်း လှစ်ခနဲ ပြေးဝင်သွားတော့၏။

ကျွန်တော်တို့သည်လည်း တဲအိမ်ရှေ့ ပြေးကပ်လိုက်ကြသည်။ အိမ်ရှေ့မှပင် တဲအတွင်း ချောင်းမြှ း နားစွင့်နေလိုက်ကြ၏။

မည်သည့်အန္တရာယ် ပေါ်ထွက်လာမည် မသိရ၍ ဖြစ်၏။

လက်လွတ်စပယ် အိမ်တွင်း မဝင်ဝံ့ပါချေ။

"ဟင်!"

ကြားလိုက်ရသော အသံကြောင့် လင်းမြင့်လှိုင်၏ မျက်နှာကို း:ကြည့်လိုက်သည်။

လင်းမြင့်လှိုင်က တဲအိမ်တွင်း မဝင်ကြသေးဘဲ နားစွင့်နေရန်သာ ျက်ပြလာသည်ဖြစ်၍ စူးစိုက် နားစွင့်လိုက်ပြန်၏။

"အမေ… အမေ… အမေ… သူတို့ သားကြီးနှစ်ကောင်ကို သတ် တ်ကြပြီ… သမီးကိုလည်း သူတို့ သတ်ကြတော့မယ်… ဟီး… ဟီး…ဟီး… ်… ဟီး… အီး… ဟီး"

မိန်းမပျိုလေး၏ သို့နှယ် ငိုယို ပြောဆိုသံကြောင့်စိတ်မကောင်း သွားရ၏။

မိန်းမပျို၏ အသံအရ တဲအတွင်း သူမနှင့် အမေဖြစ်သူသာလျှင် ှိမည်။ ကျွန်တော်တို့အတွက် မည်သည့် အန္တရာယ်မျှ မရှိနိုင်လောက် ည် သေချာပေပြီ။ သို့ကြောင့် လင်းမြင့်လှိုင်ကို မျက်ရိပ်ပြ၍ လှစ်ခနဲ တွင်း ဝင်လိုက်၏။

သေနတ်ကိုယ်စီတော့ဖြင့် ချိန်တွယ်ထားလိုက်၏။

"ဟင်!"

ကျွန်တော် ကြိုတွက်ထားသလို အမေနှင့်သမီး ဖက်ပွေ့ငိုယို ပြော နေကြခြင်း မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



တဲအိမ် အတွင်းခန်းလေးသည် ရှင်းလို့နေ၏။

မိန်းမသား နှစ်ယောက်သာလျှင် ရှိလိမ့်မည် တွက်ထားပြ အံ့သြစွာ တစ်ယောက်သာ တွေ့လိုက်ရ၏။

တစ်ယောက် ဘယ်ရောက်သွားပြီနည်း။ ထို တဲအိမ်မှ ထွ ပေါက်သည် ကျွန်တော်တို့ ဝင်လာသော အပေါက်သာလျှင် ရှိ၏။

ဘယ်လိုပါလိမ့်။

"ဟား...ဟာ... ဟာ... ဟီး... ဟီး... ဟီ... ဟီး"

သူမ ရူးသွားလေပြီလား၊ စောစောကတင် ပြောဆို ငိုယိုနေ ယခု ကျွန်တော်တို့အား စူးစူးဝါးဝါးကြည့်၍ ရယ်မောနေပြန်၏။

နံဘေးရှိ လင်းမြင့်လှိုင်ကို လှည့်ကြည့်လိုက်၏။

လင်းမြင့်လှိုင်သည် ကျွန်တော့်ကို ပြန်ငဲ့စောင်းကြည့်ပြီး အ သာညှင်းညှင်းခေါင်းခါပြ၏။

သူလည်း နားမလည်၊ မသိတော့ ဆိုသည့်သဘော ဖြစ်၏။

"ဟာ... ဟာ... ဟာ... ဟား.. ဟင်း.. ဟင်း.. ဟင်း ဟ ဖိတ်ကောင် နှင့် မီးလောင်ကုန်း ရွာသူကြီး မဟုတ်လား"

သူမက ဦးဇာမဏီကို ကြည့်၍ သို့ပြောလာသဖြင့် ကျွန်တေ သည် ဦးဇာမဏီကို လှည့်ကြည့်လိုက်၏။

သူ့သမီးအရွယ် မိန်းကလေးက သူ့အား သို့နှယ် ရိုင်းရိုင်းပြ ပြောလာသည်ကြောင့် ဦးဇာမဏီသည် မျက်နှာကြီး ရဲတက်လာပြီး အ လက်တွင်းရှိ သေနတ်ဖြင့် ပစ်သတ်မည် ကြံရွယ်လာသဖြင့် ကျွန်တော ကပျာကသီ သူ့သေနတ်ကို လှမ်းဆွဲလိုက်ပြီး—

"ဖထီ... အဲလို မလုပ်နဲ့လေ" ဟု ပြောလိုက်သည်တွင်—

"လုပ်စမ်းပါစေ... လူသားချင်း ကိုယ်ချင်းစာစိတ် မရှိတဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



ငါ့လင် ငါ့သားကို သတ်သွားတဲ့ တီရစ္ဆာန်ကောင်ဘက်က ဘက်လိုက်တဲ့ သူတွေ။ ဘာအသုံးကျလဲ"

သူမထံမှ သို့စကားဆန်း ကြား..လိုက်ရသည်ကြောင့် ကျွန်တော် ပင် မဟုတ် လင်းမြင့်လှိုင်ကော ဦးဇာမဏီပါ အံ့အားသင့်သွားကြပုံရ၏။

ဘယ်လိုပါလိမ့်... ဒီမိန်းကလေးတွင် တစ်ခုခု ခံစားချက် ရှိနေ နိုင်၏။ သို့ကြောင့်–

"ဖထီ... ဒီမိန်းကလေးရဲ့ အပြောအဆို ဟန်ပန် အမူအရာတ ထူးဆန်းနေတယ်... စိတ်ရှည်ရှည်ထားပြီး မေးစမ်းကြတာပေါ့"

"ဆရာလေး ကျုပ် တစ်ခု သတိရလိုက်ပြီ... နေနေ– ဒီထိ ရှင်းအောင် မေးရမယ်" ဆိုကာ ဦးဇာမဏီသည် သူမအား ထိုးချိန်ထား သည့် သေနတ်ကို လွှဲဖယ်လိုက်ပြီး–

"နေပါဦး... မင်းဘယ်သူလဲ... မင်း ငါ့ကို သိလို့လား" ဟု မေးလိုက်သည်။

"ဟား... ဟား... ဟား... ဟား... မသိဘဲ နေပါ့မလား၊ မီးလောင် ကုန်းကျေးရွာသူကြီး စိန်ထွား မဟုတ်လား"

"ဟင်!"

သူမ၏ သို့အပြောကြောင့် ဦးဇာမဏီတစ်ယောက် ထိတ်လန့် သွားတော့၏။

"ဟုတ်ဘူး... မဟုတ်ဘူး... မင်းပြောတဲ့ သူကြီးစိန်ထွားက သေ တာကြာပြီ..."

"ဟား... ဟား... ဟား... ဟား... လိမ်မနေနဲ့... ညာမနေနဲ့ နင်ဟာ မီးလောင်ကုန်း သူကြီးပဲ... ငါသတ်ဖို့ နင်ဘဲ ကျန်တော့တယ်၊ နင့်ကို သတ်ပြီးလျှင် ငါသေလိုက သေစေတော့၊ မမူတော့ဘူး၊ ငါ့သား၊ ငါ့လင်



www.burmeseclassic.com

www.burmeseclassic.com



အတွက် နင့်ကို ငါသတ်ရမှ ကျေနပ်မယ်၊ အေး.. နင့် ဆွေစဉ်မျိုးဆက် တွေလည်း ငါသတ်ပြီးပြီ… နင့် ညာလက်ရုံးကြီး နွားသန်ကိုလည်း သတ် ပြီးပြီ… ငါ့သမီးက ငါ့စကားနားထောင်တယ် သိလား"

ဦးဇာမဏိကိုသာ ဂရုစိုက် ပြောဆိုနေသော သူမကို ကျွန်တော် သည် သေချာ အကဲခတ် ကြည့်လိုက်၏။

မိန်းမပျိုသည် အသက်မငယ်ပြား၊ သူ၏ ပြောဟန် ဆိုဟန် သည် အသက်ကြီးကြီး မိန်းမကြီးတစ်ယောက်နှယ် ဖြစ်နေ၏။

တစ်ခုခုတော့ဖြင့် မှားယွင်းနေချေပြီ ဖြစ်မည်။

ကြည့်ရသည်မှာ သူမသည် ဦးဇာမဏိကို အတော်ကလေး နာ ကျည်းနေပုံရ၏။ ထိုသည်ကိုတော့ဖြင့် ဦးဇာမဏိ အသိဆုံး ဖြစ်ချိမ့်မည်။

"နေပါဦး… မင်းက ဘယ်သူလဲ… ရှင်းအောင်ပြော"

"ဟာ… ဟာ… ဟာ.. ဟာ.. ဟီး.. ဟီး… ဟီ… ဟီး.. ငါ ဘယ်သူ လဲ ဟုတ်လား၊ နင် မသိယောင်ဆောင် မနေပါနဲ့ စိန်ထွားရယ်… ငါ "မူဂေး"လေ.. ငါ့ယောကျ်ားက "ဟဲလေး" မီးလောင်ကုန်းရွာထိပ်မှာ အေး အေးချမ်းချမ်း တောင်ယာ လုပ်စားနေသူတွေလေ.. ဟား.. ဟား… ဟာ… ဟား.. ဟီး.. ဟီး.. ဟီး… ဟီး…"

သို့နှယ် ပြောဆိုပြီး ရယ်လိုက် ငိုလိုက် ဖြစ်နေလေတော့၏။

"နင် "မူဂေး" ဟုတ်လား၊ ဟဲလေး မိန်းမလား.. တကယ်ပဲ "မူဂေး"လား"

ဦးဇာမဏိတစ်ယောက် မျက်စိ မျက်နှာပျက်ဖြင့် သို့နှယ် မေး လေတော့၏။ ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် တစ်ယောက်ကို တစ် ယောက် ကြည့်၍ ခေါင်းခါပြလိုက်ကြ၏။

"အို… မဖြစ်နိုင်ဘူး… မဖြစ်နိုင်ဘူး" ဆိုကာ ဦးဇာမဏိသည် ထိုအမျိုးသမီးကို ရုတ်တရက် သူ့လက်တွင်းရှိ သေနတ်ဒင်ဖြင့်ဆော်ခန့်



www.burmeseclassic.com

www.burmeseclassic.com



လွဲရိုက်လိုက်တော့၏။

"ဟင်!"

သို့ မိန်းမပျိုတစ်ယောက်ကို ရက်ရက်စက်စက် လုပ်လာလိမ့်မည် မထင်၊ သို့ကြောင့် ဘယ်လိုမှ တားဆီးချိန် မရလိုက်ချေ။

သူမသည် မေ့လဲကျသွားတော့၏။

"ဘယ်လို လုပ်လိုက်တာလဲ ဖထီးရာ"

အပြစ်တင် လေသံဖြင့် ကျွန်တော်က သို့ပြောလိုက်သလို လင်းမြင့်လှိုင်သည်လည်း "ဖထီးက လူကြီးပါဗျာ… အဲလိုတော့ မလုပ်သင့်ပါဘူး" ဟု ပြောလာတော့၏။

ကျွန်တော်တို့ နှစ်ယောက်၏ သူ့အပေါ် အထင်သေး အမြင်သေး အကြည့်တို့ကြားမှ ညှိုးငယ်သော လေသံဖြင့်–

"ဆရာလေးတို့ကို ဒီကိစ္စ နောင်မှ ရှင်းပြပါ့မယ်၊ ခုလို မလုပ်ချင်ဘဲ လုပ်လိုက်ရတာဟာ မူဂေးရဲ့ သမီးလေး အတွက်ပါဗျာ"

"ဟင်!"

"ဘယ်လို"

ကျွန်တော်တို့ ဘယ်လို နားလည်ရတော့မလဲ။

ဦးဇာမဏီသည် မိန်းမပျိုလေးကို ပွေ့ချီ၍ တဲကြမ်းပြင်ပေါ် အသာအယာ ချပေးလိုက်၏။

သတိ ပြန်လည်ရအောင်လည်း ပြုစုပေးနေ၏။

အတန်ကြာတွင် မိန်းမပျိုလေး သတိပြန်ရလာ၏။

ကျွန်တော်တို့အား မျက်လုံးလေး အဝိုင်းသားဖြင့် ညှိုးငယ်စွာ ကြည့်နေရှာ၏။

သူမသည် စောစောကလို ပုံစံမျိုး မဟုတ်။ ဘယ်လိုပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com


"ငါ့ကို နှင်တို့ သတ်ကြတော့မလို့လား"

"အား... ကျွတ်... ကျွတ်... ကျွတ်"

မျက်လုံးလေး အဝိုင်းသားနှင့် မျက်ရည်များကြားမှ မေးလာပြီး နာကျင်ခံစားလိုက်ရဟန်ဖြင့် သို့ အော်ညည်းလျက် ဆန့်ထားသော သူမ၏ ခြေထောက်ကို ရွေးလာသည်ကြောင့် ထိုခြေထောက်ကို ကြည့်လိုက်၏။

"ဟင်!"

"ဟာ!"

ယခုမှ ကျွန်တော်တို့လည်း သတိထားမိသည်။ သူမ ခြေသလုံးသားတွင် ဒဏ်ရာကြီးနှင့်ပါလား။

မနေ့က လင်းမြင့်လှိုင် ပစ်လိုက်သော ကျည်ဆံသည် သူမကို ပြင်းထန်သော ဒဏ်ရာ ရစေခဲ့ပါကလား။

လင်းမြင့်လှိုင်သည် အကောင်ကလေး စိတ်မကောင်း ဖြစ်သွားပုံ ရ၏။

ကျွန်တော်သည်ပင် သူမတွက် နှင့်ခနဲ ခံစားလိုက်ရသည်။

"အမိုး... အမိုး... ငါ့အမိုးကော"

သို့နှယ် ရုတ်တရက် အော်ဟစ်၍ လူးလဲထလာ၏။

"မင်း အမိုး မရှိဘူးလေ"

ဦးဇာမဏီက သို့နှယ် ပြောလိုက်ခြင်း သူမသည် တစ်စုံတစ်ဦးကို ရှာဖွေနေဟန်ဖြင့်–

"ငါ့ အမိုးရှိတယ်... ငါ့ အမိုးရှိ[illegible]။ ငါ့အမိုး ငါ့ကို ခိုင်းတာတွေ ငါ အကုန် လုပ်ပေးတယ်... ငါ့အမိုးက ငါ့နားမှာပဲ ရှိတယ် ဘယ်မှ မသွားဘူး"

သို့နှယ် ပြောရင်း တဲအတွင်း မျက်စိဝေ့ရမ်း ရှာလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးလေမှ... "ဟုတ်ပြီ.. ဟုတ်ပြီ... အမေ ငါ့ကို စိတ်ကောက်ပြီး ပြင်မှာ သွားထိုင်နေပြန်ပြီ ထင်တယ်"

သို့နှယ်ပြောပြီး တဲပြင်သို့ ပြေးထွက်သွားသဖြင့် ကျွန်တော်တို့ ည်လည်း သူမနောက် ပြေးလိုက်သွားကြတော့၏။

"ဟင်!"

တဲခေါင်းရင်းဘက်ရှိ မြေပုံမို့မို့လေးနားတွင် သူမသည် ဆောင့် ကြောင့်ထိုင်လျက်–

"အမိုး... အမိုး... စိတ်မကောက်နဲ့နော်... လာ တဲထဲ ပြန်ဝင်ကြ ယ်" ဟု ပြောနေလေတော့၏။

သို့ မြင်လိုက်ရသော မြင်ကွင်းကြောင့် ကျွန်တော်သည် ရုတ် ရက် ဘာလုပ်ရမည် သိလိုက်ကာ...

"ကလေးမ... မင်းအမိုး တဲထဲ ပြန်ဝင်သွားပြီ လာ... သွားကြ ယ်" ဟုဆိုကာ သူမ၏ ကိုယ်လေးကို ဆွဲမ၍ တဲအိမ်တွင်း ပြန်ခေါ်ခဲ့ ပြီးနောက် ဦးဇာမဏီကို မျက်ရိပ်ပြ၍ သူမကို ချော့မော့ကာ သိပ်လိုက် တော့၏။

သူမ အိပ်ပျော်သွားပြန်တော့လည်း သနားစရာ ကလေးပါ ကလား။ ကျွန်တော်သည် သူမ အိပ်ပျော်နေတုန်း ဦးဇာမဏီကို သူမနား တွင် စောင့်ကြပ် ကြည့်နေစေပြီး လင်းမြင့်လှိုင်ကို ခေါ်၍ တဲခေါင်းရင်း ဘက်ရှိ မြေပုံကို မသင်္ကာသည် ဖြစ်၍ တူးဖော်လိုက်သည်။

"ဟင်!"

"ဟာ"

လွန်မင်းစွာ ထိတ်လန့်သွားတော့၏။

လူသေ အလောင်းတစ်လောင်း ပါကလား။ အရိုးပင် ကျနေပေ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သဘောပေါက်သွားချေပြီ။

မိန်းမပျိုလေး၏ အမိုးဆိုသူ၏ အရိုးစု ဖြစ်ချိမ့်မည်။ ဘေ
ကြောင့် သေဆုံးခဲ့ရသည်တော့ မသိ။

တောနက်ကြီးထဲတွင် သားအမိ နှစ်ယောက် ခွေးတစ်အုပ်
နေထိုင်ခဲ့ကြရာမှ အမေဖြစ်သူ သေဆုံးခဲ့သည့်တွင် သမီး ဖြစ်သူမှာ တေ
နက်ကြီးထဲတွင် တစ်ဦးတည်း ဆက်လက် နေထိုင်ခဲ့ရသည်ကြောင့် ခွေ
လေချောက်ချားကာ သူ့အမေကိုသာလျှင် စွဲလန်း တမ်းတခဲ့ရာမှ သူသ
ပင် အမေဖြစ်လိုက် သမီးဖြစ်လိုက်နှင့် တောနက်ကြီးထဲတွင် ဆက်လ
နေထိုင်ခဲ့ခြင်း ဖြစ်ချိမ့်မည်။

ကျွန်တော်၏ စဉ်းစားတွက်ချက်မှုကို ဦးဇာမဏိနှင့် လင်း
လှိုင်ကို ပြောပြလိုက်၏။

သည်တွင် ဦးဇာမဏိက "ဟုတ်ပြီ... ကျုပ်သိပြီ ဇာတ်ရေ
လည်သွားပြီဗျို့... ဟို အရိုးစုက နော်မူဂေး ဖြစ်မယ်၊ ဒီကလေးမက သူ့
သမီး မလွဲဧကန်ပဲ"

"ဟုတ်ပြီ ဖွထိ ပြောပါဦး"

"ဒီလို ဆရာလေးရဲ့... ကျုပ်တို့ အရင်ရွာသူကြီး ဦးစိန်ဖွား
လက်ထက်မယ် နော်မူဂေးတို့ မိသားစုက မီးလောင်ကုန်း ရွာစပ်မယ်
တောင်ယာ လုပ်ကိုင်စားကြတယ်... တစ်နေ့မယ် တောဝက်ဝံရိုင်း တစ်
ကောင်က ရောက်လာပြီး သူ့သားနှစ်ယောက်နဲ့ သူ့ဧယောက်ျားဖြစ်တဲ့
"ဟဲလေး" ကို သတ်လိုက်တယ်... အရိုင်းကောင်ဆိုတော့ ဘာရယ်မသိ
ရက်ရက်စက်စက် စုတ်ဖြဲ သတ်လိုက်တာ၊ မူဂေးနဲ့ သူ့သမီး ဒီကောင်
မလေးတောင်မှ ရွာထဲ လာနေလို့ ကျန်ခဲ့တာ" သူကြီး စိန်ဖွားကလည်း



www.burmeseclassic.com

www.burmeseclassic.com



အင်မတန် တော်ပါတယ်.. ချက်ချင်းပဲ ရွာခံ မုဆိုးကြီး နားသန်ကို ခေါ်ပြီး အဲဒီလူသတ်ကောင် ဝံကောင်ကြီးကို ရှာကြံ သတ်ပေးခဲ့တယ်။ အဲ တစ်ခု ရှိတာ အဲဒီ ဝံကောင်ကြီးမယ် သားပေါက်လေး တစ်ကောင် ရှိတယ်၊ မုဆိုးကြီးနဲ့ သူကြီးက သားပေါက်ကောင်လေးကို သနားပြီး မသတ်ဘဲ လွှတ်ပေးလိုက်တယ်... အဲဒီမှာ မူဂေးက သူကြီးအပေါ် မကျေမနပ် ဖြစ်တော့တာပဲ... သူ့ရဲ့ လူမမယ် ကလေးနှစ်ယောက်ကိုတော့ ဝံကောင်ကြီးက မညှာမတာ သတ်ခံလိုက်ရပြီး ဝံကောင်ကြီးရဲ့ သားပေါက်ကလေးကျတော့ မသတ်ဘဲ လွှတ်ပေးလိုက်တော့ သူ့စိတ်ထဲမှာ လုံးဝ မကျေမနပ် ဖြစ်သွားပုံ ရတယ်... ဒါကြောင့် မူဂေးနဲ့ သူ့သမီးလေး ဒီကလေးမ လေးနှစ်သမီး အရွယ် ကတည်းက ရွာထဲ မနေတော့ဘဲ ထွက်သွားကြတာ ဘယ်သူမှ မသိလိုက်ကြတော့ဘူး၊ ဒီသားအမိက မူဂေးတို့ဘဲ ဖြစ်မှာပေါ့"

ကျွန်တော်သည် ဖထီ ဦးဇာမဏီပြောသည့် စကားနှင့် ရသေ့ မွေပါလပြောသည့် သူမအကြောင်းကို ဆက်စပ် တွေးလိုက်မိသည်၊ဟုတ်ချေပြီ။

သူကြီးပြောသည့် မူဂေးတို့ သားအမိ ဖြစ်ပေမည်။ သို့ကြောင့်လည်း ဤတောတောင် အတွင်းရှိ ဝံကောင်တို့ကို မျိုးပြုန်းလုမတတ် သတ်ဖြတ်နေကြခြင်း ဖြစ်မည်။

သူမ မကျေနပ်သည့် သူကြီးဦးစိန်ထွား၏ ပတ်သက် ဆက်နွယ်နေသည့် မီးလောင်ကုန်း ရွာသား ဆွေမျိုးများကို သတ်ဖြတ်နေခြင်း ဖြစ်မည်။ မုဆိုး နားသန်ကိုတော့ဖြင့် ဝံပေါက်လေးကို မသတ်ဖြတ်ပေးလေခြင်းကြောင့် မကျေမနပ်ဖြစ်ကာ အငြိုးအတေးထား သတ်ဖြတ်လိုက်ခြင်း ဖြစ်မည်။

အခြား သေဆုံးရသည့် နှစ်ဦးစ သုံးဦးစကတော့ သူမအား မေ



www.burmeseclassic.com

www.burmeseclassic.com



ကားဆော်ကား လှုပ်လာကြခြင်းကြောင့် သတိရခြင်း ဖြစ်ချိမ့်မည်။

သို့နှယ် ကျွန်တော်၏ တွေးတော ယူဆချက်ကို ဦးဇာမဏီနှင့် လင်းမြင့်လှိုင်သည် အပြည့်အဝ လက်ခံကြပေတော့သည်။

မိန်းကလေးကား နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေဆဲ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

သူမအား သတ်ဖြတ်မည့်သူတွေ နောက်မှ ထပ်ကြပ်မကွာ လိုက်လာချေပြီ။ သို့ကြောင့် သူမသည် ဆူးချုံတို့ကြား၊ နွယ်ချုံပုတ်တို့ကြားတိုးဝှေ့ ပြေးလွှားခဲ့ရာမှ ချောင်းရိုးလေးတစ်ခုသို့ ရောက်လာ၏။

မိန်းမပျိုလေး ဖြစ်ခြင်း၊ သေပြေး ရှင်ပြေး... ပြေးခဲ့ရခြင်း ဖြစ်သည်ကြောင့် လွန်မင်းစွာ မောပန်းနွမ်းဟိုက်နေပြီ ဖြစ်သည်။

အမိုး ဘယ်ရောက်နေပါလိမ့်... "အမိုး" "အမိုး" "အမိုး" ရယ်လို့ ငယ်သံပါအောင် အော်ဟစ်ခေါ်လိုက်မိတော့၏။

ဖြစ်လိုရာ ဖြစ်တော့ ဆိုကာ ကျောက်ချောင်းလေးတွင် ညင်သာစွာ စီးဆင်းနေသည့် ရေကြည်ကြည်အေးအေးလေးတွင် တစ်ကိုယ်လုံး နှစ်ချိမ်လိုက်သည်။

သူမ၏ ရေစိုအလှကို တောရိုင်း တိရစ္ဆာန်ကောင်ငွေ့ဘာ အလေးပြု ဂရုထားကြလိမ့်မယ် မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



သူမကိုယ် သူမသည်ပင် ဂရုပြုမိပုံမပေါ်။ အကယ်၍များ ပုရိသ လူသားတစ်ယောက်က တွေ့မိလိုက်ပါမူ လွန်မင်းစွာ နှစ်ခြိုက် သဘောကျ သွားလောက်ပေသည်။

ဖောင်းသင့်သည်ဖောင်း... မို့သင့်သည်မို့... သိမ်သင့်သည်သိမ်၊ အချိုးအစား ကျနလှချေ၏။

လူတို့ ပြောကြသည့် ဒဏ္ဍာရီ ထဲက နတ်သမီးလေးတွေပင် သူမ ကို တငေးတမော ကြည့်ကြလိမ့်မည် ထင်၏။

သူမ၏ ထိုသည် အချိုးအစား ပြေပြစ်လှသည့် အလှအပသည် တကယ်တော့ သူမအတွက်တော့ဖြင့် အန္တရာယ် များလွန်းလှပေတော့၏။ ဒါ ကိုလည်း သူမ မသိ။

သူ့နောက်မှ ထပ်ကြပ်မကွာ လိုက်ပါလာသည့် ရန်သူ မျက်ခြည် ပြတ်လေပြီဟု သူမ တွက်လိုက်မိသည်နှင့် တခဏ်တော့ဖြင့် စိတ်အေးသွား ကာ စိတ်ချမ်းသာသွားတော့၏။ သို့ကြောင့်လည်း ချောင်းရေကြည်ကလေး တွင် အားပါးတရ စိတ်ရှိလက်ရှိ ရေစိမ်နေလိုက်တော့၏။

စိတ် လန်းဆန်းသွားသည်ဖြစ်၍ သူ့နောက် လိုက်လာကြမည့် ရန်သူကိုလည်း သတိမရ။ စောကလေးတင် သူမ အားကိုးတကြီး အော် မာစ်ခေါ်ငင် လိုက်ရှာနေသည့် အမိုးကိုလည်း သတိမရပါတော့ချေ။

သူမသည် ချောင်းရေကြည်အေးအေးလေးတွင် တစ်ဝကြီး ရေစိမ် ပြီးလေသည်နောက် ချောင်းကမ်းပေါ် တက်လိုက်၏။

ရေစိုအင်္ကျီကို ချွတ်၍ ချောင်းကမ်းစပ်တွင် ပေါက်နေသည့် "ကတက်"ပင် အုံပေါ်တွင် လှန်းတင်လိုက်၏။

နေရောင်ခြည် ရှိနေခြင်းကြောင့် သူမသည် ထဘီ ရင်ရှားလျက် နေပူစာ ထိုင်လှုံနေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သို့မှ ရေစိုနေသော ဆံပင်ဖားလျားနှင့် ထဘီသည် ခြောက်သွေ့သွားပေလိမ့်မည်။

သို့ ထိုင်လျက် ချောင်းတစ်ဖက်ကမ်းတွင် ပေါက်နေသည့် မျောက်ချောပင်၏ ကိုင်းလက်တကက် တစ်ခု အဖျားတွင် ပြေးလွှား ဆော့ကစားနေသည့် ရှဉ့်ငပေါ်လေးတစ်ကောင်ကို အားကျစွာ ငေးကြည့်နေမိ၏။

ထိုစဉ်မှာပင် သူမအား နောက်ဘက်မှနေ၍ ကြမ်းတမ်းသော လက်တစ်စုံက ပွေ့ဖက် မ,ယူကာ သွားလေသဖြင့် လန့်ဖျပ် အော်ဟစ်ရုန်းကန်လေတော့၏။

"အား…"

"အား" "လွှတ်… လွှတ်"

မည်သို့မျှ ရုန်းကန်၍မရ လူ့ဘီလူးကြီး လက်တွင်းမှ ကလေးငယ် တစ်ယောက်လို ဖြစ်နေတော့၏။

ချောင်းစပ် ချုံနွယ်တစ်ခု နောက်ကွယ်တွင် သူမကို ပွေ့ချီလာသော လူသည် ပစ်ချလိုက်၏။

"ဟင်!"

သူမ လုံးဝ ထိတ်လန့်သွားတော့၏။ သန်မာသော လူထွားကြီးတစ်ယောက်၊ သစ်ခုတ်သမား လူကြမ်းကြီးတစ်ယောက် ဖြစ်မည်။ လူသားတစ်ယောက် ဖြစ်ငြား အဆီပြန်ကာ ရဲရဲတောက်နေသည့် ထိုလူကြီး၏ မျက်နှာသည် လူ့ဘီလူးကြီးနှယ် ဖြစ်နေ၏။

မည်သို့ပင်ဆိုစေ သူမသည် မိန်းမသားက မိန်းမသားပင်၊ တောတောင်တွင်း အသားတကျ နေထိုင်တတ်ပြီဖြစ်ငြား ယောကျ်ားသားတစ်ယောက်၏ နိုင်ထက်စီးနင်း အဓမ္မပြုမှုခြင်းကို ခံရပေတော့မည်။ အင်အား

www.burmeseclassic.com



ခြင်း မမျှသည်ကိုး။ ရှေ့ဖြစ်လာမည့် အကျိုးဆက်ကို တွေးပြီး သူမသည် ထိတ်လန့်ကြောက်ရွံ့နေမိတော့၏။

မြေပြင်တွင် ပက်လက်အနေအထား ထဘီရင်ရှား လျော့တိလျော့ရဲဖြင့် မျက်လုံးလေး အဝိုင်းသား ဖြစ်နေရှာသည့် သူမ၏ ခန္ဓာကိုယ်ပေါ်သို့ ထိုလူကြီးသည် အုပ်မိုး ဖိကျလာတော့၏။

"အား..."

သူမသည် ထိတ်လန့်တကြား အော်ဟစ်ခြင်းသာလျှင် ပြုနိုင်တော့၏။ တစ်ပြိုင်နက် ဆိုသလိုပင်–

"ရှီး"

လက်ခေါက်မှုတ်သံ စူးစူးရှရှ ထွက်လာသည်နှင့် တစ်ပြိုင်နက်–

"ဝု... ဝု... ဝုတ်... ဝုတ်... ဝု"

"ဝူး... ဝု... ဝူး... ဝုတ်... ဝူး"

"အား..."

"အား..."

သူမအား အစမ္မ ပြုကျင့်ရန် ကြံစည်လာသည့် သစ်ခုတ်သမားလူဘီလူးကြီးသည် ခွေးအုပ်တို့၏ ဝိုင်းဝန်း ကိုက်ခဲ ဆွဲဖွဲ့ကြလေခြင်းကြောင့် လွန်မင်းစွာ နာကျင်ခြင်း ဝေဒနာကို ခံစားလိုက်ရသည်ဖြစ်၍ အသံနက်ကြီးဖြင့် အော်ဟစ်ရင်း သူမကိုယ်ပေါ်မှ ပယ်ကွာ၍ တစ်ဖက် မြေပြင်ပေါ်သို့ လဲကျသွားတော့၏။

သူမ၏ ကိုယ်ပေါ်မှ ဝန်ထုပ်ဝန်ပိုးကြီး လွတ်ကင်းသွားသည်နှင့် ကပျာကယာ ထလိုက်ကာ ထိုလူကြမ်းကြီးကို ကြည့်လိုက်၏။

"ဟာ!"

သူမ သွေးပျက်လုမတတ် ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



တောခွေးရိုင်းတို့သည် ထိုလူကြမ်းကြီးကို အသားငမ်းငမ်း ဝိုင်းဝန်း ကိုက်ခဲ ဆွဲဖဲ့ စားနေကြမတော့၏။

သူမ အသည်းတုန် ရင်တုန် ဖြစ်သွားတော့၏။

သွေးသံရဲရဲဖြင့် ထိုလူကြမ်းကြီး၏ အသားစိုင်ကြီးကို သူမ မကြည့်ဝံ့ပါတော့ချေ။ သို့ကြောင့် မျက်နှာကို တစ်ဖက်သို့ ချာခနဲ လှည့်ပစ်လိုက်တော့၏။

သူမ အသားတို့ တဆတ်ဆတ် တုန်ယင်နေတော့၏။

ကြောက်လွန်း၍ မျက်ရည်တို့ သွင်သွင် စီးကျလေတော့၏။

"ဖိုးမူ"

သို့ ခေါ်လိုက်သံကြောင့် ဆတ်ခနဲ တုန်ယင်သွား၏။

ခေါ်သံလာရာသို့ လှည့်ကြည့်လိုက်၏။

"ဟင်... အမိုး"

"အမိုး" ပါကလား။

အမိုးသည် သူမအတွက် အင်အားဖြစ်သည်။

"အမိုး" ရယ်လို့ ဆိုနှင့် ကြေကွဲစွာ ခေါ်လိုက်ပြီး ပြေးသွား၍ ရင်ခွင်တွင်း ခိုဝင်လိုက်ပြီး အားပါးတရ ချုံးပွဲချ ငိုလိုက်လေတော့သည်။

"ဖိုးမူ... မင်းမယ် သတ္တိတွေ ရှိနေဖို့ လိုတယ်... မင်းကိုယ်မင်း လူသား မိန်းမသား တစ်ယောက်သို့ ဘယ်တော့မှ တွက်မထားသင့်ဘူး၊ မပျော့ညံ့ရဘူး... မသိမ်ငယ်ရဘူး၊ ပြန်စဉ်းစားလိုက်စမ်း၊ သည်တောတောင်ကြီးထဲမှာ သားရဲ တိရစ္ဆာန်တွေ ဘယ်လောက် များသလဲ၊ ခွန်အားဗလကြီးတဲ့ ကောင်တွေတင် မဟုတ်၊ အကောင် သေးပေမင့် အင်မတန် ကြောက်စရာကောင်းတဲ့ မြွေတို့ ကင်းခြေတို့တွေ ကြားမှာ အမိုးတို့ နေလာကြတာ ဆယ်နှစ် ကျော်ပြီလေ... ဘာကြောင့် ဒီလောက် အန္တရာယ်များပြားတဲ့



www.burmeseclassic.com

www.burmeseclassic.com



နေရာဒေသမှာ အမိုးတို့ ဘာကြောင့် အသက်ရှင် နေနိုင်ကြတာလဲ…
ပြောလေ ဖိုးမှူ…”

သူမသည် အမိုး၏ ရင်ခွင်ထဲမှ ခွာထွက်ကာ အမိုး၏ မျက်နှာကို စူးစိုက်ကြည့်၍

“အမိုးကြောင့်”

“အမိုးကြောင့်လို့ မပြောနဲ့လေ ရှင်းအောင်ပြော”

သည်တွင် သူမသည် မိခင်ဖြစ်သူ၏ တည်ငြိမ်ရင့်ကျက်သော မျက်နှာကို ကြည့်၍–

“အမိုးမှာ လူသားမိန်းမ ဖြစ်ပေမင့် ခွန်အားတွေ ရှိတယ်… သတ္တိတွေ ရှိတယ်… ဖြတ်ထိုးဉာဏ်ရှိတယ်”

“အဲဒါတွေ ဘယ်က ရလာတာလဲ”

“အမိုး ဖြတ်သန်းလာရတဲ့ ဘဝမှာ ကြုံခဲ့ရတဲ့ ခံပြင်းမှုတွေ၊ နာကျည်းမှုတွေကနေ ရလာတာလေ… “အမိုး” ပဲ ပြောခဲ့တာ မဟုတ်လား”

သို့ စကား ကြားလိုက်ရသည်ကြောင့် မိခင်ဖြစ်သူသည် သမီးဖြစ်သူ၏ ပါးအစုံကို သူ၏ လက်ဖဝါးဖြင့် ထိကာပွတ်သပ်လိုက်ပြီး ပြုံးပြုံးလေး လုပ်နေလေတော့၏။

သမီးဖြစ်သူ၏ မျက်နှာကို အားပါးတရ ကြည့်လိုက်ပြီးနောက် အားရ ကျေနပ် နှစ်ခြိုက်စွာ ခေါင်းတဆတ်ဆတ် ညိတ်လိုက်လေတော့သည်။

“ကဲ… ဖိုးမှူ… နောင်ဆို မှတ်ထား၊ သွားလေရာ ဒီကောင်တွေကို ခေါ်သွားပေရော့… ပြီးတော့ ခေါင်းထဲမှာလည်း စွဲစွဲမြဲမြဲ မှတ်ထားပြီး၊ အမိုးပြောတဲ့ မင်းအပါးနဲ့ အစ်ကိုတွေကို ရက်ရက်စက်စက် သတ်သွားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဝံကောင်တွေကို မျိုးဖြုတ်ပစ်ဖို့ရယ်... အားကိုးရာမဲ့ အမိုးတို့ သားအမိကို ပစ်ပယ်ထားတဲ့ မီးလောင်ကုန်း ဇာဂူကြီးရဲ့ မျိုးဆက်တွေရယ်၊ မုဆိုး နှားသန်ရယ်ကို ကလဲ့စားချေ သတ်ဖို့ပဲ မှတ်ထား၊ ကိုယ်လုပ်ရမယ့် အလုပ်က ဒါပဲလို့ အမြဲ ခေါင်းထဲမှာ မှတ်ထား"

မိခင်ဖြစ်သူ စကားကြောင့် သူမသည် အံ့ဩသော မျက်နှာဖြင့် သူ့အမိုးကို တစ်ချက် ကြည့်ပြီး မြေပြင်ပေါ်ရှိ သွေးအလိမ်းလိမ်း ဖုံအလိမ်း လိမ်း ဖြစ်နေသည့် လူကြမ်းကြီး၏ သက်မဲ့ ခန္ဓာကိုယ် အတုံးကြီးကို အော နှလုံးနာဖွယ် ကြည့်ပြီး–

"ဟင်... အမိုးပြောတဲ့ အထဲမှာ ဒီလူကြီး မပါဘူးလေ... ဘာဆိုင် လို့ သတ်လိုက်တာလဲ"

"အော်... အဟင်း.. ဟင်း... ဖိုးမှုက တယ်အ,တာကိုး... ဖိုးမှုရဲ့ ဘဝကို ဖျက်ဆီးမယ့်.. ဒီလို လူစားမျိုးကိုလည်း အလွတ်မပေးရဘူးနော်– ဟုတ်လား... မှတ်ထား..."

"အင်း..."

သူမသည် သို့နှယ် ခေါင်းညိတ် နာခံလိုက်တော့၏။

"အော်... ပြောရဦးမယ်... မီးလောင်ကုန်း ရွာထိပ်က သုသာန် မယ် ဖိုးမှုရဲ့ အပါးနဲ့ အစ်ကိုနှစ်ယောက် ရှိတယ်..."

"ဟင်!"

အမိုးဘာလို့ အခုမှ ပြောပါလိမ့်...။

"ဟုတ်တယ် ဖိုးမှု သုသာန်ထဲက တစ်ပင်တည်းသော ကုက္ကိုလ် ပင်အိုကြီးရဲ့ အောက်ခြေမှာ သူတို့ သုံးယောက်ကို မြှုပ်နှံထားတာလေ–"

"ဘာလဲ အမိုး.. အပါးနဲ့ အစ်ကိုတို့ရဲ့ အရိုးစုကို ပြန်ဖော်ပေးရမှာလား"



www.burmeseclassic.com

www.burmeseclassic.com



သို့နှယ် မေးလိုက်သည်ကြောင့် မိခင်ဖြစ်သူသည် ပြူးပြူးပြာပြာ ဖြစ်သွားကာ–

"ဟာ... မဟုတ်ဘူး... မဟုတ်ဘူး ဖိုးမူရယ်.. သွားရင်းလာရင်း ကြုံလျှင်ဖြင့်... ဖိုးမူဝင်ပြီး ဂါရဝပြုဖို့ ပြောတာပါ... သူတို့ သားအဖ သုံးယောက် အဲဒီမှာပဲ အေးအေးချမ်းချမ်း နေကြပါစေ၊ တစ်ကိုယ်ကောင်းဆန် စိတ်နဲ့ အမိုး မလုပ်ရက်ပါဘူး၊ အေး... ဖြစ်နိုင်လျှင်တော့ အမိုးသေရင်.. သူတို့နားမှာပဲ မြှုပ်နှံပေးစေချင်တယ်၊ ဒါကလည်း ဖြစ်ချင်တာကို ပြောတာပါ... ဖြစ်အောင် လုပ်ပေးဖို့ ပြောတာ မဟုတ်ပါဘူး"

သို့ အမိုး၏ စကားသံသည် ဝမ်းနည်း ကြေကွဲသံ စွက်ဖက်လာသည် ဖြစ်သဖြင့် သူမသည် မိခင်ဖြစ်သူကို ပွေ့ဖက်လိုက်၏။

"မာင်!"

အမိုး ဘယ်ရောက်သွားပြီလဲ။ ဟု ဒီ ဝေ့ကြည့်လိုက်၏။ အရိပ်အယောင်ပင် မမြင်ရချေ။

"အမိုး" "အမိုး" "အမိုး..." ရယ်လို့ အော်ဟစ်ခေါ်လိုက်ပြီး ထိုနေရာလေးမှ ပြေးထွက်လိုက်သည်။

"အား..."

သူမသည် ထိုနေရာလေးမှ ပြေးလွှားထွက်ရန် ညာခြေကို ထောက်လှမ်းလိုက်သည်နှင့် လွန်မင်းစွာ နာကျင်မှုကို ခံစားလိုက်ရပြီး လဲပြိုကျသွားတော့၏။

"အား.. ကျွတ်... ကျွတ်... နာလိုက်တာ"

ခြေသလုံးသားရှိ ဒဏ်ရာမှ သွေးသစ်တို့ ယိုစီးကျလာကြ၏။

"မိန်းကလေး မင်းမယ် လုပ်စရာ တစ်ခုပဲ ရှိတော့တယ်"

သို့ စကားသံကြောင့် မော်ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အလို"

မမျှော်လင့်ဘဲ လာတွေ့နေပြီကိုး။ သို့ မမျှော်လင့်ဘဲ တွေ့လိုက်ရခြင်းကြောင့် သူမ ဝမ်းသာသွားသည်တော့ အမှန်။

ဘာကြောင့်ရယ်မသိ၊ သူ၏ လက်တွင်းမှ သက်မဲ့ ပစ္စည်းလေးတစ်ခုကို "နှောင်... ဝေ.. ဝေ.. ဝေ" ရယ်လို့ အော်သံလေးထွက်အောင် လုပ်တတ်၏။ ထိုအသံလေးကို သူမ လွန်မင်းစွာ သဘောကျ၏။ နှစ်ခြိုက်၏။ ထိုအသံလေးကို သူမ ကြားချင်လိုပြီ… သို့ကြောင့်… "ငါ့ကို အဲဒါလေး အသံထွက်လာအောင် လုပ်ပြပါဦး…" ဟု ခယ တောင်းပန်ဟန်ဖြင့် ပြောလိုက်၏။

တကယ်တော့ သူမရှေ့ ရောက်လာသူသည် ရသေ့ဓမ္မပါလ ဖြစ်ချေတော့၏။

သူမ စိတ်ကြွလန်း မြင်နေခြင်း ဖြစ်၏။

သူမ အခါခါ ကြုံဖူး၏။ စကားလက်ဆုံပင် ပြောဖူး၏။ သူ ကြားဖူးနေကျ တိရစ္ဆာန်ကောင်တို့၏ မာန်ဖီ၊ အော်ဟစ်၊ ညည်းတွားသံမျိုးမဟုတ်၊ နားဝင်ချိုလှ၏။

သူ့အမိုးကို ထူးဆန်းသော ထိုလူ့အကြောင်းကို ပြောဖူး၏။ သည်တုန်းက သူ့မိခင်သည် လုံးဝ မျက်စိမျက်နှာ ပျက်သွားတော့၏။ ပြီးနောက်–

"ဖိုးမူ… နင် အဲဒီလူနဲ့ မဆက်ဆံနဲ့တော့… လုံးဝ အဆက်အသွယ်မလုပ်နဲ့တော့"

သို့ ပြောစကားအရ ထိုလူသားသည် သူမအား ဒုက္ခပေးလာမည့်သူလေလားဟု မေးလိုက်တော့လည်း…

"ဟုတ်တယ်" လို့ ပြောလာသည်တွင်–



www.burmeseclassic.com

www.burmeseclassic.com



"နို့ဖြင့်... ဖိုးမှူ ဒီလူ့ကို သတ်ပစ်လိုက်မယ်" ဟု ပြောလိုက်ပြန်တော့လည်း ထိတ်လန့်သွားကာ–

"အို... မလုပ်နဲ့... မလုပ်နဲ့... မသတ်နဲ့"

"အို.. အမိုးကလည်း အမိုးပဲ ပြောဖူးတယ်... ကိုယ့်ဘဝ ဖျက်ဆီးမယ့်သူမျိုးကိုလည်း အလွတ်မပေးရဘူးဆို... ခု ဒီလူကလည်း ဖိုးမှူကို ဒုက္ခပေးလာနိုင်တဲ့သူ ဆိုတော့ အလွတ်ပေးလို့ ဘယ်ဖြစ်ပါ့မလဲ"

သို့ ပြောလိုက်တော့၏။

"ဟုတ်သေးဘူး ဖိုးမှူ... ဒီလူက လူသားတော့ လူသားပဲ... နို့ပေမဲ့ သာမန်လူသား မဟုတ်ဘူး ထူးဆန်းတဲ့ လူသားတစ်ယောက်ပဲ..."

"နို့ဖြင့် ဖိုးမှူက အဲဒီလူနဲ့ အဆက်အသွယ် မလုပ်ရမှာလဲ" နားမလည်စွာဖြင့် မေးလိုက်၏။

"အို... အဲဒါလား... ဒါက ဒီလိုရှိတယ် သမီး... အဲဒီလူက ဒီတောတောင်ထဲ နေထိုင် ကျက်စားတတ်တဲ့ တိရစ္ဆာန်ကောင်တွေ အားလုံးကို ယဉ်ကျေးသိမ်မွေ့အောင် လုပ်နိုင်တယ်... ဒုက္ခဆိုးတွေ ကြားကနေလွတ်မြောက်အောင် လမ်းပြပေးနိုင်တယ်... အဲဒီလိုပဲ ဖိုးမှူကိုလည်း ဖိုးမှူရဲ့ ရှေ့ရေးအတွက်လည်း လမ်းပြပေးနိုင်တယ်"

"ဟင် အမိုးရယ်.. အဲဒါများ ဖိုးမှူနဲ့ အဆက်ဖြတ်ခိုင်းရတယ်လို့"

သူမစကားကြောင့် မိခင်ဖြစ်သူ၏ တစ်ချက် ညှိုးကျသွားပြီး–

"အမိုးရဲ့ စေခိုင်းမှုတွေ ဖိုးမှူ လုပ်ဆောင်မပေးမှာ စိုးရိမ်လို့ပါကွယ်"

"ဘာဆိုင်လဲ အမိုးရယ်၊ ဖိုးမှူက အမိုးရဲ့ သမီးပဲ.. အမိုးခိုင်းတာပဲ လုပ်ရမှာပေါ့..."

သူမစကားကြောင့် မိခင်ဖြစ်သူသည် ခေါင်းကို ခါယမ်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး...

"မဟုတ်သေးဘူး ဖိုးမူ... သူ့မယ် အင်မတန် ကြောက်စရာကောင်းတဲ့ မေတ္တာလက်နက်ဆိုတာ ရှိတယ်... အစွမ်းထက်တဲ့ လက်နက်လို့လည်း ပြောလို့ရတယ်... ဖိုးမူကို သူက အဲဒီလက်နက် ပေးမှာ စိုးရိမ်လို့..."

"အို အမိုးရယ်... အဲဒါ မကောင်းဘူးလား"

"မကောင်းဘူး"

"ဟင်! ဘာဖြစ်လို့လဲ"

"ဖိုးမူကို တာဝန် လွှဲခိုင်းထားတဲ့ အလုပ်တွေက အဲဒီ မေတ္တာလက်နက်နဲ့ သုံးလို့ မရဘူး... သုံးရမယ့် လူစားတွေလည်း မဟုတ်ဘူး။ အိုကွယ်... ဖိုးမူရယ်၊ တောခွေးတွေနဲ့ပဲ တန်တဲ့ လူစားတွေမို့ပဲ။ ဒါကြောင့် အခိုက်အတန့်တော့ဖြင့် ဖိုးမူ အဲဒီပုဂ္ဂိုလ်နဲ့ အဆက်အသွယ် ဖြတ်ပါ... အမိုး ပေးတဲ့ တာဝန်တွေ ပြီးဆုံးတဲ့အခါကျမှ ပြန်ဆက်သွယ်ပါ... ဖိုးမူက မဆက်သွယ်ချင်လျှင်တောင် အမိုးက လိုက်အပ်ရမှာပဲ"

"ရှင်"

သူ့အမိုးစကားကို သူ ကြားယောင်နေမိတော့၏။

အမိုးကား မရှိတော့ချေပြီပဲ။

အမိုး ခိုင်းခဲ့သည်များ သူမအားလုံး နီးပါး လုပ်ပေးခဲ့ပြီး ဖြစ်၏။ အမိုး ကျေနပ်လောက်ပေပြီ။

"အား..."

သူ့ ခေါင်းသလုံးသားမှ ဒဏ်ရာသည် နာကျင် ကိုက်ခဲလာပြန်၏။ ဒဏ်ရာ အနာတရကြောင့် ရှုံ့မဲ့နေသည့် သူမကို ကြည့်ပြီး ထိုပုဂ္ဂိုလ်သည် လေသံ အေးအေးလေးဖြင့်...



www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေး… မင်း ဒီလောက်လေး နာကျင်ခံစားရမှုလေးနဲ့တင် ဝင့်ကြွေး ကြွေပြီလေ… မိန်းကလေး အရမ်း ကံကောင်းတယ်မှတ်… မိန်းကလေး မကောင်းတာ လုပ်ခဲ့တာရှိလို့ မကောင်းတာ ခံစားနေရပြီ… နို့တောင်မှ မိန်းကလေးက အကောင်းအဆိုး နားလည်တာ မဟုတ်ဘူး။ အမေခိုင်းလို့… အမေ့စကား နားထောင်ပြီး အမေ့ကျေးဇူး ဆပ်သူမို့ ဒီလောက်ပဲ တန်ပြန်ခံစားရတာ… ကဲပါလေ… ရသေ့ မိန်းကလေးကို အပြစ် မဖို့ချင်ပါဘူး… မိန်းကလေး ကြားချင်တဲ့ အသံကို ဂရုတစိုက် နားထောင် ပေတော့"

သူမ ကြားချင်သော အသံကို ကြားရပေတော့မည်။

လွှန်မင်းစွာ ဝမ်းမြောက်သွားသည်။

နားစွင့်ထားလိုက်သည်။

"ကဲ… မိန်းကလေး မျက်လုံးအစုံကို မှိတ်ပြီး မင်းကြားချင်တဲ့ အသံလေးကို နားစွင့်နေပေရော့" ဆိုပြီး ရသေ့မှေ့ပါလသည် သူမ နား မလည်နိုင်သည့် ဘုရားရှင်၏ ဆုံးမစာတစ်ခုကို ရွတ်ဖတ်လေတော့၏။ ပြီးနောက်…

"သာဓု… သာဓု… သာဓု" ပြောခိုင်းသည်ကြောင့် သူမသည် သာဓု သုံးကြိမ် ပြောလိုက်ပြီးသည်နှင့် သူမ ကြားချင်လှသော "နောင်… ဝေ… ဝေ… ဝေ… ရယ်လို့ ကြေးစည်သံလေးကြောင့် လွှန်မင်းစွာ ဝမ်း မြောက်ဝမ်းသာ ဖြစ်လျက် မျက်လုံးအစုံကို ဖွင့်လိုက်လေတော့သည်။

"ဟင်!"

ထိုလူကြီး မရှိပါကလား။

ဘယ်ရောက်သွားပါလိမ့်… သူမသည် ပက်လက် အနေအထား၊ လှစိမ်းသုံးယောက်သည် သူမကို ကြင်နာသနားသော အကြည့်ဖြင့် ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေကြ၏။

သူမ တွေ့ကြုံဖူးခဲ့သည့် သစ်ခုတ်သမား လူရမ်းကားတို့၏ မျက်နှာမျိုးများ မဟုတ်။

"မင်း နိုးလာပြီလား"

မင်းရဲ့ သေနတ်ဒဏ်ရာကို ဆေးကြောသန့်စင် ဆေးဝါး ထည့်ပြီး ပြီ.. ဒီဒဏ်ရာအတွက် ဘာမှ ပူပင်စရာ မလိုတော့ဘူး"

"မင်း တစ်ခုခု ထစားလိုက်ဦးကွဲ့"

ထိုသူတို့ထံမှ ထွက်ပေါ်လာသည့် စကားသံတို့သည် သူမ အတွက် ခွန်အား ဖြစ်စေ၏။ သူမ၏ နှလုံးသားကို ရင်ဖို လှုပ်ခတ်သွားစေ၏။ သို့ကြောင့် သူမ၏ မျက်ဝန်းမှ မျက်ရည်တို့ပင် စို့ထွက် စီးကျလာတော့၏။

"အမိုး"

"အမိုး" "အမိုး"

အမိုးကို မတွေ့ပေမင့် အမိုးကို တမ်းတခေါ်လိုက်မိတော့၏။

"မိန်းကလေးခမျာ သနားစရာလေးပါဗျာ"

အိပ်ရေးဝအောင် အိပ်လိုက်ရ၍ တဒင်္ဂ အိပ်ပျော်နေချိန် စိတ်ငြိမ် သွား၍ ဖြစ်မည်။ မိန်းကလေး အိပ်ရာမှ နိုးထလာချိန်တွင် စိတ်ကြည်လင် လန်းဆန်းနေပုံ ရ၏။

သူမ မျက်ဝန်းမှ စီးကျလာသည့် မျက်ရည်စတို့သည် ကျွန်တော် တို့၏ ကြင်ကြင်နာနာ ယုယုယယ ပြောလိုက်ကြသည့် စကားလေးသံ ကြောင့် ဖြစ်ချိမ့်မည်။

နောက်တစ်နေ့ နံနက်တွင် ကျွန်တော်တို့သည် ထိုမိန်းကလေး ကို မီးလောင်ကုန်းကျေးရွာသို့ ခေါ်ယာပြီး တဖန် နောက်နေ့တွင် ရန်ကုန်



www.burmeseclassic.com

www.burmeseclassic.com



မြို့ကြီးသို့ ဆက်လက် ခေါ်လာကြသည်။

ကျွန်တော်နှင့် လင်းမြင့်လှိုင်တို့၏ အသိမိတ်ဆွေ စိတ်ရောဂါ အထူးကု ဆရာဝန်ကြီးသို့ အပ်နှံလိုက်တော့၏။

ဆရာဝန်ကြီး၏ နှစ်ရှည်လများ ဂရုတစိုက် ကုသပေးမှုကြောင့် ကျန်းမာရေး ကောင်းလာတော့၏။

သည်တွင် ဆရာဝန်ကြီးက သူတို့လင်မယားတွင် အသက်အရွယ် အိုမင်းလာခြင်း၊ သားသမီး မထွန်းကားခဲ့ခြင်းကြောင့် သူမအပေါ် သံယောဇဉ်လည်း တွယ်နေပြီဖြစ်၍ မီးလောင်ကုန်း ကျေးရွာသူကြီး ဦးဇာမဏိ အပါအဝင် ကျွန်တော်တို့နှင့် တိုင်ပင်ကာ မိန်းကလေးကို အပြီးအပိုင် မွေးစားလိုက်လေတော့သည်။

မည်သူမျှ ထင်မှတ်မထားသော မီးလောင်ကုန်း ရွာသူ တစ်ယောက်၏ ကံကြမ္မာလေးပင် ဖြစ်ချေတော့သည်။

ကိုပိုက်

၆–၈–၂၀၀၃

(ဟီရိုရှီးမားနေ့)

www.burmeseclassic.com